# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့ ... ၁၉၅၇ ဖေဖြို ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**စိုးရိမ်ကြောင့်ကြမှုမရှိ**

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်း မရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင် ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်းမပြုရာ၊ မရဏာနုဿတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ပီယဝဂ်(ဓမ္မပဒ-၂၁၂)


၁၃၇၉ ခုနှစ် ပြာသိုလဆန်း ၁၁ ရက်၊ ကြာသပတေးနေ့။ Thursday, 28 December 2017 ၉၁၅၂


## နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ပိုလန်နိုင်ငံ သံအမတ်ကြီးနှင့် စင်ကာပူနိုင်ငံ သံအမတ်ကြီးတို့ သံအမတ်ခန့်အပ်လွှာ ပေးအပ်


စာမျက်နှာ - ၃


## သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ ဦးဆောင်သော သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြုအဖွဲ့မှ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်အတွင်းရှိ ပြည်သူများအတွက် လူနာတင်ယာဉ်၊ အဝတ်အထည်နှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်း


စာမျက်နှာ - ၁၀


# အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဇနီး ဒေါ်ခင်ကြည် ကွယ်လွန်ခြင်း (၂၉) နှစ်ပြည့် နှစ်ပတ်လည် ဆွမ်းကျွေးအလှူနှင့် ဘာသာပေါင်းစုံဆုတောင်းပွဲ ကျင်းပ



အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဇနီး ဒေါ်ခင်ကြည် ကွယ်လွန်ခြင်း (၂၉) နှစ်ပြည့် နှစ်ပတ်လည် ဆွမ်းကျွေးအလှူတွင် ချမ်းမြေ့ရိပ်သာဆရာတော် အရှင်ဇနကာဘိဝံသ အမှူးပြုသော သံဃာတော်များအား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆွမ်းဆက်ကပ်စဉ်။

**ရန်ကုန် ဒီဇင်ဘာ ၂၇**

အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဇနီး ဒေါ်ခင်ကြည် ကွယ်လွန်ခြင်း (၂၉) နှစ်ပြည့် နှစ်ပတ်လည် ဆွမ်းကျွေး အလှူကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်း အမှတ်(၅၄)ရှိ သမီးဖြစ်သူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်၌ ပြုလုပ်သည်။

**အနုမောဒနာတရား နာယူ**

နှစ်ပတ်လည်ဆွမ်းကျွေးအလှူတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မိခင်ကြီး ဒေါ်ခင်ကြည်အား ရည်စူး၍ ချမ်းမြေ့ရိပ်သာ ဆရာတော် အရှင်ဇနကာဘိဝံသ အမှူးပြုသော သံဃာတော် ၁၅ ပါးတို့အား ပင့်ဖိတ်ကာ ဆွမ်းနှင့် သင်္ကန်းများ ဆက်ကပ်လှူဒါန်းပြီး အနုမောဒနာတရား နာယူသည်။

**ဆုတောင်းမေတ္တာများ ပို့သ**

မွန်းလွဲပိုင်းတွင် ဘာသာပေါင်းစုံမှ ဘာသာရေးခေါင်းဆောင်များက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ မိခင်ကြီး ဒေါ်ခင်ကြည်အတွက် ဘာသာအလိုက် အောက်မေ့ဖွယ်ရာ ဆုတောင်းမေတ္တာများ ပို့သကြသည်။

**ဘာသာပေါင်းစုံ ဆုတောင်း**

ဘာသာပေါင်းစုံဆုတောင်းခြင်း အခမ်းအနားတွင် ဟိန္ဒူဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဂျူးဘာသာ၊ ဗဟာအီဘာသာတို့မှ ဘာသာရေးခေါင်းဆောင်များက မေတ္တာစကားပြောကြားခြင်းနှင့် ဆုတောင်းမေတ္တာ ပို့သခြင်းများကိုလည်း ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




ကြေးမုံ

# နိုင်ငံ့အကျိုးစီးပွားကို မိမိတို့ကိုယ်တိုင်ဖော်ဆောင်

မြန်မာနိုင်ငံအပေါ် အင်အားကြီးနိုင်ငံများနှင့် အဖွဲ့အစည်းများက စွပ်စွဲပြစ်တင်ခြင်း၊ အကျပ်ကိုင်ဖိအားပေးခြင်းတို့သည် ယခုကာလမှသာ ပေါ်ပေါက်လာသည်မဟုတ်၊ လွတ်လပ်ရေးမရမီ အစောပိုင်းကာလ မြန်မာနိုင်ငံတွင် ကိုလိုနီနယ်ချဲ့တို့ စတင်အခြေချလာသည့်အချိန်မှစ၍ ဖြစ်ပေါ်ခဲ့သည်။ အင်အားရှိသောအခါတွင် ဒူးထောက်ခစား၊ လက်ဆောင်များနှင့် အရိုအသေပြုဆက်ဆံကြပြီး အင်အားနည်းသောအခါတွင် မရိုမသေ မလေးမခန့်ဆက်ဆံကာ စွပ်စွဲပြစ်တင် အကျပ်ကိုင်ဖိအားပေးပြီး ကျူးကျော်နယ်ချဲ့ရေးအထိ စွက်ဖက်ခဲ့သည့် အစဉ်အလာများ မြန်မာ့သမိုင်းတွင် အထင်အရှားတွေ့နိုင်သည်။

မျက်မှောက်ကာလ မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသော အရေးကိစ္စများမှာလည်း ဤသို့ဤပုံဖြစ်သည်။ အကြိမ်ကြိမ်အခါခါ အနာတရဖြစ်စေခဲ့သော မြန်မာနိုင်ငံအဖို့ ဤအရေးကိစ္စများနှင့်ပတ်သက်၍ အထူးအဆန်းပင် မဟုတ်ချင်တော့ပေ။ တစ်ခါလာလည်း မဲပြာပုဆိုးနှင့် အသံကောင်းဟစ်နေကြသည်မှာ ကိုယ့်အမျိုး၊ ကိုယ့်အကျိုးစီးပွားရည်ရွယ်ချက်ကို ရှေးရှုနေသဖြင့် ခေတ်သစ်ကိုလိုနီဟုပင် ဆိုရမလိုဖြစ်သည်။

မိမိနိုင်ငံအတွင်း ပေါ်ပေါက်ခဲ့သည့်အရေးကိစ္စကို အကြောင်းပြု၍ ပြည်ပနိုင်ငံများ၏ စွပ်စွဲပြစ်တင်မှုအပေါ် အမိန့်ချမှတ်သည်မှာ သဘာဝမကျသဖြင့် လက်ခံနိုင်စရာအကြောင်းမရှိချေ။ ၁၉၄၆ ခုနှစ် ဇွန်လ ၇ ရက်နေ့က ဘိလပ်ပါလီမန်တွင် ကွန်ဆာဗေးတစ်အမတ်နှင့် လေဘာအမတ်တို့က ဗိုလ်ချုပ်အောင်ဆန်းနှင့် ပြည်သူ့ရဲဘော်တပ်ဖွဲ့အပေါ် စွပ်စွဲပြစ်တင်ပြောဆိုလိုက်ခြင်းအား ဗိုလ်ချုပ်အောင်ဆန်းက ဇွန်လ ၁၀ ရက်နေ့တွင် ဘိလပ်သို့ ကြေးနန်းရိုက်၍ ကန့်ကွက်သည်မှာ မှတ်သားစရာဖြစ်သည်။

"ပြည်သူ့ရဲဘော်တပ်ဖွဲ့သည် တစ်သီးပုဂ္ဂလမဟုတ်၊ ဗိုလ်ချုပ်အောင်ဆန်း၏ နောက်လိုက်များက နယ်ခြား၌ ခြိမ်းခြောက်ပြီး နိုင်ငံရေးအစည်းအဝေးများကို ဖျက်ပစ်သည်ဟူ၍ အမတ်ဂါးမင်း စွပ်စွဲချက်မှာ လုံးဝမမှန်၊ ဘိလပ်ဆိုင်ရာ အာဏာပိုင်များ ကိုယ်တိုင်က မြန်မာပြည်တွင် ဖြစ်ပျက်နေသော အခြေအနေကို 'ရဲလျှင်' စုံစမ်းပါ"ဟူ၍ ဗိုလ်ချုပ်အောင်ဆန်းက ပြတ်ပြတ်သားသား ကန့်ကွက်ပြောကြားခဲ့သည်။

ဒီဇင်ဘာလ ၂၄ ရက်နေ့က ကုလသမဂ္ဂအထွေထွေညီလာခံတွင် အစ္စလာမ့်စ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အိုအိုင်စီ)က မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေ ခေါင်းစဉ်ဖြင့် အဆိုဦးဆောင်တင်သွင်းပြီး ကုလသမဂ္ဂက ဆုံးဖြတ်ချက်ချမှတ်ပေးခဲ့သည်။ ယင်းဆုံးဖြတ်ချက်ကို မြန်မာနှင့်အတူ တရုတ်၊ ရုရှား၊ ကမ္ဘောဒီးယား၊ လာအို၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်တို့အပြင် ဘီလာရုစ်၊ ဆီးရီးယားနှင့် ဇင်ဘာဘွေနိုင်ငံတို့က ကန့်ကွက်ခဲ့ကြသည်။

ယင်းဆုံးဖြတ်ချက်သည် မြန်မာအစိုးရအနေဖြင့် အကူအညီပေးရေးလုပ်သားများကို နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပြုရန်၊ ဒုက္ခသည်များအားလုံး နေရပ်ပြန်ရေးနှင့် ၎င်းတို့ကို နိုင်ငံသားအခွင့်အရေး အပြည့်အဝပေးရေး တောင်းဆိုရန်ဖြစ်သည်။ ကုလသမဂ္ဂက နိုင်ငံတစ်နိုင်ငံအပေါ် ဆုံးဖြတ်သည်ဆိုသော်လည်း နိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးဖြစ်၍ အတိအကျလိုက်နာရန် မလိုအပ်ချေ။ မဖြစ်မနေ လုပ်ဆောင်ရမည့် ဆုံးဖြတ်ချက်လည်း မဟုတ်ချေ။

ထိုကဲ့သို့သော မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့်အရေးကို အကြောင်းပြု၍ စွပ်စွဲပြစ်တင်မှုများ၊ ဆုံးဖြတ်ချက်များ အကြိမ်ကြိမ်အခါခါ ပြုလုပ်ခဲ့ကြပြီးဖြစ်သည်။ မည်သို့ပင် စွပ်စွဲပြစ်တင်မှုများ၊ ဆုံးဖြတ်ချက်များ ချမှတ်ခဲ့သည်ဖြစ်စေ မိမိတို့နိုင်ငံ၏အရေးကို မိမိတို့နိုင်ငံ၏ သတ်မှတ်ထားသော ဥပဒေဖြင့်သာ အလေးထားဆောင်ရွက်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်၍ ကုလသမဂ္ဂအား လေးစားသောအားဖြင့် လုပ်သင့်လုပ်ထိုက်သည်များ၊ ဖြစ်သင့်ဖြစ်ထိုက်သည်များကို ကုလသမဂ္ဂနှင့် လက်တွဲလုပ်ဆောင်သွားမည်သာဖြစ်သည်။

သို့သော် ယခုအိုအိုင်စီနှင့် အပေါင်းပါနိုင်ငံများ၏ တွန်းအားဖြင့် ကုလသမဂ္ဂ၏ချမှတ်လိုက်သည့် ဆုံးဖြတ်ချက်သည် မြန်မာနိုင်ငံ၏ ပကတိအခြေအနေ၊ ဥပဒေများနှင့် ကိုက်ညီခြင်းမရှိချေ။ သို့ဖြစ်ရာ ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ ကိစ္စအဝဝတို့ကို မြန်မာနိုင်ငံအစိုးရက ကိုယ့်ခွန်ကိုယ့်အားဖြင့် လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ဆောင်နေပြီဖြစ်ရာ လက်တွေ့တွင်လည်း အခြေအနေကောင်းများဖြစ်ထွန်းနေပြီဖြစ်သည်ကို စောင့်ကြည့်လေ့လာပြီးမှ သုံးသပ်ဖို့သာလိုပါကြောင်း။ ။


မြန်မာနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာန နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော



ကလေးစာပေပွဲတော်

ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

( ရန်ကုန်မြို့ )



၂၀၁၈ ခုနှစ် ၊ ဇန်နဝါရီလ (၆၊ ၇၊ ၈)ရက်၊ (စနေ၊ တနင်္ဂနွေ၊ တနင်္လာနေ့) နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

အမှတ် (၆)၊ အခြေခံပညာအထက်တန်းကျောင်း (စိန့်ပေါလ်)၊ ဗိုလ်တထောင်မြို့နယ်


## လေပိအားနည်းရပ်ဝန်း အားပျော့သွားပြီ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ မလေးကျွန်းဆွယ်အနီးတွင် ဖြစ်ပေါ်နေသော လေပိအားနည်း ရပ်ဝန်းသည် အားပျော့သွားပြီဖြစ်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်ထားသည်။

**ကြေးမုံ**

## တောင်သူများအား မျိုးကောင်းမျိုးသန့် ဖြန့်ဖြူးနိုင်ရန် မျိုးစေ့သန့်စင်စက်ဖြင့် မျိုးသန့်စင်မှုများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ချီပါကျေးရွာ ကွင်းအမှတ် (၁၀၇၈) တောင်သူ ၂၆ ဦးဖြင့် စိုက်ပျိုးဆောင်ရွက်ထားသော ရွှေဘိုပေါ်ဆန်းမျိုးစေ့ထုတ်စိုက်ခင်း ဧက ၁၀၀ ရှိ လယ်မြေသုည ဒသမ ၁၀ ဧကအား စံကွက်ရိတ်သိမ်းမှုကို စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုနှင့် စစ်ကိုင်းတိုင်းဒေသကြီး တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးခင်မောင်ညွန့်၊ ရွှေဘိုခရိုင်ဦးစီးမှူးဦးဆွေနှင့် စိုက်ပျိုးရေးဦးစီးဌာနနှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး ကြည့်ရှုအားပေးသည်။

ရွှေဘိုပေါ်ဆန်းမျိုးစေ့ထုတ် ဧက၁၀၀ အတွင်း ပါဝင်သော မျိုးစေ့မျိုးသန့်များကို ကိုရီးယားအပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှု KOPIA (Korean Program of International Agriculture) အစီအစဉ်မှ ပံ့ပိုးပေးခဲ့သည်။ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ကြီးကြပ်၍ မျိုးစေ့ထုတ်လုပ်မှု နည်းစနစ်များ၊ မျိုးကွဲပယ်ခြင်း၊ ရိတ်သိမ်းချိန်လွှန်နည်းပညာ စသည်တို့ကို အနီးကပ်ကြီးကြပ်ခဲ့ပြီး သုည ဒသမ ၁၀ ဧကအား စံကွက်ရိတ်သိမ်းရာတွင် ၈၁ ဒသမ ၁၆ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲ ချီပါမျိုးသန့်ခြံရှိ ဧရာမင်းနှင့် ရွှေဘိုပေါ်ဆန်းမျိုးသန့်များ ရိတ်သိမ်းပြီးစီးမှုနှင့် မျိုးသန့်စင်မှုတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **မင်းမြတ်ဦး(နေပြည်တော်)**

**ဓာတ်ပုံ-စိုက်ပျိုးရေး**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၂၇**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၂၆၅၀၀ | - | ၉၂၆၅၀၀ |
| မန္တလေး(ရွှေဈေး) | ၉၂၆၅၀၀ | - | ၉၂၆၅၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၇၅/၇၉၅ ကျပ်၊ | ၈၃၀/၈၃၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၂၅/၈၃၅ ကျပ်၊ | ၉၁၀/၉၂၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၈၀/၇၉၅ ကျပ်၊ | ၈၆၀/၈၇၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၉၅/၈၁၅ ကျပ်၊ | ၈၅၀/၈၅၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၅၀/၇၆၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၆၇/၇၇၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၃၅/၇၅၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၃. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၁၇. ၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၈. ၂၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၁. ၆၀၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၃၄. ၁၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၂၈၀ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၀၄. ၃ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၆. ၈၃ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၅၃. ၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၄. ၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## မူးယစ်ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး

**မိုးမိတ် ဒီဇင်ဘာ ၂၇**

မိုးမိတ်ခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂၂ ရက်က ကျင်းပသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှိုင်ထွန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတိုးသောင်က မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ ထိရောက်စွာ အရေးယူသင့်ကြောင်းနှင့် ရပ်ကွက်၊ ကျေးရွာများတွင် တက်ကြွသောလူငယ်များဖွဲ့စည်းပြီး တာဝန်ရှိသူများနှင့် ချိတ်ဆက်ဖမ်းဆီးနိုင်ရေး တင်ပြဆွေးနွေးခဲ့ရာ ခရိုင်ဥပဒေအရာရှိ ဦးကျော်သူနှင့် ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရွှေဦးတို့က ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြသည်။

ထို့နောက် တာဝန်ရှိသူများက မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်နှိမ်နင်းရေး ဆောင်ရွက်မှုများနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဆွေးနွေးတင်ပြခဲ့ကြပြီး တက်ရောက်လာကြသူ အဖွဲ့ဝင်များက ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**




ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း

**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ပိုလန်နိုင်ငံသံအမတ်ကြီးနှင့် စင်ကာပူနိုင်ငံသံအမတ်ကြီးတို့ သံအမတ်ခန့်အပ်လွှာ ပေးအပ်



နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ပိုလန်နိုင်ငံသံအမတ်ကြီး မစ္စတာ ဗယ်လ်ဒယ်မာရ် ဒူဘန်နုရော့စကီး က ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။



နိုင်ငံတော်သမ္မတ ဦးထင်ကျော် စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ ဗန်နက်ဆာ ချန်ယွမ်ရင် အား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မြန်မာနိုင်ငံဆိုင်ရာ ပိုလန်နိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီး ဖြစ်သော သံအမတ်ကြီး မစ္စတာ ဗယ်လ်ဒယ်မာရ် ဒူဘန်နုရော့စကီးသည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အလားတူ နိုင်ငံတော်သမ္မတထံ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စ ဗန်နက်ဆာ ချန် ယွမ် ရင်သည် ညနေ ၃ နာရီ ၅ မိနစ်တွင် နေပြည်တော်ရှိ သမ္မတအိမ်တော်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားများသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင် တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏မိခင်ကြီး ဒေါ်ခင်ကြည်အတွက် ဘာသာပေါင်းစုံ ဆုတောင်းခြင်း အခမ်းအနားတွင် ဘာသာပေါင်းစုံမှ ဘာသာရေးခေါင်းဆောင်များ အောက်မေ့ဖွယ်ရာ ဆုတောင်းမေတ္တာပို့သစဉ်။ (သတင်း-ရွှေဖုံး) **သတင်းစဉ်**

## မြန်မာ့စာတိုက်လုပ်ငန်းနှင့် CB Bank တို့ မြန်မာပြည်အနှံ့ ငွေလွှဲဝန်ဆောင်မှုလုပ်ငန်း ပူးပေါင်းဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

မြန်မာ့စာတိုက်လုပ်ငန်းနှင့် CB Bank တို့ ပူးပေါင်း၍ မြန်မာပြည်အနှံ့ ငွေလွှဲဝန်ဆောင်မှု မိတ်ဆက်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက် ညပိုင်းက ရှိုင်ရယ်နေပြည်တော်ဟိုတယ်၌ ကျင်းပရာ အခမ်းအနားသို့ မြန်မာ့စာတိုက်လုပ်ငန်းမှ တာဝန်ရှိသူများနှင့် CB Bank မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့စာတိုက်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးခမ်းအောင်က အဖွင့်အမှာစကားပြောကြားပြီး CB Bank ဒုတိယဥက္ကဋ္ဌ ဦးသိန်းထွေးက အမှာစကားပြောကြားကာ CB Bank ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဇော်ထွန်းက ဝန်ဆောင်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ခင်မောင်ဝင်း (ကြေးမုံ)**





## ရန်ကင်းကလေးဆေးရုံကြီး၌ နှစ်သစ်ကူးအကြို ပျော်ပွဲရွှင်ပွဲ ပြုလုပ်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ရန်ကင်းကလေးဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက နှစ်သစ်ကူးအကြို ဝန်ထမ်းများ ပျော်ပွဲရွှင်ပွဲ ပြုလုပ်သည်။

ဦးစွာ ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်မြင့်ခိုင်က "ကျွန်မတို့ ဝန်ထမ်းတွေအတွက် ပျော်ရွှင်ပြီး စိတ်အေးချမ်းစေလိုတဲ့ စေတနာနဲ့ ဒီနေ့အခမ်းအနားကို ကျင်းပတာပါ၊ ဝန်ထမ်းတွေအားလုံးကို စည်းစည်းလုံးလုံးနဲ့ ဖြစ်စေချင်တဲ့ သဘောပါပဲ၊ ဝန်ထမ်းတွေအားလုံးဟာ မိသားစုသဖွယ် ချစ်ခင်ကြပြီး နိုင်ငံ့တာဝန်၊ ကျန်းမာရေးစောင့်ရှောက်မှု တာဝန်တွေကို ဒီထက်ပိုမိုဆောင်ရွက်နိုင်မယ်ဆိုရင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ ဆောင်ရွက်ရမယ့် တာဝန်တစ်ရပ်ကို ဖြည့်ဆည်းပေးနိုင်တယ်လို့ ခံယူနိုင်ပါတယ်၊ ဒါကြောင့် ဝန်ထမ်းတွေအားလုံး နှစ်သစ်မှာ စိတ်အေးချမ်းပြီး နိုင်ငံ့တာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်နိုင်ပါစေ"ဟု နှစ်သစ် ဆုတောင်းစကား ပြောကြားသည်။

ယင်းနောက် ဝန်ထမ်းအမျိုးသမီးများက အကများဖြင့် ဖျော်ဖြေကြပြီး နှစ်ကူးလက်ဆောင်အဖြစ် အသုံးအဆောင် ပစ္စည်းများကို ကံစမ်းမဲဖောက်ပေးခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# သီရိလင်္ကာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ရဲတပ်ဖွဲ့ကို ၂၀၁၈ ခုနှစ်တွင် အင်အားတိုးချဲ့မည်

**ကိုလံဘို ဒီဇင်ဘာ ၂၇**

ကျွန်းနိုင်ငံဖြစ်သော သီရိလင်္ကာနိုင်ငံသို့ အလည်အပတ်လာရောက်ကြသည့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအတွက် လုံခြုံရေးစောင့်ရှောက်မှုနှင့် အကူအညီများပေးနိုင်ရန် ရည်ရွယ်လျက် ၂၀၁၈ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ရဲတပ်ဖွဲ့ကို အင်အားတိုးချဲ့သွားမည်ဖြစ်ကြောင်း သီရိလင်္ကာအစိုးရအဖွဲ့က ဒီဇင်ဘာ ၂၇ ရက်တွင် ပြောကြားသည်။

သီရိလင်္ကာအစိုးရက ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ရဲတပ်ဖွဲ့အင်အား တိုးချဲ့နိုင်ရေးအတွက် နိုင်ငံသုံးငွေ ရူပီးသန်း ၅၀ (အမေရိကန်ဒေါ်လာ ၃၂၀၀၀၀) ခွင့်ပြုပေးခဲ့ကြောင်း၊ ယင်းရဲတပ်ဖွဲ့အနေဖြင့် မိမိတို့နိုင်ငံကို နိုင်ငံခြားသားခရီးသွားများ၏ လုံခြုံသောရိပ်မြုံအဖြစ် လုပ်ဆောင်ပေးကြရန် အစိုးရအဖွဲ့က ညွှန်ကြားထားကြောင်း သတင်းတွင် ဖော်ပြသည်။

သီရိလင်္ကာအစိုးရအဖွဲ့သည် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ရဲတပ်ဖွဲ့အတွက် မော်တော်ဆိုင်ကယ်သစ် ၁၈ စီး၊ မြေပြင်အခြေအနေအမျိုးမျိုးတွင် မောင်းနှင်နိုင်သော ယာဉ်လေးစီးကို လွှဲပြောင်းပေးအပ်ခဲ့သည်။ အဆိုပါယာဉ်များကို ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးဝန်ကြီးနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးတို့က ရဲတပ်ဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်ခြင်းဖြစ်သည်။

သီရိလင်္ကာနိုင်ငံတွင် နှစ်ပေါင်း ၃၀ ကြာ ပြည်တွင်းစစ်ကြောင့် ယင်းနိုင်ငံ၏ ခရီးသွားလုပ်ငန်း ကြီးမားစွာ ထိခိုက်ခဲ့ရသည်။ ယခုအခါတွင်မူ နိုင်ငံတွင်းသို့ ခရီးသွားဦးရေ ဝင်ရောက်မှုကိန်းဂဏန်းမြင့်မားလာသည်နှင့်အမျှ နိုင်ငံခြားငွေ တိုးတက်ရရှိမှုသို့ ဦးတည်ပြောင်းလဲလာသည်။

သီရိလင်္ကာနိုင်ငံသို့ လာရောက်လည်ပတ်သည့် ဒုတိယအများဆုံး နိုင်ငံသားများမှာ တရုတ်နိုင်ငံသားများဖြစ်ပြီး ယခုနှစ် အချိန်အထိ တရုတ်နိုင်ငံသား ခရီးသည် ၂၄၉၀၀၀ ခန့် လာရောက်လည်ပတ်ခဲ့သည်။ **ဆင်ဟွာ**



# အဲလ်ပ်တောင်တန်းဒေသတွင် ရေခဲတောင်ပြိုကျမှုကြောင့် သုံးဦး သေဆုံး



**ဂျီနီဗာ ဒီဇင်ဘာ ၂၇**

ဆွစ်ဇာလန်နိုင်ငံ အဲလ်ပ်တောင်တန်းဒေသတွင် ခရစ္စမတ်ပွဲတော် (နာတာလူးပွဲတော်)ကာလအတွင်း ရေခဲတောင်ပြိုကျမှု သုံးကြိမ်ဖြစ်ပွားခဲ့ရာ လူသုံးဦး သေဆုံးရကြောင်း ရဲတပ်ဖွဲ့က ထုတ်ပြန်ကြေညာသည်။

ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းက ဆွစ်ဇာလန်နိုင်ငံတောင်ပိုင်း ဗာလစ်စီရင်စုတွင် ရေခဲတောင်ပြိုကျမှုဖြစ်ပွားရာ အသက် ၃၉ နှစ်အရွယ် အမျိုးသားတစ်ဦး သေဆုံးခဲ့ရသည်။

ဆွစ်ဇာလန်နိုင်ငံ အရှေ့ပိုင်း ဂရူဘန်ဒန်စီရင်စု၌ ပြင်သစ်နိုင်ငံမှ အသက် ၃၁ နှစ်အရွယ် ခရီးသွားဧည့်သည်တစ်ဦး ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် ရေခဲတောင်ပြိုကျမှုအတွင်း သေဆုံးခဲ့ရကြောင်း ရဲတပ်ဖွဲ့က ထုတ်ပြန်ကြေညာသည်။

ဒီဇင်ဘာ ၂၃ ရက်တွင် စိန့်လုစီရင်စုတွင် ဖြစ်ပွားသည့် ရေခဲတောင်ပြိုကျမှုတွင်လည်း ခရီးသွားဧည့်သည် သုံးဦး ဒဏ်ရာရရှိခဲ့ရာ အသက် ၂၉ နှစ်အရွယ် အမျိုးသမီးတစ်ဦး ရရှိသောဒဏ်ရာဖြင့် သေဆုံးခဲ့ရသည်။

၁၉၃၆ ခုနှစ်နောက်ပိုင်း ဆွစ်အဲလ်ပ်တောင်တန်းဒေသနှင့် ဂျူရာဒေသတို့တွင် ရေခဲတောင်ပြိုမှုဖြစ်စဉ် ၁၀၀၀ ခန့် ပေါ်ပေါက်ခဲ့ပြီး လူပေါင်း ၂၀၀၀ ခန့် အသက်ဆုံးရှုံးခဲ့ကြရကြောင်း ဒါဗာအိုမြို့အခြေစိုက် ဆီးနှင်းနှင့် ရေခဲတောင်သုတေသနဌာန၏ အစီရင်ခံစာတွင် ဖော်ပြသည်။ **ဆင်ဟွာ**

# တပ်ဖွဲ့ဝင်အင်အား ၁၀၀၀၀ ရှိ ဆိုက်ဘာစစ်ပွဲယူနစ် ဗီယက်နမ်နိုင်ငံ၌ ထူထောင်ကြောင်း ထုတ်ပြန်ကြေညာ

**ဟနွိုင်း ဒီဇင်ဘာ ၂၇**

ဗီယက်နမ်နိုင်ငံသည် အင်တာနက်အွန်လိုင်းပေါ်တင်သော မဟုတ်မမှန် လုပ်ကြံသည့် အမြင်များကို သုတ်သင်ရှင်းလင်းနိုင်ရန် တပ်ဖွဲ့ဝင်အင်အား ၁၀၀၀၀ ရှိမည့် စစ်ဘက်ဆိုင်ရာ ဆိုက်ဘာစစ်ပွဲ ယူနစ်ကို ထူထောင်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဒီဇင်ဘာ ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ကွန်မြူနစ်ပါတီတာဝန်ရှိသူများ တက်ရောက်ကြသည့် ဝါဒဖြန့်ချိရေး လှုပ်ရှားမှုများရေးရာ ညီလာခံတစ်ရပ်တွင် ဗီယက်နမ်တပ်မတော် နိုင်ငံရေးဌာန၏ ဒုတိယအကြီးအကဲ ဒုတိယဗိုလ်ချုပ်ကြီး ငုယင်ထရွန်ငါဟိုင်းက ဆိုက်ဘာစစ်ပွဲယူနစ်ထူထောင်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

တပ်ဖွဲ့-၄၇ ဟု အမည်ပေးထားသော ဆိုက်ဘာယူနစ်သည် နယ်ပယ်ကဏ္ဍအမျိုးမျိုးတွင် စစ်ဆင်ရေးဆောင်ရွက်နေပြီဖြစ်ကြောင်း ဒုတိယဗိုလ်ချုပ်ကြီး ငုယင်က ဗီယက်နမ်နိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ အခြေစိုက်ရာ ဟိုချီမင်းမြို့၌ ကျင်းပသော ဗဟိုဝါဒဖြန့်ချိရေးဌာန၏ ညီလာခံတွင် ပြောကြားသည်။

မိမိတို့သည် အွန်လိုင်းပေါ်ရှိ မမှန်မကန် အမြင်များကို စက္ကန့်၊ မိနစ်၊ နာရီမဆိုင်းဘဲ တွန်းလှန်ချေဖျက်သွားမည်ဖြစ်ကြောင်း ၎င်း၏ ပြောကြားချက်ကိုကိုးကား၍ တွိုင်ထရီ သတင်းစာက ရေးသားဖော်ပြသည်။

ကွန်မြူနစ်တို့ အုပ်ချုပ်သော ဗီယက်နမ်နိုင်ငံသည် အင်တာနက်အသုံးပြု၍ မဟုတ်မမှန် လုပ်ကြံဖော်ပြချက်များကို အရှိန်အဟုန်မြှင့်တင်၍ ချေဖျက်လျက်ရှိသည်။ အစိုးရအား ထိုးနှက်တိုက်ခိုက်ရာ ရောက်သည်ဟုယူဆရသော ဖော်ပြချက်များကို အွန်လိုင်းပေါ်မှ ဖယ်ရှားမည်ဖြစ်ပြီး လူမှုကွန်ရက် မီဒီယာကို အနီးကပ်စောင့်ကြည့်သွားမည်ဆို၏။

မှန်ကန်ခြင်းမရှိသော သဘောထားအမြင်များကို ချေဖျက်နိုင်ရေးအတွက် တပ်မတော်အတွင်း အမြဲတမ်းတပ်ဖွဲ့တစ်ဖွဲ့ကို ထူထောင်သွားရန် ဗဟိုစစ်ရေးကော်မရှင်က အလွန်အမင်း စိတ်ဝင်စားသည်ဟု ဗိုလ်ချုပ်ကြီး ငုယင်က ပြောကြားသည်။

ဆိုက်ဘာစစ်ပွဲတပ်ဖွဲ့ကို သီးသန့်ဖွဲ့စည်းနိုင်ရေးအတွက် မိမိတို့ တပ်မတော်က ပြည်တွင်းလုံခြုံရေးနှင့် အခြားသော တပ်ဖွဲ့များနှင့်အတူ လက်တွဲလုပ်ကိုင်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ၏ ဆိုက်ဘာ စစ်သည်တော်များ တပ်ဖွဲ့သည် ဆိုရှယ်မီဒီယာကို အသုံးပြု၍ မမှန်မကန် ရေးသားတင်ဆက်မှုများကို ဖြိုခွင်းသွားမည်ဖြစ်သည်။ **ရိုက်တာ**

# မြောက်ကိုရီးယား ထိပ်တန်းအရာရှိနှစ်ဦးအား အမေရိကန်က စီးပွားရေးပိတ်ဆို့မှုချမှတ်

**ဝါရှင်တန် ဒီဇင်ဘာ ၂၇**

အမေရိကန်အစိုးရက မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်တွင် အဓိက တာဝန်ယူဆောင်ရွက်ရသည့် ထိပ်တန်းအရာရှိနှစ်ဦးအား စီးပွားရေးပိတ်ဆို့မှုများ ချမှတ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။


အမေရိကန်ဘဏ္ဍာရေးဌာနက မြောက်ကိုရီးယား အလုပ်သမားပါတီအဖွဲ့ဝင်နှစ်ဦးအား အမေရိကန်နိုင်ငံ၏ တရားစီရင်ပိုင်ခွင့်ရှိသည့် မည်သည့်စီးပွားရေးကိစ္စတွင်မဆို ပါဝင်ပတ်သက်မှု မရှိစေရန်နှင့် အမေရိကန် နိုင်ငံသားများနှင့် အကျိုးတူစီးပွားရေးလုပ်ဆောင်မှုများကိုလည်း ပိတ်ပင်တားမြစ်သည့် ကြေညာချက်တစ်ရပ်ကို ဒီဇင်ဘာ ၂၆ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

အဆိုပါ ထိပ်တန်းအရာရှိနှစ်ဦးတို့သည် စစ်လက်နက်ခဲယမ်းမီးကျောက်ထုတ်လုပ်ရေးဌာနမှ ထိပ်တန်းအရာရှိများဖြစ်ကြသည့် ကင်ဂျိုဆက်ခ်နှင့် ရီပြောင်ချိုတို့ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ စီးပွားရေးပိတ်ဆို့တားမြစ်ခြင်းသည် ကိုရီးယားကျွန်းဆွယ်ဒေသ နျူကလီးယားလက်နက် ကင်းစင်ရေးအတွက် ရည်ရွယ်ပြီး အမေရိကန်၏ ပြုံယမ်းအပေါ် ဖိအားပေးခြင်းများ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။

ကင်ဂျိုဆက်ခ်သည် လောင်စာကို အရည်မှ အစိုင်အခဲဖြစ်စေရန် ပြောင်းလဲထုတ်လုပ်မှုနည်းပညာတွင် အရေးပါသူတစ်ဦးဖြစ်ပြီး ရီပြောင်ချိုသည် ပြုံယမ်း၏ တိုက်ချင်းပစ်ဒုံးကျည်ပစ်လွှတ်မှု နည်းပညာတွင် အဓိက တာဝန်ယူဆောင်ရွက်ရသူ တစ်ဦးဖြစ်သည်ဟု အမေရိကန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

နိုဝင်ဘာလအတွင်း ပြုံယမ်း၏ ဒုံးကျည်ပစ်လွှတ်စမ်းသပ်မှုကို တုံ့ပြန်သည့်အနေဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဒီဇင်ဘာ ၂၂ ရက်တွင် ချမှတ်ခဲ့သည့် ဖြေရှင်းချက်တွင်လည်း ကင်ဂျိုဆက်ခ်နှင့် ရီပြောင်ချိုတို့ ပါဝင်ခဲ့ကြသည်။



မြောက်ကိုရီးယားနိုင်ငံအပေါ် အမေရိကန်ဘဏ္ဍာရေးဌာန၏ စီးပွားရေးပိတ်ဆို့မှုဆိုင်ရာ ထုတ်ပြန်ကြေညာချက်သည် သမ္မတ ဒေါ်နယ်ထရန့် ရာထူးတာဝန်များ စတင်ထမ်းရွက်သည့်အချိန်မှစပြီး ခုနစ်ကြိမ်မြောက်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်း အလုပ်သမားရေးရာဆိုင်ရာ ဆောင်ရွက်ပေးမှု

**နေပြည်တော် ဒီဇင်ဘာ ၂၇**

အလုပ်သမားများအား လူမှုဖူလုံရေး အကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်း၊ ဥပဒေပါ ရပိုင်ခွင့်များကို ပြည့်ပြည့်ဝဝ မှန်မှန်ကန်ကန် ရရှိစေရေးတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပုံစံဖြင့် အမျိုးသား ၆၉၇၁ ဦး၊ အမျိုးသမီး ၁၃၉၂၆ ဦးတို့အတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် စုစုပေါင်း ၂၀၈၉၇ ဦး ချုပ်ဆိုခဲ့သည်။ အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေပေးရန်အတွက် မြို့နယ်များတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းထားရှိ ဆောင်ရွက်ခဲ့ရာ ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်း လက်ခံရရှိမှု ၈၉ မှုတွင် ကျေအေးမှု ၁၈ မှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းမှု ၁၅ မှု၊ ပိတ်သိမ်းမှု တစ်မှုတို့ဖြစ်ပြီး ကျန် ၅၅ မှုအတွက် ခံစားခွင့်ရှိသူ ၁၄၇ ဦးအား ငွေကျပ် ၄၈၅၄၄၉၀၃ ကို ခံစားစေခဲ့သည်။

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် အများပြည်သူ အလုပ်ပိတ်ရက် အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကို ငွေကြေးဖြင့် ခံစားခွင့်ပေးခြင်း၊ လုပ်အားခကျန်ငွေ မရရှိမှုများ၊ ရှောင်တခင်ခွင့်၊ ဆေးခွင့်နှင့် မီးဖွားခွင့်များယူရာတွင် ငွေကြေးခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးခဲ့ရာ ငွေကြေးခံစားခွင့် ငွေကျပ်သိန်းပေါင်း ၇၅၀၀၀ ကျော် ခံစားခွင့်ပေးနိုင်ခဲ့ပြီး စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအသိပညာရရှိစေရန်အတွက် မြို့နယ်အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန စစ်ဆေးရေးအရာရှိများက စက်ရုံ၊ အလုပ်ရုံ ၅၆၁ ရုံမှ အလုပ်ရှင်၊ အလုပ်သမားများအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာနှင့် ဥပဒေရေးရာ သိမှတ်ဖွယ်ရာများအား ပညာပေးဟောပြောပို့ချမှု ၃၂၈ ကြိမ် ဆောင်ရွက်ခဲ့သည်။

အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနအနေဖြင့် ခုံသမာဓိကောင်စီမှ အလုပ်သမားရေးရာ အငြင်းပွားမှု ခုနစ်မှုကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ရာ အလုပ်သမား ၂၄၀ အတွက် ငွေကြေးအကျိုးခံစားခွင့် ကျပ် ၄၅၃၆၀၀၀ ရရှိစေခဲ့ပြီး ခုံသမာဓိအဖွဲ့အနေဖြင့် အလုပ်သမားရေးရာအငြင်းပွားမှု ၁၃ မှုကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ရာ အလုပ်သမား ၁၁ ဦးအတွက် ကျပ် ၄၂၅၆၀၀၀ ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးဥပဒေတွင် အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေး အကျိုးခံစားခွင့်များ ရရှိရေးနှင့် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ရာတွင် ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ပေးမှုအနေဖြင့် အာမခံအလုပ်သမားများအား ငွေကြေးအကျိုးခံစားခွင့်များအလိုက် ငွေကျပ်သိန်းပေါင်း ၉၀၀၀ ကျော် အကျိုးခံစားခွင့်ပေးခဲ့ပြီး အာမခံအလုပ်သမား ၃၇၈ ဦးအတွက် ဆေးဖိုးကုန်ကျငွေကျပ်သိန်း ၄၂၀ ကျော် ပြန်လည်ထုတ်ပေးခဲ့သည်။

အာမခံအလုပ်သမားများအား ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်း အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေးဆေးခန်းများနှင့် ဌာနကြီးဆေးခန်းများတွင် ဆေးကုသပေးမှုအနေဖြင့် အလုပ်သမားဆေးရုံကြီး သုံးရုံ၊ ပြင်ပလူနာ ၆၇၃၆ ဦး၊ အတွင်းလူနာ ၇၀၄ ဦး စုစုပေါင်း ၇၄၄၀၊ လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၅၅ ခန်းနှင့် လူမှုဖူလုံရေး-ကဲဝဲလ်ဆေးခန်းတို့မှ ဆေးကုသပေးမှု ပေါင်း ၆၈၂၀၇ ဦး၊ အလုပ်သမားဆေးရုံကြီး သုံးရုံမှ ဆရာဝန်များ ကွင်းဆင်းဆေးကုသပေးမှု သုံးကြိမ် စုစုပေါင်း ၁၀၀၆ ဦး၊ လူမှုဖူလုံရေးဆေးခန်းများမှ ဆရာဝန်များ ကွင်းဆင်းဆေးကုသမှု ၁၁၇ ကြိမ် စုစုပေါင်း ၃၈၉၅ ဦး ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၁၇ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှု

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ စိစစ်ကာ ဆောင်ရွက်ပေးလျက်ရှိပါသည်။**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အောက်တိုဘာလအတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၅ ဒသမ ၁၀၀ သန်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နိုဝင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၂၃၄ ဒသမ ၉၇၄ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။**

၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်နှီးမြှုပ်နှံမှု လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | အောက်တိုဘာလ | | နိုဝင်ဘာလ | |
|---|---|---|---|---|---|
| | | လုပ်ငန်း စုရေ | မတည်ငွေရင်း ပမာဏ US$ သန်း | လုပ်ငန်း စုရေ | မတည်ငွေရင်း ပမာဏ US$ သန်း |
| ၁။ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ကဏ္ဍ | ၁ | ၆၅.၄၄၀ | ၁ | ၁၄၃.၂၆၈ |
| ၂။ | စက်မှုကဏ္ဍ | ၁၀ | ၃၃.၃၇၅* | ၁၀ | ၄၇.၉၁၀* |
| ၃။ | လျှပ်စစ်ဓာတ်အား ကဏ္ဍ | ၁ | ၃.၆၈၅ | - | - |
| ၄။ | မွေးမြူရေးနှင့် ရေလုပ်ငန်း ကဏ္ဍ | - | - | ၁ | ၀.၃၀၀ |
| ၅။ | အခြားဝန်ဆောင်မှု ကဏ္ဍ | ၂ | ၂.၆၀၀ | ၂ | ၁၂.၄၀၀ |
| ၆။ | သတ္တုတွင်း ကဏ္ဍ | - | - | | ၁.၃၁၀* |
| ၇။ | လယ်ယာကဏ္ဍ | - | - | ၂ | ၁.၀၈၀ |
| ၈။ | စက်မှုဇုန် တည်ဆောက်မှု ကဏ္ဍ | - | - | ၁ | ၂၈.၇၀၆ |
| | စုစုပေါင်း | ၁၄ | ၁၀၅.၁၀၀ | ၁၇ | ၂၃၄.၉၇၄ |

*ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါသည်။

၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ် အောက်တိုဘာလအတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း တန်ဖိုးကျပ် ၃၉၂ ဒသမ ၇၀၀ သန်းနှင့် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ် နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း တန်ဖိုးကျပ် ၁၄၁၉၈၉၆ ဒသမ ၆၃၀ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | အောက်တိုဘာလ | | နိုဝင်ဘာလ | |
|---|---|---|---|---|---|
| | | လုပ်ငန်း စုရေ | မတည်ငွေရင်း ပမာဏ ကျပ် သန်း | လုပ်ငန်း စုရေ | မတည်ငွေရင်း ပမာဏ ကျပ် သန်း |
| ၁။ | အိမ်ရာအဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | - | - | ၁ | ၁,၃၇၅,၂၈၅.၄၄၀ |
| ၂။ | စက်မှုကဏ္ဍ | ၁ | ၃၉၂.၇၀၀ | ၉ | ၄၈,၂၃၈.၀၀၀ |
| ၃။ | ဟိုတယ်နှင့် ခရီးသွား ကဏ္ဍ | - | - | ၅ | ၃၁,၂၁၄.၈၉၀ |
| ၄။ | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | - | - | ၁ | ၅၀၀.၀၀၀ |
| ၅။ | လျှပ်စစ်ဓာတ်အား ကဏ္ဍ | - | - | ၁ | ၂၂,၅၀၀.၀၀၀ |
| ၆။ | အခြားလုပ်ငန်း ကဏ္ဍ | - | - | ၃ | ၁၂,၁၅၈.၃၀၀ |
| | စုစုပေါင်း | ၁ | ၃၉၂.၇၀၀ | ၂၀ | ၁,၄၁၉,၈၉၆.၆၃၀ |

*ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါသည်။

၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | အောက်တိုဘာလ | နိုဝင်ဘာလ |
| ၁။ | လယ်ယာကဏ္ဍ | - | ၄၅ |
| ၂။ | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | - | ၁၈၇ |
| ၃။ | စက်မှုကဏ္ဍ | ၆,၇၄၉ | ၇,၄၂၅ |
| ၄။ | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၁၆ | - |
| ၅။ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ | ၇၉ | ၇၀ |
| ၆။ | စက်မှုဇုန် တည်ဆောက်မှုကဏ္ဍ | - | ၇၂ |
| ၇။ | အခြားဝန်ဆောင်မှုကဏ္ဍ | ၂၃၉ | ၃၀ |
| | စုစုပေါင်း | ၇,၀၈၃ | ၇,၇၄၉ |

၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | အောက်တိုဘာလအတွင်း | နိုဝင်ဘာလအတွင်း |
| ၁။ | လျှပ်စစ်ဓာတ်အားကဏ္ဍ | - | ၃၉ |
| ၂။ | စက်မှုကဏ္ဍ | ၃၅ | ၁,၁၇၈ |
| ၃။ | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | - | ၅၀၄ |
| ၄။ | အိမ်ရာနှင့် အဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှု ကဏ္ဍ | - | ၂၇၆ |
| ၅။ | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | - | ၁၆၉ |
| ၆။ | အခြားဝန်ဆောင်မှု ကဏ္ဍ | - | ၇၆၄ |
| | စုစုပေါင်း | ၃၅ | ၂၉၃၀ |

# "အဂတိလိုက်စားမှုတွန်းလှန်ဖို့ ကိုယ်ကျင့်သိက္ခာမြှင့်တင်စို့" စာတမ်းဖတ်ကြား ဆွေးနွေးပွဲ ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

မြန်မာနိုင်ငံတွင် အဂတိလိုက်စားမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ အများပြည်သူ ကိုယ်စိတ်နှစ်ပါး ချမ်းသာစေရေးတို့ကို အဓိက ဟန့်တားနှောင့်ယှက်နေသော ဘေးအန္တရာယ်တစ်ရပ်ဖြစ်သည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ယင်းဘေးအန္တရာယ်ကို တိုက်ဖျက်နိုင်ရန် ၂၀၁၈ ခုနှစ် လုပ်ငန်းစီမံချက်ကို ရေးဆွဲပြီးဖြစ်သည့်အပြင် ရေရှည်လုပ်ငန်းစဉ်အတွက် မဟာဗျူဟာ စီမံချက်တစ်ရပ်ကိုလည်း ရေးဆွဲလျက်ရှိသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ရေတို၊ ရေရှည်စီမံချက်များ လုပ်ကိုင်ဆောင်ရွက်ရာတွင် အဂတိလိုက်စားမှုနှင့် ပတ်သက်သူများသာမက ကင်းရှင်းသူများကပါ အဂတိလိုက်စားမှုကို လုံးဝသည်းခံ၊ ခွင့်လွှတ်၊ လျစ်လျူရှုကြရမည်မဟုတ်ပါ။

သို့ဖြစ်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်၏ ကနဦးခြေလှမ်းအဖြစ် ပညာပေးရေး၊ သတိပေးရေး၊ ဟန့်တားကာကွယ်ရေးတို့အတွက် လူ့အသိုက်အဝန်းအသီးသီးတွင် ကိုယ်ကျင့်သိက္ခာမြှင့်တင်ရေးကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၂၊ ၂၃ ရက်တို့တွင် ရန်ကုန်မြို့၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)တို့ ပူးပေါင်းဆောင်ရွက်သော "အဂတိလိုက်စားမှုတွန်းလှန်ဖို့ ကိုယ်ကျင့်သိက္ခာမြှင့်တင်စို့" (Promote Integrity to Counter Corruption) ဟူသော ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ကြား ဆွေးနွေးပွဲ (Symposium)ကို ကျင်းပသွားမည်ဖြစ်သည်။

စိတ်ပါဝင်စားသော ပညာရှင်များ၊ အသင်းအဖွဲ့များ၊ အရပ်ဘက်အဖွဲ့အစည်းများသည် စာတမ်းဖတ်ကြားဆွေးနွေးနိုင်ရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး အုပ်စု(၁) အားကစားလေ့ကျင့်ရေးစခန်း၊ ဝဏ္ဏသိဒ္ဓိရပ်ကွက် နေပြည်တော် myanmaracc2014@ gmail.com ဖုန်း-၀၆၇-၈၁၀၃၃၄၇၊ ၈၁၀၃၂၇၃ တို့သို့ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၂ ရက် နောက်ဆုံးထား၍ အမည်စာရင်း ပေးပို့နိုင်ကြောင်း သိရသည်။

ဖတ်ကြားမည့်စာတမ်း soft copy ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၆ ရက် မတိုင်မီ အထက်ပါလိပ်စာအတိုင်း ပေးပို့ပေးရန်နှင့် အသေးစိတ် သိရှိလိုပါက www.accm.gov.mm Website တွင် ကြည့်ရှုနိုင်ကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ ဖြင့် တရားစွဲဆိုခံရသည့် မွန်ပြည်နယ် ရေးမြို့မရဲစခန်း အမှုစစ်အရာရှိ ရဲအုပ် ကျော်သက်ခိုင်ကို စီရင်ချက်အမိန့် ချမှတ်


**နေပြည်တော် ဒီဇင်ဘာ ၂၇**

မွန်ပြည်နယ် ရေးမြို့နယ်တွင် ကန်တာယာဉ်တိမ်းမှောက်မှုနှင့်စပ်လျဉ်း၍ အမှုစစ်အရာရှိ ရဲအုပ် ကျော်သက်ခိုင်က ငွေတောင်းခံခြင်းနှင့် မတရားအမှုဆင် တရားစွဲဆိုခြင်းအား အရေးယူပေးပါရန် နစ်နာသူက အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ မွန်ပြည်နယ် ရေးမြို့မရဲစခန်း အမှုစစ်အရာရှိ ရဲအုပ် ကျော်သက်ခိုင်သည် အမှုစစ်ရဲအရာရှိ၏ လုပ်ပိုင်ခွင့်ကို အသုံးပြုလျက် လာဘ်ငွေများ တောင်းခံရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းအား ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ ဖြင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် မွန်ပြည်နယ်တရားလွှတ်တော်၌ တရားစွဲတင်ပို့ခဲ့ရာ ရာဇဝတ်ကြီးမှုအမှတ် (၁/၂၀၁၇)ဖြင့် လက်ခံစစ်ဆေးခဲ့ပြီး ဒီဇင်ဘာ ၂၀ ရက်တွင် ပြစ်မှုထင်ရှားသဖြင့် အလုပ်နှင့် ထောင်ဒဏ်ငါးနှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ့လွတ်လပ်ရေး ဗိသုကာ



ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂဥက္ကဋ္ဌ ကိုအောင်ဆန်း။

■ မောင်ငြိမ်းအေး

မြန်မာ့လွတ်လပ်ရေးသမိုင်းကို လေ့လာရာတွင် မြန်မာတစ်မျိုးသားလုံး၏ အဖိုးထိုက်တန်ဆုံး ရတနာ၊ လွတ်လပ်ရေးဆုမွန်ကို ရှုပ်ချွံစွာ ရှေ့ဆောင်ရှေ့ရွက် ဆောင်ကြဉ်းပေးခဲ့ကြသော အာဇာနည်သူရဲကောင်းတို့၏ ရာဇဝင်အတ္ထုပ္ပတ်ကို ပုံဖော်ထုဆစ်ရာ၌ ခြွင်းချန်ထားရန် မဖြစ်နိုင်သည့် ပုဂ္ဂိုလ်တစ်ဦးရှိသည်။ ၎င်းမှာ မြန်မာ့နိုင်ငံရေးသမိုင်းနှင့် ခွဲခွာ၍မရနိုင်လောက်အောင် ဆက်စပ်လျက်ရှိသော သမိုင်းမှတ်တမ်းများ၊ ကမ္ပည်းမော်ကွန်းများ ရေးထိုးထားသည်။

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းဦးစွန်းတွင် အဆိုပါပုဂ္ဂိုလ်၏ဘဝအစ စိတ်ဓာတ်နှင့် ကြိုးပမ်းအားထုတ်မှုများမှာ အခြားသော ပုဂ္ဂိုလ်များနှင့်မတူ တစ်မူထူးခြားသည်မှာ ပြောဖွယ်ရာမရှိချေ။ ထိုပုဂ္ဂိုလ်မှာ မြန်မာ့လွတ်လပ်ရေးဗိမာန်ကြီးကို မွမ်းမံတည်ဆောက်ရာ၌ ဦးစီးခေါင်းဆောင်ပြုသည့် လွတ်လပ်ရေးဗိသုကာကြီးဖြစ်လာမည့် မောင်အောင်ဆန်းပင်ဖြစ်သည်။ လွတ်လပ်ရေးကြိုးပမ်းမှုအစ၊ တက္ကသိုလ်သမဂ္ဂ၊ (ဗမာ)မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂတို့၏လှုပ်ရှားမှုများနှင့် ကျောင်းသားခေါင်းဆောင် မောင်အောင်ဆန်း၏ စိတ်ဓာတ်၊ စွမ်းရည်၊ အရည်အချင်းနှင့် စွမ်းဆောင်မှုများကို သိရှိကြပြီးဖြစ်မည်။

၁၉၃၀ ပြည့်နှစ်လွန်ကာလက ရေနံချောင်းမြို့ အမျိုးသားကျောင်း၏ ကျောင်းအစည်းအဝေးတစ်ခုတွင်-

"ကျွန်တော်တို့ အမျိုးသားကျောင်းသားတွေ ကျောင်းစာကို ကုန်းဖတ်နေရုံနဲ့ တာဝန်ကျေပြီလို့ မဆိုနိုင်ဘူး၊ မြန်မာပြည်ကြီး သူများလက်အောက်ခံ ကျွန်ဖြစ်နေတာကို ကျွန်ဘဝက လွတ်မြောက်အောင် ဘယ်လိုဖန်တီးကယ်တင်ရမယ်ဆိုတာ ခုနေက စဉ်းစားဖို့တော်ပြီ၊ ဒါတင်မကသေးဘူး၊ ခု ခင်ဗျားတို့ ကျွန်တော်တို့ ရာဇဝင်ဘာသာ သင်နေရတယ်၊ ရာဇဝင်ကို တတ်သိနားလည်ရုံနဲ့ မပြီးဘူး၊ ရာဇဝင်ကို ဖန်တီးပေးနိုင်တဲ့ လူတွေဖြစ်လာအောင် ကိုယ်တိုင်ကြိုးစားကြမှ တကယ့်လူတော်လူကောင်းတွေလို့ ဆိုနိုင်မယ်"ဟု အထက်တန်းကျောင်းသား မောင်အောင်ဆန်းက ရဲရဲတောက်နိုင်ငံရေးစကားကို ပထမဆုံး ပြောကြားခဲ့သည်။

၁၉၃၂ ခုနှစ် ရန်ကုန်တက္ကသိုလ်သို့ ရောက်သောအခါ၌ နိုင်ငံခြားမှ အထွေထွေဗဟုသုတ စာအုပ်စာတမ်းများကို ဖတ်ရှုလာရသောအခါတွင်မူကား ကိုအောင်ဆန်း၏ နိုင်ငံရေးစိတ်ဓာတ်နှင့် အတွေးအခေါ်များမှာ ပို၍ပင် ရင့်သန်ခိုင်မာတက်ကြွလာသည်။ တစ်နှစ်ထက်တစ်နှစ် လေ့လာဖတ်ရှုစဉ်းစားဆင်ခြင်ခဲ့သော နိုင်ငံရေးအတွေးအခေါ် အယူအဆများမှာ အတော်ရင့်ကျက်လာခဲ့သည်။ ကိုအောင်ဆန်း တက္ကသိုလ်မရောက်မီတစ်နှစ်၊ ၁၉၃၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သမဂ္ဂ စတင်တည်ထောင်သည်။ တည်ထောင်စက သာမန်စာကြည့်အသင်းယောင်ယောင်၊ သဟာယအသင်းယောင်ယောင်။ ကိုလိုနီပညာရေးစနစ်ကို တော်လှန်ပြောင်းလဲရေးတို့၌ ရှေ့ဆောင်ရှေ့ရွက်ပြုလုပ်ပေးရန် စိတ်ဝင်စားဟန်မရှိချေ။ ၁၉၃၆ ခုနှစ် ရောက်သောအခါ အယူအဆအတွေးအခေါ်သစ်၊ အမြင်သစ်များရှိသည့် ကိုနု၊ ကိုကျော်ငြိမ်း၊ ကိုသိန်းဖေ၊ ကိုလှဖေ၊ မစ္စတာရာရှစ် စသည့် မျိုးချစ်လူငယ်များ ခေါင်းဆောင်ပိုင်းသို့ ရောက်ရှိလာပြီး ထိုအဖွဲ့တွင် ကိုအောင်ဆန်း ပါဝင်ကာ တက္ကသိုလ်သမဂ္ဂအသင်း၏ အိုးဝေမဂ္ဂဇင်း၌ တာဝန်ခံအယ်ဒီတာအဖြစ် ရွေးချယ်ခြင်း ခံရသည်။

အိုးဝေမဂ္ဂဇင်း ထွက်လာသည်နှင့် တစ်ပြိုင်နက် ရန်ကုန်တက္ကသိုလ်နယ်မြေတစ်ခုလုံးကို သွက်သွက်ခါအောင် တုန်လှုပ်သွားစေသည့် အကြောင်းတစ်ခုဖြစ်ခဲ့သည်။ စာရေးသူအမည်မှန်ဖော်မထားသော "ငရဲခွေးကြီးလွတ်နေသည် (The Hell-Hound at Large)" ဆောင်းပါးတစ်ပုဒ် ပါလာသည်။ ထိုဆောင်းပါးမှာ တက္ကသိုလ်အာဏာပိုင်၊ အရာရှိပိုင်းမှ ကိုယ်ကျင့်တရားဖောက်ပြားနေသော ပုဂ္ဂိုလ်တစ်ဦးအား လက်သံပြောင်ပြောင် စောင်းချိတ်သရော်ထားသည့် အင်္ဂလိပ်ဘာသာ ဆောင်းပါးတစ်ပုဒ်ဖြစ်ရာ တက္ကသိုလ်အုပ်ချုပ်ရေးအာဏာပိုင်တို့က ဆတ်ဆတ်ခါနာကြလေသည်။ ထို့နောက် အမျက်ဒေါသထွက်ပြီး အသင်းဥက္ကဋ္ဌ ကိုနုကို အရေးယူ၍ ကိုအောင်ဆန်းကို ကျောင်းထုတ်သည်။

အိုးဝေ ဆောင်းပါးကြောင့် သမဂ္ဂခေါင်းဆောင်တို့နှင့် တက္ကသိုလ်အာဏာပိုင်တို့ ပဋိပက္ခသည် ပြာဖုံးနေသော မီးခဲပေါ်မှ ကောက်ရိုးပုံမှာ လေအတိုက်၌ ဟုန်းခနဲ လောင်မြိုက်သကဲ့သို့ ဖြစ်စေသည်။ တက္ကသိုလ်ကျောင်းသားအများ အလိုလိုစုရုံးညီညွတ်သလို ဖြစ်စေသည်။ နောက်ဆက်တွဲ အကျိုးသက်ရောက်မှုမှာကား မြန်မာ့နိုင်ငံရေးသမိုင်းတွင် မှတ်တမ်းတင်ရမည့် ၁၉၃၆ ခုနှစ် ရန်ကုန်တက္ကသိုလ် သပိတ်မှောက်အရေးတော်ပုံကြီးဖြစ်သွားသည်။ ကျောင်းသားသပိတ်ကြီးသည် တိုင်းရင်းသားလူထုအား စည်းလုံးညီညွတ်မှုအင်အားနှင့် နိုင်ငံရေးအတွေးအခေါ်၊ နိုင်ငံရေးအသိပညာများကို လက်တွေ့သင်ခန်းစာပေးခဲ့သည်ဟု ဆိုနိုင်သည်။ ကိုအောင်ဆန်းကို ပြည်သူလူထုအကျိုးအတွက် ရဲရဲတောက်မြန်မာ့ခေါင်းဆောင် မွေးထုတ်ပေးခဲ့ခြင်းပင်ဖြစ်ပေသည်။ ၁၉၃၆ ခုနှစ် ကျောင်းသားသပိတ်သည် ရာဇဝင်တွင်မည့် အမျိုးသားခေါင်းဆောင်တစ်ဦး၊ လွတ်လပ်ရေးဗိသုကာတစ်ဦး မွေးဖွားခြင်းဟု မှတ်ယူထိုက်သည်။

တက္ကသိုလ်ကျောင်းသားသပိတ်မှ အတွေ့အကြုံနှင့် ကျောင်းသားသမဂ္ဂအသင်း၏ ခေါင်းဆောင်မှုမှုရအပ်သော အယူအဆ၊ အတွေးအခေါ်တို့ကြောင့် ကိုအောင်ဆန်းစိတ်တွင် မြန်မာ့လွတ်လပ်ရေးကို မရ ရအောင် တိုက်ယူရန်နှင့် နိုင်ငံရေးတွင် ကိုယ်ထိလက်ရောက်ဝင်ရောက်ပြီး ဆောင်ရွက်လိုသောဆန္ဒများ တဖွားဖွားဖြစ်ပေါ်လာရာ တို့ဗမာအစည်းအရုံးသို့ ခြေစုံပစ်ဝင်ပြီး သခင်အောင်ဆန်းဘဝ ရောက်ခဲ့သည်။ ထို့နောက် မြန်မာ့လွတ်လပ်ရေးအတွက် အသက်ကိုပင်စွန့်ကာ ကြိုးပမ်းဆောင်ရွက်တော့မည်ဟု သန္နိဋ္ဌာန်ချလိုက်ပုံကို သခင်အောင်ဆန်း ကိုယ်တိုင်ရေးသားသော အောက်ပါ "မြန်မာ့လွတ်လပ်ရေး အရေးတော်ပုံ" စာတမ်းကို ဖတ်ရှုခြင်းဖြင့် ထင်ရှားစွာ သိမြင်နိုင်မည်ဖြစ်ပါသည်။

### မြန်မာ့လွတ်လပ်ရေး အရေးတော်ပုံ

"၁၉၃၈ ခုနှစ် အောက်တိုဘာလတွင် ဒို့ဗမာအစည်းအရုံးသို့ သခင်အဖြစ် စာရင်းသွင်းခဲ့၏။ ဥပဒေတန်း၌ စခန်းကုန်သင်ရန် ကိစ္စကိုလည်းကောင်း၊ ကျွန်ုပ်၏ ရှေ့အလားအလာများကိုလည်းကောင်း တစ်ပါတည်း အပြီးသတ်စွန့်လွှတ်လိုက်ကာ ကျွန်ုပ်သည် ဩဂုတ်လအတွင်း နှစ်ဝက် ကျောင်းပိတ်ရက်ရသည့်အခါမှစ၍ တက္ကသိုလ်ကျောင်းတော်ကြီးမှ ထွက်ခဲ့၏။

ဥရောပတိုက်တွင် မြူးနစ်အရေး ပေါ်ပေါက်လာရခြင်းသည်ပင် ဒုတိယကမ္ဘာစစ်ကြီး မလွဲမသွေဖြစ်ရမည့်အရေးကို ကျွန်ုပ်အသိဉာဏ်အတွင်း ထင်းခနဲပေါ်စေတော့၏။ ထို့ထက်စောစွာကပင် ၁၉၃၉-၁၉၄၀ ခုနှစ်လောက်၌ ကမ္ဘာစစ်ဖြစ်မည့်အရေးကို ကျွန်ုပ်တို့တစ်စု တွက်ဆပြီးဖြစ်၏။ ထိုအချိန်လောက်တွင် လက်နက်ဖြည့်တင်းရေးကိစ္စများသည် နိုင်ငံကြီးများ၌ လုံးဝပြီးစီးမည်ဖြစ်သောကြောင့်လည်း ကမ္ဘာနှင့်အမျှ စစ်မီးလောင်ကျွမ်းချိန်တွင် တို့ဗမာများ မည်သို့ခြေလှမ်းကြမည်ကို ကျွန်ုပ်တို့လူစု မတွေးဘဲ၊ မပြောဘဲ မနေနိုင်ပြီ။ ပြောဆိုဆွေးနွေးကြ၏။

သို့သော် ထိုအခါက ကမ္ဘာစစ်ကြီး မလွဲဖြစ်တော့မည်ကို တွက်ဆမိရုံသာ တွက်ဆမိ၍ ဧကန် အတိအကျကား ပြောဆိုနိုင်ခဲ့သည် မဟုတ်သော်လည်း မြူးနစ်မြို့၌ အင်္ဂလိပ်နန်းရင်းဝန်ကြီး ချိန်ဘာလိန်သည် မိမိနိုင်ငံတော်ကြီး၏ ဂုဏ်သိက္ခာကိုမျှ မငဲ့မထောက်ညှာနိုင်ရှာတော့ဘဲ ဟာရ်ဟစ်တလာ ကြေအေးနှစ်သိမ့်ရေးအတွက် ဦးနှိမ့်လိုက်သည့်အခါတွင်ကား ကမ္ဘာစစ်ကြီး တံခါးဝ၌ ဆိုက်ရောက်နေပြီဖြစ်ကြောင်းကို သည်းထိတ်ရင်ဖို သိရှိရလေတော့သည်။

ကမ္ဘာစစ်ကြီး အမှန်ဖြစ်ချေတော့မည်။ ဗမာ့အခြေကား အသို့နည်း၊ ဗမာတွေ ဘာလုပ်ကြမည်နည်း။ ဤပြဿနာများကား ကျွန်ုပ်ရှေ့တွင် အလျှိုလျှို တသီကြီးပေါ်လာလေတော့၏။ တစ်ခုတည်းသောအဓိဋ္ဌာန်ကို ရုတ်ခြည်း ကျွန်ုပ်ပြုလိုက်၏။

ငါ့အတွက် ဖြစ်လိုရာဖြစ်စေတော့၊ နိုင်ငံရေးဂယက်ဝဲအတွင်းသို့ ခြေစုံပစ်၍ ဇွတ်ဆင်းကာ ငါ၏နိုင်ငံ လွတ်လပ်ရေးအတွက် မနေမနား စွန့်စားလုံးပန်းတော့အံ့။

ဤအဓိဋ္ဌာန်ကို သန်သန်ကြီး ပြုလိုက်မိတော့၏။ မည်သူသည် ဤသို့ အခါအခွင့်ကောင်း အခွင့်ထူး ရွှေလမ်းကြီးဖြူးနေသည့် အခိုက်မျိုးတွင် ကိုယ့်နိုင်ငံအတွက် စွန့်စားရေးကို လက်လွတ်ခံနိုင်ချိမ့်မည်နည်း။ ဟိုသစ္စာ၊ ထိုစကားမှန်၏။ ကျွန်ုပ်အတွက် မှန်လှ၏။ ကျွန်ုပ် လက်လွတ်မခံ။ စွမ်းအားရှိသလောက် ကိုယ့်လူမျိုးကြုံတွေ့နေရသော ကြမ္မာဆိုးကို ကပြောင်းကပြန် မှောက်လှန်ထုတွေ အမြစ်ပါ နုတ်၍ချေတော့အံ့။ သခင်အစည်းအရုံးမှ တစ်ဆင့် နိုင်ငံလွတ်လပ်ရေးတိုက်ပွဲအတွင်းသို့ ကျွန်ုပ် စတင်သက်ဆင်းမိခဲ့လေသည်။

ကျွန်ုပ် သခင်ဘဝတွင်း ဆင်းမိသည်နှင့် တစ်ပြိုင်နက် သပိတ်မှောက်မှု၊ စီတန်းလမ်းလျှောက် ဆန္ဒပြမှု တော်လှန်ရေး ဒီလှိုင်းတံပိုးတို့သည် တစ်နိုင်ငံလုံး ဖုံးလွှမ်းသွားခဲ့လေသည်။ ဗြိတိသျှအစိုးရကလည်း ထကြွမှုများကို ငဲ့ညှာမှုမရှိ၊ ပြင်းထန်စွာ တန်ပြန်တိုက်လေတော့၏။ ကျွန်ုပ်နှင့်တကွ ကြံ့ရာပါဖော်တစ်သင်းသည် (ကျွန်ုပ်တို့ကို ဖမ်းချုပ်လိုက်သည့် အင်္ဂလိပ်ပုလိပ်မင်းကြီး စကားအတိုင်းသုံးရက) အစိုးရအဖွဲ့ကို အင်နှင့် အားနှင့် တော်လှန်လုပ်ကြံမှုဖြင့် အစစ်အဆေးမရှိ ရန်ကုန်ထောင်တွင်း အတန်ကြာမျှ အကျဉ်းချထားခြင်းခံလိုက်ကြရ၏။

အမှန်မှာလည်း ထိုတော်လှန်မှုများတွင် ကျွန်ုပ်၏ အနည်းငယ်မျှသော လက်ရာသည် ပါသည် မှန်၏။ ပြောပြလောက်သော လက်ရာကား မဟုတ်လှပါ။ ဤအရေးများသည် အရှိန်ယူနေပြီဖြစ်သော ကမ္ဘာစစ်ကြီးကို အကြောင်းပြု၍ ပေါ်လာရမည့် မဝေးလှတော့သော ဗမာ့လွတ်လပ်ရေး အရေးတော်ပုံကြီး၊ မဟာအခါတော်ကြီးများအတွက် နိဒါန်းကလေးမျှသာ ဖြစ်ကြောင်းကို ကောင်းကောင်းကြီး ထင်မြင်မိတော့၏။"

ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ရဲစွမ်းသတ္တိရှိမှု၊ နိုင်ငံရေးတွင် တွေးခေါ်မြော်မြင်နိုင်စွမ်း ကြီးမားမှုတို့ ရှိသည်သာမက ထူးခြားပြောင်မြောက်သော စကားအရာ တန်ဆာဆင်မှုများနှင့်လည်း ကြွယ်ဝလှသဖြင့် စတုတ္ထမြန်မာနိုင်ငံတော်ကြီးကို ထုဆစ်ပုံဖော်တည်ဆောက်နိုင်သူ နိုင်ငံရေးသုခမိန်၊ မြန်မာ့ဗိသုကာကြီးဟု ဂုဏ်ပြုမော်ကွန်းထိုးအပ်ပါသည်။ ။



ကိုအောင်ဆန်းနှင့် အိုးဝေမဂ္ဂဇင်း အယ်ဒီတာအဖွဲ့ဝင်များ။

## ၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်း ကာကွယ်ရေး။

(၂) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်တော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံရေး ဆွေးနွေးပွဲများမှတစ်ဆင့် "ထာဝရငြိမ်းချမ်းရေး"ပန်းတိုင်သို့ ရောက်ရှိအောင် ပြည်ထောင်စု တိုင်းရင်းသားအားလုံးမှ နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်ရေး။

(၅) စီးပွားရေး၏ အဓိက မောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိက ကဏ္ဍကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။




"လူမျိုးရေးတရားဟာလည်း ငါ့လူမျိုးမှ ငါ့လူမျိုး၊ တခြားလူမျိုးတွေဟာ ငါ့လောက်မမြတ်။ ငါ့လူမျိုးသာ ကမ္ဘာ ကြီးစိုးရမယ်ဆိုတဲ့ ကျဉ်းမြောင်းသေးသိမ်တဲ့ လူမျိုးရေးတရားမဟုတ်ဘဲ ကိုယ့်လူမျိုးကိုယ် ချစ်ခင်သော်လည်း တခြားလူမျိုးများကို မုန်းတီးခြင်း၊ အထင်သေးခြင်းမဖြစ်ဘဲ ကမ္ဘာမှာ တိုင်းပြည်အချင်းချင်း သင့်မြတ်စွာ တစ်ဦးအကျိုးတစ်ဦးဖြစ်ပွားစေအောင် ဆောင်ရွက်တဲ့ လူမျိုးရေးတရားမျိုးလည်း ဖြစ်ရမယ်"

*(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၅ ခုနှစ်၊ ဩဂုတ်လတွင် ကျင်းပသော စတုတ္ထအကြိမ်မြောက် နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေး၌ မြွက်ကြားသည့် မိန့်ခွန်းကောက်နုတ်ချက်)*

# လွတ်လပ်ရေးပန်း ပြည်တန်ပန်း

❖ ပန်းများပွင့်ရာ...ဤကမ္ဘာ
သာယာလှပ...လွန်းပါဘိ
ပန်းမျိုးစုံသော...ပန်းစုံတော
ကျယ်ပြော ကျယ်ဝန်း...လွန်းပါဘိ။

❖ ပွင့်သော မွှေးသော...ပန်းစုံတောကား
ကျယ်ပြောသမျှ...ပန်းစုံလှ၏။
လှပသည့်ပန်း...ညမွှေးပန်းနှင့်
မလန်းသည့်ပန်း...အညှပ်ပန်းအပြင်
မြင့်ပန်း နိမ့်ပန်း...အဆန်းဆန်းသည်
လန်း မွှေးမစဲ...လိပ်ပြာဝဲ။

❖ မြန်မာပြည်တွင်...ပန်းမရှင်အောင်
ရှေ့တွင်ကာလျက်...နင်းခြေလျက်မို့
စိုက်လျက်မရှင်...ရှင်လျက်မသန်
သန်လျက်မမွှေး...ပွင့်လျက်မလန်း
လန်းလျက်မမွှေး...မျိုးစေ့လေးသည်
ဝေးသည့်ရေကြောင့်...ဆွေးရှေ့မည်။

❖ မြန်မာပြည်ကို...ချစ်လွန်းပိုသည့်
"ဗိုလ်ချုပ်အောင်ဆန်း...လူဖြောင့်တန်း"သည်
"ပန်းပွင့်တစ်ပွင့်...ပင်ယံမြင့်"ကို
ရင်နှင့်အမျှ...လိုချင်လှ၍
ယုယနေ့စဉ်...ပေါင်း မြက်...သင်၏။

ဥယျာဉ်ပန်းခင်း...စောင့်ရှောက်ရင်းဖြင့်
သက်ဆင်းချွေးစ...မြေသို့ခ၏။

❖ "ဘဝအတွက်...ငဲ့မတွက်ဘဲ
မမက်မမော"...ချစ်လှဖော...ဖြင့်
နေ့ရောညပါ...ကြိုးပမ်းရာစဉ်
အာဏာမက်မော..."ဂျွန်စော"၏
တွေးတောမရှု...လုပ်ကြံမှုကြောင့်
ပြည်သူ့သည်းညာ...ကျဆုံးရှာပေါ့။

❖ ဗိုလ်ချုပ်အဖြစ်...ရော်မိနစ်လည်း
"ချစ်လှသည့်ပန်း...တောင့်တပန်း" ကို
လှမ်းဆွတ်ယူပေး...တိုင်းပြည်ပေးခဲ့။

❖ ထိုပန်းကလေး...မွှေးထက်မွှေး၏
"မြတ်လေး သဇင်...ပန်းတော်ဝင်"သို့
မယှဉ်သာရဲ...ကဲထက် ကဲ၏
ပြည့်သည်း ချစ်ပန်း...တည်ရှိပန်းကား
"အေးချမ်းချိန်" "မြတ်"... ပွင့်ချပ်ထပ်ဖြင့်
"ပွင့်ဖတ်"က "မြတ်"..."ရိုးတံ" "မြတ်"အပြင်
"မြတ်"သည်ထက်"မြတ်" ...လုံးစုံ"မြတ်"သည့်
"လွတ်လပ်ရေးပန်း"..."မြင့်မြတ်ပန်း"
မြင့်မြတ်သည့်ပန်း..."ပြည်တန်ပန်း"...။ ။

ကိုရဲ(ဥပဒေ)

[နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုလျက်]

## နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ကို ကြိုဆိုသောအားဖြင့် အလွတ်တမ်း စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ရေဦး ဒီဇင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် စစ်တုရင်ကော်မတီက ကြီးမှူး၍ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အကြိုအထိမ်းအမှတ် အလွတ်တမ်း စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မြသီတာခန်းမ၌ ကျင်းပရာ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဦးကျော်နိုင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဦးကျော်နိုင်က စစ်တုရင်အစကွက်ရွှေ့ပေးကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ အဆိုပါပြိုင်ပွဲသို့ ရန်ကုန်၊ မန္တလေး၊ မြစ်ကြီးနား၊ ရွှေဘို၊ ငါန်းဇွန်၊ မုံရွာ၊ ခင်ဦး၊ ရေဦးမြို့နယ်များမှ စစ်တုရင်အားကစားသမား ၅၀ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ဆုများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု ငါးဆုအပြင် ဒေသန္တရဆု သုံးဆုကိုလည်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**

## စာစီစာကုံးပြိုင်ပွဲနှင့် ဂိမ်းကစားပြိုင်ပွဲများ ကျင်းပ

**ကျွန်းလှ ဒီဇင်ဘာ ၂၇**

ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီက စာစီစာကုံးပြိုင်ပွဲနှင့် ဂိမ်းကစားပြိုင်ပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများ ကျင်းပ၍ ပြိုင်ပွဲဝင်များအား မုန့်နှင့် လက်ဆောင်ပစ္စည်း၊ ဗလာစာအုပ်များ ပေးအပ်ခဲ့သည်။ ထို့နောက် ဂိမ်းကစားနည်းပြိုင်ပွဲ၊ ခါးကွင်းလှည့်ပြိုင်ပွဲ ပြုလုပ်ပေးပြီး ဆုများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**



# တတိယအကြိမ်မြောက် BIMSTEC နိုင်ငံများ၏ ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

တတိယအကြိမ်မြောက် BIMSTEC နိုင်ငံများ၏ ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေး(The 3rd BIMSTEC Ministerial Meeting on Poverty Alleviation, preceded by the 3rd BIMSTEC Senior Officials' Meeting)အား သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် ဒီဇင်ဘာ ၁၉ ရက်မှ ၂၀ ရက်အထိ ကျင်းပရာ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ သမ္မတ H.E. Mr. Maithripala Sirisena က ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားခဲ့ပြီး BIMSTEC အဖွဲ့ဝင်နိုင်ငံများ ဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့မှ ဝန်ကြီးအဆင့် ကိုယ်စားလှယ်များ၊ အဆင့်မြင့်အရာရှိကြီးများနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ခဲ့သည်။

မြန်မာနိုင်ငံမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်နှင့်အဖွဲ့က ဒီဇင်ဘာ ၂၀ ရက်တွင် ကျင်းပသည့် ဝန်ကြီးအဆင့် အစည်းအဝေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်နှင့်အဖွဲ့က ဒီဇင်ဘာ ၁၉ ရက်တွင် ကျင်းပသည့် အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးများတွင် BIMSTEC နိုင်ငံများ၏ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းအစီအစဉ် (Poverty Plan of Action) ရေးဆွဲအကောင်အထည်ဖော်မှုများနှင့် စပ်လျဉ်း၍ အဓိကဦးတည် ဆွေးနွေးခဲ့ကြပြီး ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် နီပေါနိုင်ငံ၌ ကျင်းပသည့် The 2nd BIMSTEC Ministerial Meeting on Poverty Alleviation အစည်းအဝေးမှ အတည်ပြုချမှတ်ခဲ့သည့် Poverty Plan of Action အပေါ် သက်ဆိုင်ရာနိုင်ငံအလိုက် စီမံကိန်းနှင့် ဘတ်ဂျက်တွင် ပေါင်းစပ်ထည့်သွင်းဆောင်ရွက်ခဲ့မှုများနှင့် တိုးတက်မှုအခြေအနေများ၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပသည့် ပထမအကြိမ် BIMSTEC နိုင်ငံများ၏ ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ အစည်းအဝေး၏ အကြံပြုချက်များနှင့်အညီ ပြင်ဆင်ဖြည့်စွက်ထားပြီးဖြစ်သည့် Poverty Plan of Action ပါ ဦးစားပေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

အလားတူ BIMSTEC နိုင်ငံများအတွင်း ကုန်သွယ်မှုနှင့် ခရီးသွားလုပ်ငန်းတိုးတက်ကောင်းမွန်စေရေးအတွက် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍမှတစ်ဆင့် ချိတ်ဆက်မှုများ တိုးမြှင့် ဆောင်ရွက်သွားရန်၊ သဘာဝဘေးထိခိုက်မှု လျော့နည်းသက်သာစေရေးနှင့် ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းစေရန်၊ ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အကဲဖြတ် သုံးသပ်မှုပြုလုပ်နိုင်ရန်၊ နိုင်ငံတွင်းနှင့် ဒေသတွင်း မူဘောင်များ ရေးဆွဲဆောင်ရွက်သွားရန်၊ အမျိုးသမီးများ အပါအဝင် ထိခိုက်လွယ်အုပ်စုများမှ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ခွင့် ရရှိစေရေးအတွက် ဥပဒေကြောင်းအရ ထောက်ပံ့ပေးမှုများ မိတ်ဆက်ဆောင်ရွက်သွားရန်နှင့် ကမ္ဘာလုံးဆိုင်ရာ/ဒေသဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်အပါအဝင် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ကိစ္စရပ်များအပေါ် အဖွဲ့ဝင်နိုင်ငံများ အချင်းချင်း အမြင်ချင်းဖလှယ် ဆောင်ရွက်သွားနိုင်ရေးအတွက် အကြံပြုဆွေးနွေးပွဲများ ပြုလုပ်သွားရန် အစရှိသည့် ကိစ္စရပ်များအပေါ် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ခဲ့ကြပြီး BIMSTEC Poverty Plan of Action နှင့် COLOMBO Statement on Poverty Alleviation အား ဝန်ကြီးအဆင့်အစည်းအဝေးမှ အတည်ပြုချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# ပဲစားသုံးမှု မြှင့်တင်ပွဲများ ကျင်းပနေရခြင်းဟာ ပဲကနေရရှိတဲ့ အာဟာရကြွယ်ဝမှုကို အဓိကရရှိစေချင်တဲ့ ရည်ရွယ်ချက်နဲ့ ဆောင်ရွက်နေကြခြင်းဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

တာဝန်ရှိသူများ ဦးဆောင်၍ ပဲစားသုံးမှု မြှင့်တင်ပွဲ၊ ပဲစားပွဲတော်များ ပြုလုပ်ခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးအသင်းမှ ကန့်ကွက်ကြောင်း သဘောထား ကြေညာချက် ထုတ်ပြန်ခဲ့သည်။

ဂျပန်နိုင်ငံနှင့် ဥရောပနိုင်ငံများတွင် ပဲဈေးကွက်များရှိသော်လည်း မြန်မာနိုင်ငံမှ စိုက်ပျိုးထုတ်လုပ်နေသော ပဲများမှာ လက်ခံနိုင်သော ပမာဏထက် ပိုးသတ်ဆေးဓာတ်ကြွင်းများ ပိုမိုများပြားနေ၍ ဝယ်ယူမှုမရှိသည်ကိုသိရှိရကြောင်း၊ ပိုးသတ်ဆေးဓာတ်ကြွင်း များပြားသော ပဲအမျိုးမျိုးသီးနှံများကို စားသုံးမိပါက အာရုံကြောထိခိုက်ခြင်း၊ ကိုယ်တစ်ခြမ်းသေခြင်း၊ လေဖြတ်ခြင်း၊ ကိုယ်ဝန်ပျက်ကျခြင်း၊ ကလေးအသေမွေးခြင်းနှင့် ကင်ဆာရောဂါအမျိုးမျိုး ဖြစ်ပွားစေနိုင်ကြောင်း၊ ထို့ကြောင့် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများအနေဖြင့် စားသုံးသူကို ကာကွယ်ရမည့်အစား ပဲစိုက်တောင်သူနှင့် ပဲကုန်သည်များ၏ မျက်နှာတစ်ခုတည်းကို ကြည့်၍ ပြည်တွင်းတွင် ပဲစားသုံးမှု မြှင့်တင်ပွဲများ၊ ပွဲတော်များကို ဦးဆောင်ကျင်းပနေခြင်းကို ရပ်ဆိုင်းရန် မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးအသင်း၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။

ယင်းထုတ်ပြန်ချက်နှင့် ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်က "ပဲမျိုးစုံအပါအဝင် လယ်ယာထုတ်ကုန်သီးနှံတွေ စိုက်ပျိုးထုတ်လုပ်မှုအပိုင်းမှာ GAP လို့ခေါ်တဲ့ ကောင်းမွန်တဲ့ စိုက်ပျိုးခြင်းအလေ့အထတွေ ဖြစ်ပေါ်စေဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနက ကြိုးပမ်းအားထုတ်နေကြတာ အားလုံးအသိဖြစ်ပါတယ်၊ ပြည်ပကို တင်ပို့လိုက်တဲ့ အချို့သီးနှံတွေမှာ သတ်မှတ်ထားတဲ့ ပိုးသတ်ဆေးဓာတ်ကြွင်းပမာဏ များနေတာကြောင့် ငြင်းပယ်ခံရမှု အချို့ရှိနေတာ မှန်ပါတယ်၊ ဒါကြောင့် ကျွန်တော်တို့ စားသုံးသူရေးရာဦးစီးဌာနနဲ့ စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ရန်ကုန်တိုင်းဒေသကြီးနဲ့ ပဲခူးတိုင်းဒေသကြီးတွေက မြို့နယ်အချို့မှာ ပဲတီစိမ်းရွှေဝါ စိုက်ပျိုးလျက်ရှိတဲ့ ကျေးရွာတွေကို ကွင်းဆင်းအသိပညာပေးမှုနဲ့ သင်တန်းပို့ချမှုတွေ ပြုလုပ်ပေးပြီး EU နိုင်ငံတွေမှာ ပဲပင်ပေါက်အဖြစ် စားသုံးနိုင်တဲ့ အဆင့်ရှိအောင် တင်ပို့ပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ EU ကို နှစ်စဉ် ပဲတီစိမ်းရွှေဝါတန်ချိန် ၁၀၀၀၀ ကျော် တင်ပို့ပေးလျက်ရှိပါတယ်၊ ကျန်တဲ့ ပဲမျိုးစုံကိုလည်း ဩစတြေးလျ၊ ဘယ်လ်ဂျီယံ၊ ကနေဒါ၊ ဘူလ်ဂေးရီးယား၊ ဂျာမနီ၊ ဂျပန်စတဲ့ နိုင်ငံတွေကို နှစ်စဉ်ပို့ခဲ့သလို အခု ဘဏ္ဍာနှစ်မှာလည်း ဆက်လက်တင်ပို့နေရဆဲပဲ ဖြစ်ပါတယ်၊ ပဲမျိုးစုံ ပြည်ပတင်ပို့မှုကို ကြည့်ရင် ယခင်ဘဏ္ဍာနှစ်က တန်ချိန် ၁၂ ဒသမ ၂၅ သိန်း တင်ပို့ခဲ့ပြီး လက်ရှိဘဏ္ဍာနှစ်မှာ ယခုအချိန်ထိ တန်ချိန် ၁၀ ဒသမ ၂၁ သိန်း တင်ပို့ထားနိုင်တာကြောင့် ယခင် ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၅၄၄၀၀ ကျော် ပိုမိုတင်ပို့ထားပြီးဖြစ်တာတွေ့ရပါတယ်၊ ဆိုလိုတာက သူတို့ပြောသလို ပိုးသတ်ဆေးဓာတ်ကြွင်းကြောင့် ပြည်ပကို တင်ပို့နိုင်မှု မရှိဘူးဆိုတဲ့ ဖော်ပြချက် မမှန်ကန်ဘဲ အရင်နှစ်ထက်တောင် ပိုပြီး တင်ပို့ထားနိုင်တဲ့အခြေအနေ ဖြစ်ကြောင်း ပြောလိုပါတယ်။

ပိုးသတ်ဆေးဓာတ်ကြွင်းကြောင့် စားသုံးသူတွေအနေနဲ့ ဆိုးရွားတဲ့ ကျန်းမာရေး ထိခိုက်မှုတွေ ရရှိနိုင်တယ်ဆိုတာ ငြင်းလို့မရတဲ့ကိစ္စပါ၊ ဒါလည်း ကျန်းမာရေးဝန်ကြီးဌာနက ဆွေးနွေးဟောပြောမှုတွေ လုပ်ပေးနေတာ ဖြစ်ပါတယ်၊ ဒါပေမယ့် ရောင်းမကုန်တဲ့ ပိုးသတ်ဆေး ဓာတ်ကြွင်းများပြားနေတဲ့ ပဲတွေကို ပြည်တွင်းစားသုံးသူတွေကို ရောင်းချတယ်လို့ဆိုတာက ဘယ်နေရာက ပဲကို၊ ဘယ်ဓာတ်ခွဲခန်းမှာ စမ်းသပ်ပြီး ဓာတ်ကြွင်းတွေ ဘယ်လောက်များနေသလဲဆိုတဲ့ မေးခွန်းတော့ ပြန်မေးရမယ့်ကိစ္စရှိမှာ ဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံက ပဲတင်သွင်းမှု အရေအတွက် ကန့်သတ်တဲ့ မူဝါဒပြောင်းလဲမှုကြောင့် ပဲစင်းငုံကို တန်ချိန် နှစ်သိန်းနဲ့ မတ်ပဲကို တန်ချိန် သုံးသိန်း သတ်မှတ်ခဲ့တာဟာ ပိုးသတ်ဆေးဓာတ်ကြွင်းများတာကြောင့် မဟုတ်ဘဲ သူတို့နိုင်ငံရဲ့ ပဲစိုက်တောင်သူတွေ အခွင့်အရေးကို ကာကွယ်ပေးတဲ့သဘောနဲ့ ဆောင်ရွက်ခဲ့ခြင်းသာ ဖြစ်ပါတယ်၊ ဒီလို သတ်မှတ်မှုကြောင့် ပြည်တွင်းမှာ မတ်ပဲနဲ့ ပဲစင်းငုံ ဈေးနှုန်းတွေ ကျဆင်းခဲ့တာ တွေ့ရပါတယ်၊ ကျွန်တော်တို့ ဌာနက ပဲစားသုံးမှု မြှင့်တင်ပွဲတွေ ကျင်းပပေးနေရခြင်းဟာလည်း စားသုံးသူပြည်သူတွေအနေနဲ့ ဈေးနှုန်းကြီးမြင့်တဲ့ အသား၊ ငါးတွေအစား ဈေးနှုန်းသက်သာစွာနဲ့ ပဲကို ဝယ်ယူစားသုံးနိုင်ကြပြီး ပဲကနေရရှိတဲ့ အာဟာရကြွယ်ဝမှုကို အဓိက ရရှိစေချင်တဲ့ ရည်ရွယ်ချက်နဲ့ ဆောင်ရွက်နေကြခြင်းသာ ဖြစ်ပါတယ်။

အဲဒီအသင်းက ဖော်ပြခဲ့တဲ့ ပဲစိုက်တောင်သူနဲ့ ပဲကုန်သည်တွေရဲ့ မျက်နှာတစ်ခုတည်းကို ကြည့်ပြီး ဆောင်ရွက်နေတယ်ဆိုတဲ့ ကိစ္စနဲ့ပတ်သက်ပြီး ပြောရရင် ပဲစိုက်တောင်သူတွေဆိုတာ ကျွန်တော်တို့နိုင်ငံရဲ့ အဓိကကျတဲ့ အခြေခံ လူတန်းစားတွေ ဖြစ်တာကြောင့် ကြည့်သင့်တဲ့ အတိုင်းအတာတစ်ခုအထိ ကြည့်ပေးရမှာပဲ ဖြစ်ပါတယ်၊ ပဲကုန်သည်ကတော့ ပဲလုပ်ငန်းလုပ်လို့ မရရင် အခြားလုပ်ငန်းကို ပြောင်းလဲလုပ်ကိုင်နိုင်သူတွေ အများစု ဖြစ်တယ်ဆိုပေမယ့် သူတို့လည်း ကိုယ့်နိုင်ငံသားတွေ ဖြစ်တာကြောင့် စောင့်ရှောက်ပေးရမှာပဲ ဖြစ်ပါတယ်၊ ဒါပေမယ့် ပဲစားသုံးမှု မြှင့်တင်ပွဲတွေ ကျင်းပနေရခြင်းဟာ တောင်သူနဲ့ ကုန်သည်တွေရဲ့ အကျိုးတစ်ခုတည်းကိုသာ ရည်ရွယ်ဆောင်ရွက်ခြင်း မဟုတ်ဘဲ ကျွန်တော်တို့ ဌာနအနေနဲ့ အချိန်အခါနဲ့အညီ ဖြစ်ပေါ်နေတဲ့ ကိစ္စရပ်တွေအပေါ် အစိုးရဌာနတစ်ခုရဲ့ လုပ်သင့်လုပ်ထိုက်တဲ့ တာဝန်တစ်ရပ်အနေနဲ့ ဆောင်ရွက်ရခြင်းပဲ ဖြစ်ပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

**ရှင်မင်း**

# ရိုက်တာသတင်းဌာနမှ သတင်းထောက်နှစ်ဦးကို ရုံးထုတ်၊ ဒုတိယအကြိမ် ချုပ်ရက်ယူ

**ရန်ကုန် ဒီဇင်ဘာ ၂၇**

မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်ချက် အက်ဥပဒေဖြင့် ဖမ်းဆီးခံရသော ရန်ကုန်အခြေစိုက် ရိုက်တာသတင်းဌာနမှ သတင်းထောက်နှစ်ဦးကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်တရားရုံး၌ ရုံးထုတ်ခဲ့ပြီး ဒုတိယအကြိမ် ချုပ်ရက်(ရမန်)ယူခဲ့ကြောင်း အဆိုပါတရားရုံးမှသိရသည်။

"ဒီကနေ့မှာတော့ ရဲလုပ်ငန်းအရ အမှုတည်ဆောက်ဖို့အတွက် ဒုတိယအကြိမ် ချုပ်ရက်ယူတာပါ၊ ချုပ်ရက်ယူထားတဲ့ ကာလမှာ အင်းစိန် အကျဉ်းထောင်မှာ ချုပ်မိန့်ပေးထားပါတယ်၊ လတ်တလောမှာတော့ တရားစွဲဆိုတဲ့အဆင့်ကို မရောက်သေးပါဘူး၊ တရားစွဲဆိုနိုင်ဖို့ ရဲတပ်ဖွဲ့က စစ်ဆေးနေတဲ့ကာလပဲ ဖြစ်ပါတယ်"ဟု မင်္ဂလာဒုံမြို့နယ်တရားသူကြီးက မြန်မာ့သတင်းစဉ်၏ မေးမြန်းမှုအပေါ် ဖြေကြားသည်။

ရန်ကုန်အခြေစိုက် ရိုက်တာသတင်းဌာနမှ သတင်းထောက် ကိုဝလုံး (ခေါ်) သက်ဦးမောင်မောင်နှင့် ကိုကျော်စိုးဦး(ခေါ်) မိုးအောင် တို့နှစ်ဦးအား ထောက်ကြန့် နယ်မြေရဲစခန်းက (ပ) ၁၂၉၈/ ၂၀၁၇၊ ၁၉၂၃ ခုနှစ် မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက် အက်ဥပဒေ ပုဒ်မ ၃(၁)(ဂ) တို့ဖြင့် အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အမှုကို ဒုတိယရဲမှူးကြီးယုနိုင်က တရားလိုအဖြစ် အမှုဖွင့်လှစ်ခဲ့ပြီး အမှုနှင့်ပတ်သက်၍ ဒီဇင်ဘာ ၁၃ ရက်တွင် မင်္ဂလာဒုံမြို့နယ် တရားရုံး၌ ပထမအကြိမ်ချုပ်ရက် (ရမန်) ရယူခဲ့ကြောင်းသိရသည်။

ယနေ့နံနက်ပိုင်းက တရားရုံး၌ ဒုတိယအကြိမ်ချုပ်ရက် (ရမန်) ရယူရာတွင် ဖမ်းဆီးခံရသူ နှစ်ဦးကို တရားရုံးသို့ သီးသန့် မော်တော်ယာဉ်ဖြင့် ခေါ်ဆောင်ခဲ့ကာ မိသားစုဝင်များနှင့်လည်း တွေ့ဆုံခွင့်ရရှိခဲ့ကြောင်း သိရသည်။

အမှုနှင့်ပတ်သက်၍ ဖမ်းဆီးခံရသူနှစ်ဦးဘက်မှ လိုက်ပါဆောင်ရွက်ပေးနေသည့် တရားလွှတ်တော်ရှေ့နေ ဦးသန်းဇော်အောင်က "သူတို့နှစ်ဦးကို အင်းစိန်ထောင်ကို တန်းပို့မယ်လို့သိရပါတယ်၊ သူတို့ကို ဒီဥပဒေနဲ့ မစွဲသင့်ပါဘူး၊ အဓိက ကတော့ သတင်းသမားက သတင်းအချက်အလက်ကောက်ခံတယ်၊ သတင်းရေးဖို့ လုပ်ဆောင်ရင်းနဲ့ အချက်အလက်တွေကိုမိသွားတယ်၊ သူတို့အနေနဲ့ သတင်းမီဒီယာ ကျင့်ဝတ်နဲ့အညီ သတင်းကိစ္စတွေကို ထမ်းဆောင်ရင်းနဲ့ ဒီလိုမျိုးပုဒ်မတွေနဲ့ စွပ်စွဲခံရတာက သတင်းသမားတွေအတွက် အလွန်နစ်နာပါတယ်၊ ပြည်သူတွေအတွက်လည်း သိပိုင်ခွင့်တွေ ဆုံးရှုံးပါတယ်၊ လာမယ့် တရားခွင်မှာ ကျွန်တော်တို့ ဆက်ပြီး ရင်ဆိုင်သွားမှာပါ"ဟု မီဒီယာများကို ပြောသည်။

အဆိုပါ အမှု၏ ဒုတိယအကြိမ် ချုပ်ရက်(ရမန်)ကာလမှာ လာမည့် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ပြည့်မြောက်ပြီဖြစ်သဖြင့် တရားရုံးက ယင်းနေ့သို့ ထပ်မံချိန်းဆိုလိုက်ကြောင်း သိရသည်။

**ဇော်ကြီး**

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက နိုင်ငံတော်အနေဖြင့် စီးပွားရေး အလျင်အမြန်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးမှုကို အဓိက အထောက်အကူပြုစေနိုင်သည့် ပြည်ပရင်းနှီးမြှုပ်နှံမှု အရှိန်အဟုန်မြှင့် ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိရာတွင် စီးပွားရေးဖွံ့ဖြိုးမှုနှင့်အတူ ပတ်ဝန်းကျင်ထိခိုက်ယိုယွင်းစေမှု ယှဉ်တွဲပါရှိလာနိုင်သည့်အတွက် ထိရောက်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးကို အထူးဂရုပြု ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ နှစ်စဉ်နီးပါးကြုံတွေ့နေရသည့် သဘာဝဘေးအန္တရာယ်များမှာ ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးများဖြစ်ကြောင်း၊ ကမ္ဘာ့ရာသီဥတုဆိုင်ရာ ပညာရှင်



များ၏ ၂၀၁၇ခုနှစ် လေ့လာဆန်းစစ်ချက်အရ မြန်မာနိုင်ငံသည် ကမ္ဘာတွင် ရာသီဥတုပြောင်းလဲမှုထိခိုက်အလွယ်ဆုံး တတိယအဆင့်နေရာတွင် ရှိနေသည့်အတွက် နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကစိန်ခေါ်မှု တစ်ခုဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် သဘာဝသယံဇာတများ အပေါ်မှာ အဓိကမှီခိုအားထားနေရသည့်အတွက် သစ်တော၊ သတ္တု၊ ရေသယံဇာတနှင့် ဇီဝမျိုးစုံမျိုးကွဲ စသည့် သဘာဝ သယံဇာတ အရင်းအမြစ်များ ယိုယွင်းလာမှုမရှိအောင် အထူးအလေးပေး ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ် တာဝန်ခံများအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန်အတွက် ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းက လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ လိုအပ်ချက်များ၊ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများ၊ တာဝန်ခံအရာထမ်းများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့ (ပတ်ဝန်းကျင်) တာဝန်ခံတို့က ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## ✪ တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေးမှ

တွေ့ရတယ်၊ မြန်မာနိုင်ငံထုတ် တခြားပစ္စည်းတွေကိုလည်း လာရောက်လေ့လာကြည့်ရှုတဲ့သူတွေ များပါတယ်”ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာ့စားသောက်ကုန်လျှော်ဖြူကို လာရောက်ခင်းကျင်းရောင်းချသည့် စောနန်းမူ ကုမ္ပဏီမှ ကိုကျော်သက်ခိုင်က “ဒီပြပွဲမှာ ကျွန်တော်တို့အနေနဲ့ လျှော်ဖြူကို လာရောက်ပြသတာဖြစ်ပါတယ်၊ အချောထည်အနေနဲ့ ဆေးကုလားမလို့လည်း ခေါ်ပါတယ်၊ ဆေးကုလားမကို တရုတ်ပြည်ဘက်မှာ ဆေးစာအဖြစ်လည်း အသုံးပြုကြတယ်၊ လျှော်ဖြူမှာ အဖြူ အဝါ စသဖြင့် အရောင်အမျိုးမျိုး ရှိပါတယ်၊ ဒီထုတ်ကုန်ပစ္စည်းဟာ တရုတ်ဘက်က လုပ်ငန်းရှင်တွေနဲ့ ပထမဆုံး ချိတ်ဆက်ပြီး လာရောက်ခင်းကျင်း ရောင်းချတာဖြစ်ပါတယ်၊ နိုင်ငံအတွက် ဘာတွေအကျိုးရှိသလဲဆိုရင် ကျွန်တော်တို့ နိုင်ငံမှာ လျှော်ဖြူအများအပြား စိုက်တဲ့တောင်သူတွေရှိပါတယ်၊ ဒီအတွက် ဈေးကွက်လေးတစ်ခုလည်း ဖြစ်လာစေချင်တယ်၊ လာရောက်ကြည့်ရှုသူတွေလည်း ထုတ်ကုန်သစ်အနေနဲ့ အထူးကြိုက်နှစ်သက်တာကို တွေ့ရတဲ့အတွက် ဝမ်းမြောက် ဂုဏ်ယူမိပါတယ်”ဟု ပြောသည်။

မြန်မာနိုင်ငံမှ ထောပတ်သီးများကို လာရောက်ခင်းကျင်းရောင်းချသည့် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ တစ်မိုးအောက်ညီနောင်များအဖွဲ့မှ ခွန်စောသိန်းဦးက “ဒေသထွက် ထောပတ်သီးတွေကို ပထမဆုံးအကြိမ် လာရောက်ပြသရောင်းချတာဖြစ်ပါတယ်၊ လာရောက်ရောင်းချဖြစ်တဲ့ ရည်ရွယ်ချက်ကတော့ မြန်မာ- တရုတ် နှစ်နိုင်ငံပူးပေါင်းရေးမှာ ထောပတ်သီးတွေကို တရုတ်နိုင်ငံမှာ ဖြန့်ကြက် ရောင်းချရုံသာမကဘဲ ကမ္ဘာ့ဈေးကွက်ထိအောင် ထိုးဖောက်နိုင်အောင် လာရောက် ရောင်းချခြင်းဖြစ်ပါတယ်၊ ဒီထောပတ်သီးတွေဟာ ဓာတုဆေးဝါးမပါတဲ့အတွက် စားသုံးသူတွေ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ပါတယ်၊ ခန္ဓာကိုယ်မှာ မလိုအပ်တဲ့ အဆီဓာတ်တွေကိုလည်း လျှော့ချပေးတယ်၊ ဆံပင်တွေကိုလည်း နက်မှောင်သန်စွမ်းစေတဲ့အတွက် ကျန်းမာရေးကို များစွာအထောက်အကူပြုနိုင်ပါတယ်၊ ပြပွဲမှာ အခက်အခဲတစ်ခုရှိတာက ဘာသာစကားပါ၊ ဒါပေမယ့် အကျိုးကျေးဇူးအနေနဲ့ တရုတ်လုပ်ငန်းရှင်တွေနဲ့ အချိတ်အဆက်တွေရရှိပါတယ်၊ ဒီပွဲမှာ ကျွန်တော်တို့ မျှော်လင့်ချက်ကတော့ မြန်မာ့ထောပတ်သီးအရည်အသွေးကို ကမ္ဘာကသိဖို့ဖြစ်ပါတယ်”ဟု ရှင်းပြသည်။

ကုန်စည်ပြပွဲနှင့်ပတ်သက်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဒေါက်တာထိန်လင်းက “ဒီကုန်စည်ပြပွဲကို ၂၀၀၁ ခုနှစ်ကစပြီး မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံမှာ တစ်လှည့်စီ ကျင်းပခဲ့တာ အခုဆိုရင် (၁၆) ကြိမ်မြောက်ရှိလာပြီဖြစ်ပါတယ်၊ တရုတ်နိုင်ငံမှာဆိုရင် အရင်က ကျယ်ဂေါင်မှာ ကျင်းပခဲ့ပြီး ဒီနှစ်မှာတော့ ရွှေလီမြို့မှာ ပထမဆုံးအကြိမ် ကျင်းပတာ ဖြစ်ပါတယ်၊ အခုကုန်စည်ပြပွဲကြီးကို ဒီဇင်ဘာ ၂၆ ရက်ကနေ ၃၀ ရက်ထိ ငါးရက်တိုင်တိုင် ကျင်းပသွားမှာဖြစ်ပါတယ်၊ မြန်မာလုပ်ငန်းရှင်တွေအတွက်ရော၊ တရုတ်လုပ်ငန်းရှင်တွေအတွက်ပါ အဓိကအရေးကြီးတဲ့ ပြပွဲကြီးဖြစ်ပါတယ်၊ မြန်မာနိုင်ငံကထွက်ရှိတဲ့ ပစ္စည်းတော်တော်များများကိုလည်း တရုတ်ပြည်ကနေ အဓိကထား ဝယ်ယူနေကြတာဖြစ်သလို မြန်မာနိုင်ငံက ထုတ်ကုန်ပစ္စည်းတွေကိုလည်း တရုတ်နိုင်ငံကိုသာ အဓိကတင်ပို့နေတာဖြစ်တဲ့အတွက် တရုတ်ပြည်သူပြည်သားတွေအနေနဲ့ မြန်မာနိုင်ငံက ပြတဲ့ပစ္စည်းတွေကို စိတ်ဝင်တစားလာရောက်ကြည့်ရှု ဝယ်ယူနေကြတာကို ကျွန်တော်တို့ တွေ့ရပါတယ်၊ ကုန်စည်ပြပွဲကြီးကို ကျင်းပနိုင်တဲ့အတွက် ကုန်သွယ်မှု မြှင့်တင်ရေးကို များစွာအထောက်အကူပြုမယ်လို့ ယုံကြည်ပါတယ်၊ လာရောက်ပြသတဲ့ နှစ်နိုင်ငံမှ ကုန်သွယ်လုပ်ငန်းရှင်တွေအနေနဲ့လည်း ရင်းနှီးမှုရပြီး စီးပွားရေးဆိုင်ရာ အဆက်အသွယ်တွေနဲ့ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းကောင်းတွေကိုလည်း ရလိမ့်မယ်လို့ မျှော်လင့်ပါတယ်”ဟုပြောသည်။

စက်ရုပ်များနှင့် စက်မှုပိုင်းဆိုင်ရာ ထုတ်ကုန်ပစ္စည်းများကို လာရောက်ခင်းကျင်းပြသသည့် တရုတ်နိုင်ငံမှ ဆိုင်ပေါ်ထန် သိပ္ပံနှင့်နည်းပညာထုတ်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူ တစ်ဦးဖြစ်သူ မစ္စ လင်းစုက “ကျွန်မတို့ ဒီကုန်စည်ပြပွဲမှာ စက်မှုပိုင်းဆိုင်ရာ ပစ္စည်းတွေကို လာရောက်ပြသရောင်းချတာဖြစ်ပါတယ်၊ အဓိကအနေနဲ့ စက်ရုပ်တွေကို လေ့လာကြည့်ရှုတဲ့သူတွေ တော်တော်ကို များပါတယ်၊ ဆိုင်မှာ ခင်းကျင်းပြသထားတဲ့ စက်ရုပ်တွေကို သာမန်ပညာရှင်တွေနဲ့ စတင်တီထွင်ထားတာ မဟုတ်ဘဲ ဒီစက်ရုပ်စတင်တီထွင်တာက နိုင်ငံခြားပညာရှင်တွေကို ခေါ်ပြီး ဒီဇိုင်းပုံစံရေးဆွဲထားတာဖြစ်ပါတယ်၊ ဒီဇိုင်းပုံစံရေးဆွဲတာနဲ့ ပစ္စည်းထုတ်လုပ်တာမှာ သုံးနှစ်လောက် အချိန်ယူလုပ်ဆောင်ခဲ့ရပါတယ်၊ ဒီလိုခေါ်ယူ ပြုလုပ်ထားတာဖြစ်တဲ့အတွက် ဈေးနှုန်းကလည်းများပါတယ်၊ စက်ရုပ်မှာ တပ်ဆင်အသုံးပြုထားတဲ့ ပစ္စည်းအချို့ဟာ ရွှေလီမြို့သာမကဘဲ ပေကျင်းမှာတောင် တွေ့ရခဲပါတယ်၊ ပြပွဲရှိမှသာ ပြပွဲစည်ကားအောင် ထုတ်ပြီး ပြသတာဖြစ်ပါတယ်၊ လူနှစ်ယောက်စာလောက်မြင့်တဲ့ စက်ရုပ်ကြီးတွေလည်း တီထွင်ထားတာရှိပါတယ်၊ ကျွန်မတို့တီထွင်ထားတဲ့ စက်ရုပ်တွေကို တစ်ကမ္ဘာလုံးက သိစေချင်ပါတယ်”ဟု ပြောသည်။

“အခုလိုကုန်စည်ပြပွဲကိုလာဝယ်ရတာ ကျွန်မတို့အတွက် ပိုပြီး အဆင်ပြေပါတယ်၊ မြန်မာပြည်မှာဝယ်မယ်ဆိုရင် သယ်ယူရတာ အဆင်မပြေဘူး၊ ဒီမှာဝယ်ပြီးရင် တစ်ခါတည်း သယ်သွားလို့ရတယ်၊ မြန်မာပြည်က မှာယူမယ်ဆိုရင် ပစ္စည်းတွေက ထိခိုက်ပျက်စီးမှုတွေရှိတယ်၊ သယ်ယူစရိတ်ကလည်း များတယ်၊ မြန်မာပြည်က ထုတ်တဲ့ ငှက်သိုက်နဲ့ ကျွန်းထည်ပစ္စည်းတွေကိုလာရောက်ဝယ်ယူတာဖြစ်ပါတယ်၊ မြန်မာပြည်ကထုတ်တဲ့ အစားအသောက်တွေလည်း ဝယ်တယ်၊ ပြပွဲလုပ်ပြီဆိုရင် ကျွန်မနဲ့ ကျွန်မရဲ့မိတ်ဆွေတွေအားလုံး ဒီမှာလာဝယ်ဖြစ်တယ်၊ စားသောက်ကုန်ထဲမှာ ဆိုရင်လည်း ဆန်၊ ဆီနဲ့ ကော်ဖီတို့ကိုလည်း ဝယ်ဖြစ်တယ်၊ အခုလိုပြပွဲတွေရှိတာ အများကြီး အဆင်ပြေပါတယ်၊ ပြပွဲလုပ်တဲ့အချိန်တိုင်းလည်း လာရောက်ဝယ်ဖြစ်ပါတယ်”ဟု တရုတ်နိုင်ငံ ရွှေလီမြို့တွင် နေထိုင်သည့် ကိုးကန့်လူမျိုး ဒေါ်ချိုချိုဝင်းက ပြောသည်။

**တင်မောင်လွင်၊ မျိုးသူဟိန်း**

---

## သံအမတ်ကြီး ဦးမိုးကျော်အောင် အိန္ဒိယနိုင်ငံသမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမိုးကျော်အောင်သည် ၎င်း၏ခန့်အပ်လွှာကို ဒီဇင်ဘာ ၂၂ ရက်တွင် နယူးဒေလီမြို့၌ အိန္ဒိယသမ္မတနိုင်ငံသမ္မတ မစ္စတာရမ်နက်သ် ကိုဗင့်ဒ် ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**သတင်းစဉ်**

---

## ❒ ဦးပိန်တံတားမှ

လေးထောင်နီးပါးရှိကြောင်း သိရသည်။

အဆိုပါ မီးအလှဆင်ပြသမှုအား LOVE & JOY LED ကမ္ဘာမီးအလှဆင် ကုမ္ပဏီက စီစဉ်ပြုလုပ်ခြင်းဖြစ်ပြီး ဒီဇင်ဘာ ၂၅ ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၈ ရက်အထိ ၁၅ ရက်တိုင်တိုင် နေ့စဉ် ညနေ ၅ နာရီမှ ည ၁၂ နာရီအထိ ပြသသွားမည်ဖြစ်ပြီး လာရောက်ကြည့်ရှုသူများပြီး လိုအပ်ပါက တစ်လတိတိ ရက်ထပ်တိုး ပြသသွားနိုင်ရန် စီစဉ်ထားကြောင်း LJ LED ကမ္ဘာမီးအလှဆင် ကုမ္ပဏီမှ ကိုရဲမြင့်က ပြောသည်။

“ပြည်တွင်းခရီးသွားတွေ၊ ဒေသခံပြည်သူတွေအပြင် နိုင်ငံတကာ ခရီးသွားတွေလည်း စိတ်ဝင်တစားနဲ့ လာရောက်ကြည့်ရှုလေ့လာကြတယ်၊ တချို့နိုင်ငံခြားသားတွေဆို မိသားစုလိုက်လာကြပြီး အမှတ်တရ ဓာတ်ပုံတွေရိုက်ကြတာကို တွေ့ရပါတယ်၊ ဒီ LED မီးလုံးတွေကို နိုင်ငံတကာမှာ အိမ်တိုင်း အလှဆင်ချိတ်ဆွဲထားကြတာကို သိစေချင်တဲ့ ရည်ရွယ်ချက်ပါ၊ ဒီမှာ လာပြီး ချိတ်ဆွဲပြသတာက အမရပူရ မြို့မိမြို့ဖနဲ့ ဒေသခံတွေရဲ့ ဖိတ်ခေါ်မှုနဲ့ အားပေးကူညီမှုကြောင့် ဒီလိုပြသနိုင်ခြင်းဖြစ်ပါတယ်”ဟု ၎င်းက ပြောသည်။


Myanmar LED Beautiful world မီးအလှဆင်ပြပွဲတွင် LED မီးလုံးများနှင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ နာမည်ကျော် ရဲတိုက်များ၊ အဆောက်အအုံပုံများနှင့် မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ ပြကွက်များကို ပုံစံပြသထားပြီး ပြည်တွင်းပြည်ပမှ လာရောက် ခံစားလေ့လာကြည့်ရှုသူများကို လူကြီး ငွေကျပ် ၂၀၀၀ နှင့် ကလေး ငွေကျပ် ၁၀၀၀ သတ်မှတ်ထားပြီး သံဃာတော်များ၊ သက်ကြီးရွယ်အိုများ၊ လူမှုအဖွဲ့အစည်းများ၊ မိဘမဲ့ဂေဟာများ၊ ဘကကျောင်းများနှင့် မသန်စွမ်းသူများအား အခမဲ့ ဝင်ရောက်ကြည့်ရှုခွင့်ပြုထားကြောင်း သိရသည်။**မင်းထက်အောင်(မန်းကိုယ်ပွား)**

---

## စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး- GDP (ပုံမှန်ဈေးနှုန်း)

(အခြေခံနှစ်=၂၀၁၀-၂၀၁၁)

(ကျပ်ဘီလီယံ)




ဓာတ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြသည်။

---

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။

# ရခိုင်ပြည်နယ်သတင်း

## သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ ဦးဆောင်သော သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြုအဖွဲ့မှ ရသေ့တောင်၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်အတွင်းရှိ ပြည်သူများအတွက် လူနာတင်ယာဉ်၊ အဝတ်အထည်နှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်း

**စစ်တွေ ဒီဇင်ဘာ ၂၇**
သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဇ မဟာရဋ္ဌဂုရု တွဲဖက်ရွှေကျင်သာသနာပိုင် ဆရာတော်ကြီး ဒေါက်တာ အရှင်ဉာဏိဿရ ဦးဆောင်သော သီတဂူ အပြည်ပြည်ဆိုင်ရာ သာသနာပြုအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရသေ့တောင်မြို့နယ်ရှိ ပြည်သူများ ကျန်းမာရေး၊ ပညာရေး၊ ပြန်လည်ထူထောင်ရေးအတွက် လူနာတင်ယာဉ်တစ်စီး၊ အဝတ်အထည်များနှင့် ထောက်ပံ့ငွေကျပ်သိန်း ၁၀၀၀ ပေးအပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် မောင်တောမြို့နယ်ရှိ ပြည်သူများ ကျန်းမာရေး၊ ပညာရေး၊ ပြန်လည်ထူထောင်ရေးအတွက် လူနာတင်ယာဉ်တစ်စီး၊ အဝတ်အထည်များနှင့် ထောက်ပံ့ငွေကျပ်သိန်း ၁၀၀၀ ပေးအပ်လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။

ထို့နောက် သီတဂူဆရာတော် ဦးဆောင်သော သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြုအဖွဲ့သည် မောင်တောမြို့ ပြည်သူ့ဆေးရုံကြီးအတွင်း ခွဲစိတ်ခန်း အဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဘူးသီးတောင်မြို့နယ်အတွင်းရှိပြည်သူများ ကျန်းမာရေး၊ ပညာရေး၊ ပြန်လည်ထူထောင်ရေးအတွက် လူနာတင်ယာဉ်တစ်စီး၊ အဝတ်အထည်များနှင့် ထောက်ပံ့ငွေကျပ်သိန်း ၁၀၀၀ ပေးအပ်လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

အဆိုပါ ခရီးစဉ်တွင် သီတဂူဆရာတော် ဒေါက်တာ အရှင် ဉာဏိဿရ၊ ဦးကောဝိဒ၊ ဒေါက်တာသေဠိလ၊ ဦးပဏ္ဍိစ္စ၊ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့် တာဝန်ရှိသူများ လိုက်ပါခဲ့ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**



## ကိုရီးယားသီတဂူအနေနဲ့ ဘုန်းကြီးတို့က အခုလို စုလှူကြတာပါ

**မောင်တော ဒီဇင်ဘာ ၂၇**
ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ဦးဆောင်သော သီတဂူ သာသနာပြုအဖွဲ့သည် ဒီဇင်ဘာ ၂၇ ရက်တွင် ရခိုင်ပြည်နယ်ရှိ ရသေ့တောင်မြို့နယ်၊ မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်နေ ပြည်သူများအတွက် ကျန်းမာရေး၊ ပညာရေး၊ ပြန်လည်ထူထောင်ရေးအတွက် အသုံးပြုရန် လူနာတင်ယာဉ်၊ အဝတ်အထည်များနှင့် အလှူငွေများကို ဒေသအရောက် ပြည်သူများထံ လာရောက်ပေးအပ်လှူဒါန်းခဲ့သည်။ အလှူရှင်ဆရာတော်နှင့် သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြုအဖွဲ့မှ တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြအပ်ပါသည်-



ဆရာတော် ဦးပဏ္ဍိစ္စ



ဦးကျော်မိုးနိုင်



ဦးမြင့်အောင်

**ဆရာတော် ဦးပဏ္ဍိစ္စ**

ဘုန်းဘုန်းတို့ လာရတဲ့ရည်ရွယ်ချက်က ဒီဒေသမှာ ဒုက္ခရောက်နေတဲ့သူတွေ အားလုံးကို အကူအညီပေးချင်တယ်လို့ ဆရာတော်ကြီးက ဘုန်းဘုန်းတို့ဆီ ဖုန်းဆက်တယ်။ ဒီမှာ ဒုက္ခရောက်နေတဲ့သူတွေအတွက် အဝတ်အစားတွေ စုခိုင်းတယ်။ အဲဒီအချိန်မှာ ဘုန်းကြီးကလည်း ဝါတွင်းသုံးလ တရားစခန်းပွဲ လုပ်နေတော့ ဆရာတော်ကြီး အမိန့်ရှိတဲ့အတိုင်း ကိုရီးယားမှာရှိတဲ့ သံဃာတွေအကုန်လုံးကို အကြောင်းကြားလိုက်တယ်။ သံဃာတွေရော၊ ဒါယကာ ဒါယိကာမတွေရော အားလုံး စုပေါင်းလိုက်တာ အဝတ်အစားက ကွန်တိန်နာ နှစ်လုံးစာလောက်ရတယ်။ ကလေးဝတ်၊ လူကြီးဝတ်၊ အနွေးထည် အစုံပါပဲ။ အလှူငွေလည်း ဒေါ်လာ သုံးသောင်းလောက်ရတယ်။ ကိုရီးယားသီတဂူအနေနဲ့ ဘုန်းကြီးတို့က အခုလို စုလှူကြတာပါ။ ဒီဒေသကို မြင်ရတာ သိပ်တော့စိတ်ချမ်းသာစရာ မဟုတ်ဘူး။ နောက်ထပ်ဒီလို ဒုက္ခတွေမကြုံပါစေနဲ့လို့လည်း ဆုတောင်းပေးပါတယ်။ ဘေးရန်ကင်းကင်း ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ ကိုယ့်ရဲ့နိုင်ငံအတွင်းမှာ ကိုယ့်စားဝတ်နေရေးကို လုပ်ကိုင်နိုင်ကြပါစေလို့ မျှော်လင့်ပါတယ်။

**ဦးကျော်မိုးနိုင် (အတွင်းရေးမှူး၊ သီတဂူသာသနာပြုအဖွဲ့)**

သီတဂူဆရာတော်ကြီးဦးဆောင်ပြီး ကျွန်တော်တို့ အပြည်ပြည်ဆိုင်ရာ သာသနာပြုအဖွဲ့ဟာ ရသေ့တောင်၊ မောင်တောနဲ့ ဘူးသီးတောင်ဒေသတစ်ခုစီအတွက် လူနာတင်ယာဉ်တစ်စီးစီ လာရောက်လှူဒါန်းတာ ဖြစ်ပါတယ်။ ဒါ့အပြင် ကိုရီးယားနိုင်ငံမှာရှိတဲ့ သီတဂူဆရာတော်ကြီးရဲ့တပည့် ဘုန်းဘုန်း ဦးပဏ္ဍိစ္စကိုယ်တိုင်ကြွလာပြီးတော့ ကိုရီးယားနိုင်ငံက လှူဒါန်းလိုက်တဲ့ အဝတ်အထည် ကွန်တိန်နာ ပေ ၄၀ နှစ်လုံးစာကိုလည်း လာရောက်လှူဒါန်းတာ ဖြစ်ပါတယ်။ ဒီဒေသရဲ့ ပညာရေး၊ ကျန်းမာရေး လိုအပ်တဲ့ကဏ္ဍတွေအတွက် အသုံးပြုဖို့လည်း ဒေသတစ်ခုစီကို ငွေကျပ်သိန်း ၁၀၀၀ စီ လှူဒါန်းသွားမှာ ဖြစ်ပါတယ်။ ဒီငွေတွေက ဆရာတော်ကြီး အလှူခံလို့ ရရှိထားတဲ့ လှူဒါန်းငွေ၊ တရားဓမ္မဟောကြားလို့ ရရှိထားတဲ့ လှူဒါန်းငွေတွေ စုပေါင်းပြီး သာသနာပြုအဖွဲ့နဲ့ ဆရာတော်ကြီး ဦးဆောင်ပြီး ခုလိုလာရောက်လှူဒါန်းကြခြင်း ဖြစ်ပါတယ်။ ဆရာတော်ကြီးက ငယ်စဉ်ဘဝကတည်းက ဒီဒေသမှာ သာသနာပြုခဲ့တဲ့ ခရီးစဉ်တွေလည်း ရှိခဲ့ပါတယ်။ ပြီးခဲ့တဲ့ သုံးနှစ်လောက်ကလည်း မောင်တောမြို့ ဆေးရုံမှာ လိုအပ်တဲ့ ဆေးရုံသုံးပစ္စည်းတွေကို ဒေါ်လာ တစ်သိန်းကျော်ခန့် လာရောက်လှူဒါန်းခဲ့ပါသေးတယ်။ ရခိုင်ပြည်နယ်မှာ ရေဘေး၊ လေဘေးကြုံတဲ့အခါတွေမှာလည်း ဆရာတော်ကြီးက စဉ်ဆက်မပြတ်လှူဒါန်းပေးနေပါတယ်။ နောက်ပြီး ရခိုင်ပြည်နယ်မှာရှိတဲ့ ထေရဝါဒ ဗုဒ္ဓဘာသာကိုးကွယ်နေတဲ့ ရခိုင်လူမျိုးတွေ ငြိမ်းချမ်းအေးမြစွာ သာသနာအရိပ်အောက်မှာ နေနိုင်ရေး၊ ဗုဒ္ဓသာသနာ အဓွန့်ရှည်ရေး ဦးစားပေးဆောင်ရွက်နေပါတယ်။ ကျန်းမာရေးစောင့်ရှောက်ရေး၊ ပညာရေးမြှင့်တင်ရေး လုပ်ငန်းတွေကိုလည်း ဆရာတော်ကြီးက စစ်တွေ၊ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်ဒေသတွေအပြင် ကျောက်တော်၊ မြောက်ဦးမြို့များမှာပါ ဆောင်ရွက်လျက်ရှိပါတယ်။

**ဦးမြင့်အောင်(အတွင်းရေးမှူး၊ သီတဂူသာသနာပြုအဖွဲ့)**

ဆရာတော်ကြီးရဲ့ ရည်ရွယ်ချက်ကတော့ ကမ္ဘာသူကမ္ဘာသားအားလုံး ငြိမ်းချမ်းပြီးတော့ အတူယှဉ်တွဲနေထိုင်နိုင်ရေးကို အဓိကထား လုပ်ဆောင်နေခြင်း ဖြစ်ပါတယ်။ အထူးသဖြင့် မြန်မာပြည်မှာရှိတဲ့ လူမျိုးမရွေး၊ ဘာသာမရွေး လူသားအားလုံး ငြိမ်းချမ်းစွာလက်တွဲနေထိုင်နိုင်ရေး အဓိကထားဆောင်ရွက်တာလည်း ဖြစ်ပါတယ်။ မြန်မာပြည် တစ်နံတစ်လျားမှာရှိတဲ့ မြန်မာပြည်သူတွေ လိုအပ်ချက်မှန်သမျှ ဖြည့်ဆည်းနိုင်ဖို့ လုပ်ဆောင်နေခြင်းလည်း ဖြစ်ပါတယ်။ သီတဂူအနေနဲ့ လုပ်ဆောင်နေတာကတော့ ယနေ့မြန်မာပြည် ဘယ်ဒေသမှာ ဘယ်လိုဘေးအန္တရာယ်တွေ ကျရောက်နေပါစေ ဆရာတော်ကြီးက ရောက်ရာအရပ်ကနေ ပြန်လာပြီး မေတ္တာ၊ ကရုဏာနဲ့ ပံ့ပိုးကူညီနေခြင်းဖြစ်ပါတယ်။ လက်ရှိအနေနဲ့ မြန်မာတစ်နိုင်ငံလုံး မျက်စိဆေးရုံ ၃၃ ရုံ ဖွင့်လှစ်ပြီးပါပြီ။ ငါးရုံ ထပ်ဖွင့်ပါဦးမယ်။ ဗုဒ္ဓတက္ကသိုလ်အနေနဲ့လည်း ငါးခု ဖွင့်လှစ်ပြီး ဖြစ်ပါတယ်။ အမေရိကန်၊ ဂျာမနီ၊ ရုရှား နိုင်ငံတွေမှာလည်း ထေရဝါဒသာသနာပြန့်ပွားရေးအတွက် သာသနာပြုလုပ်ငန်းတွေကို ဆရာတော်ကြီး ဦးဆောင်ပြီး သီတဂူသာသနာပြုအဖွဲ့က ဆောင်ရွက်လျက်ရှိပါတယ်။

**ဇေယျာ၊ မြင့်မောင်**
**ဓာတ်ပုံ-နေဝင်းထွန်း**

## မောင်တောမြို့နယ်၌ တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၇**
မောင်တောမြို့နယ်ရှိ မြို့နယ် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ ဗောဓိကုန်း (တိုင်းရင်းသား)ကျေးရွာတွင် နွားတစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ ခြံပြင် (တိုင်းရင်းသား)ကျေးရွာတွင် နွားတစ်ကောင်တို့ကို ကာကွယ်ကုသဆောင်ရွက်ပေးပြီး စုစုပေါင်းစခန်းသုံးခု ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားနှစ်ကောင်နှင့် ဆိတ်တစ်ကောင်တို့ကို ကာကွယ်ကုသ ဆောင်ရွက်ပေးခဲ့သည်။ ယနေ့အထိ စခန်းသုံးခုရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၃၅၅ ကောင်တို့အား ကာကွယ်ကုသဆေး ထိုးနှံပေးခြင်း၊ ဆိတ် ၇၁၈ ကောင်တို့အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြ ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြ ဦးဆောင်သောအဖွဲ့က ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ လာရောက်တွေ့ဆုံသည်။



တွေ့ဆုံရာတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင် ဦးဆောင်၍ ရခိုင်ပြည်နယ် မောင်တောဒေသသို့ ဒီဇင်ဘာ ၁၁ ရက်မှ ၁၅ ရက်အတွင်း သွားရောက်လေ့လာခဲ့စဉ် တွေ့ရှိရသည့် အနေအထားများ၊ အစိုးရ၏ ဆောင်ရွက်ချက်များနှင့် သတင်းများကို ပြင်ပမှ သေချာမသိကြ၍ နေရပ်စွန့်ခွာပြည်သူများ၏ စိုးရိပ်ကြောင့်ကြမှုများ ဖြစ်ပေါ်နေကြောင်း၊ အဆိုပါ သွားရောက်လေ့လာခဲ့စဉ်အချိန်က ပြည်တွင်းရှိ နေရပ်စွန့်ခွာ အစ္စလမ်ဘာသာဝင်မိသားစုများ၊ ရခိုင်တိုင်းရင်းသားများ၊ လူနည်းစုတိုင်းရင်းသားများအတွက် စီစဉ်ဆောင်ရွက်နေမှုများကို ပီပြင်စွာ တွေ့မြင်ရသော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့် သူများအတွက် ပြန်လည်လက်ခံရေး အဆင်သင့် မဖြစ်သေးမှုကို တွေ့ရှိ ခဲ့ရသဖြင့် အစိုးရ၏စီစဉ်ဆောင်ရွက်ထားမှု၊ တိုးတက်မှုအခြေအနေများသိလို၍ ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ တွေ့ရှိချက်အစီရင်ခံစာကို ကော်မရှင်၏လုပ်ထုံးလုပ်နည်းအရ နိုင်ငံတော်သမ္မတထံ တင်ပြထားပါကြောင်း၊ ယင်းအစီရင်ခံစာတွင် လိုအပ်သည့် အကြံပြုချက်များဖော်ပြထားပါကြောင်း တင်ပြဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးက အဆိုပါလေ့လာခဲ့သည့် ကာလနှင့် ယခုကာလအခြေအနေ မတူတော့ကြောင်း၊ ယခုအခါ လုပ်ငန်းများတိုးတက်မှုရှိနေပြီ ဖြစ်ပါကြောင်း၊ ကုန်းလမ်းမှ ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် တောင်ပြိုလက်ဝဲ၌ လည်းကောင်း၊ ရေလမ်းမှ ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် ငါးခူရတွင်လည်းကောင်း ပြန်လည်လက်ခံရေးစခန်းနှစ်ခု တည်ဆောက်ထားမှု၊ အဆိုပါ ပြန်လည်လက်ခံရေးစခန်းတွင် တစ်ညမှ နှစ်ရက်ခန့်သာခေတ္တနေပြီးအိမ်ရှိသူများအနေဖြင့် ၎င်းတို့အိမ်ရာများသို့ တိုက်ရိုက်ပြန်နိုင်ပြီး အိမ်မီးလောင်ခံရသူများအနေဖြင့် ရှစ်ခန်းတွဲယာယီတဲတန်းလျားတွင် ခေတ္တနေထိုင်ရမည်ဖြစ်ပြီး ၎င်းတို့၏အိမ်များပြီးစီးပါကပြောင်းရွှေ့နိုင်မည်ဖြစ်ကြောင်း၊ အဆိုပါယာယီစခန်းတွင် နေထိုင်စဉ် ဝန်ကြီးဌာနက စားသောက်ရေးစီစဉ်ပေးထားမည်ဖြစ်ပါကြောင်း၊ ပြန်လည်လက်ခံရေးကို ၂၀၁၈ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် စတင်နိုင်ရန် စီစဉ်နေပါကြောင်း၊ ရှေးဦးစွာ ဘင်္ဂလားဒေ့ရှ်ဘက်ရောက်ရှိသွားသည့် ဟိန္ဒူဘာသာဝင် ၄၅၀ ကျော် ပြန်လည်လက်ခံရန် ရှိပါကြောင်း၊ ယာယီစခန်းတွင်နေထိုင်စဉ် အိမ်ရာဆောက်လုပ်ရေးတွင်ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် Cash for Work အစီအစဉ်ဖြင့် ဝင်ငွေလည်းရနိုင် မည်ဖြစ်ပါကြောင်း၊ အချိန်မီလက်ခံနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အလှူရှင်ကုမ္ပဏီများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးခဲ့သည်။

ကော်မရှင်ဥက္ကဋ္ဌကအစိုးရ၏လုပ်ဆောင်ချက်များကို ပြည်တွင်းသာမက ပြည်ပနိုင်ငံများကသိရှိအောင် ဆောင်ရွက်စေလိုကြောင်း၊ အထူးသဖြင့် ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် ဆောင်ရွက်ထားရှိသည့် အစီအစဉ်များကို ပွင့်လင်းမြင်သာစွာ သတင်းဖြန့်စေလိုကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်း မိုးစပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် စပါးရိတ်သိမ်းရန် အခက်အခဲဖြစ်နေသော မောင်တောမြို့နယ်ရှိ မြို့သူကြီး၊ အုန်းတော၊ ကံပူး၊ ကျောင်းတောင်၊ အလယ်သံကျော်၊နွားရုံတောင်၊ ဝါးချ၊ သံဒါ၊ မြင်းလွတ်၊ ကျီးကန်းပြင်၊သီဟိုဠ်ကျွန်း၊ ဥဒေါင်း၊ လောင်းဒုံ၊ အောင်စစ်ပြင်၊ စပယ်ကုံး၊ သပြေတော၊ ဇော်မတက်၊ ဒိုးတန်း၊ ရွာသစ်ကေ၊ ကျောက်ပန္နူ၊ တပ်ဦးချောင်း၊ ဒုချီးရားတန်း၊ သရေကုန်းတန်း၊ သဝန်ချောင်း၊ ငါးခူရ၊ အင်းဒင်၊ သဘော်ကွေ့၊ ကညင်တန်း၊ ညောင်ချောင်း၊ နတ်ချောင်း၊ သက်ကိုင်ညာ၊ ပညောင်ပင်ကြီး၊ ပန်းတောပြင်၊ ခမောင်းဆိပ်၊ ရေနောက်ငါးသား၊ သစ်တုံးနားခွဆုံ၊ ပဒကားရွာသစ်၊ ကြက်ရိုးပြင်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၂၆ ရက်ထိ စုစုပေါင်း ၉၁၃၆ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ထို့အတူ စစ်တွေမြို့နယ်အတွင်းရှိ ချောင်းနွယ်၊ ပါဒလိပ်၊ သင်္ဂနက်၊ ကြို့တဲ၊ ကံ့ကော်ကျွန်း၊ မင်းဂံ၊ နာရီကန်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၂၆ ရက်ထိ စုစုပေါင်း ဧက ၅၅၀ ရိတ်သိမ်းပြီးဖြစ်သည်။

မြောက်ဦးမြို့နယ်အတွင်းရှိ ပြလှ၊ ဆင်အိုးရှည်၊ မြက်ရိတ်ကျွန်း၊ ခွဆုံ၊ လေညှင်းသာ၊ ရုတ်ချောင်း၊ အလယ်စျေး၊ တိမ်ညို၊ ကန်စောက်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၅ ရက်မှ ဒီဇင်ဘာ ၂၆ ရက်အထိ စုစုပေါင်း ၁၀၄၆ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

မင်းပြားမြို့နယ်အတွင်းရှိ ထောင်ရှည်၊ ကင်းဆိပ်၊ မော်ရွာ၊ ဖားပျော်၊ တောင်တိုက်၊ ငပုကွ၊ ဝင်းဇား၊ နရမ်း၊ နားပွဲချောင်းကျေးရွာများနှင့် ဦးစိုးတင့်ရပ်ကွက်တွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၇ ရက်မှ ဒီဇင်ဘာ ၂၆ ရက်အထိ စုစုပေါင်း ၆၄၃ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ကျောက်တော်မြို့နယ်အတွင်းရှိ ပုဏ္ဏား၊ လမ်းမတော်၊ ဒေါင်းတော်ယိုး၊ ကာဒီ၊ စဖိုသား၊ အပေါက်ဝ၊ ဂါပုကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၂၆ ရက်အထိ စုစုပေါင်း ၇၂၉ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ရသေ့တောင်မြို့နယ်အတွင်းရှိ ချိန်ခါလီ၊ ကိုးတန်ကောက်ကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၂၆ ရက်အထိ စုစုပေါင်း ၂၉၈ ဧက ရိတ်သိမ်းပြီးဖြစ်သည်။



ဘူးသီးတောင်မြို့နယ်အတွင်းရှိ သပြုချောင်းကျေးရွာတွင် စက်မှုလယ်ယာ ဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၂၆ ရက်အထိ စုစုပေါင်း ၉၆ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ င/ပြောက်ဆည်ကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ ဒီဇင်ဘာ ၁၇ ရက်မှ ၂၆ ရက်အထိ စုစုပေါင်း ၃၄ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ကျောက်ဖြူမြို့နယ်အတွင်းရှိ လောင်းချောင်းကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ ဒီဇင်ဘာ ၁၉ ရက်မှ ၂၆ ရက်အထိ စုစုပေါင်း ၂၇ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ဘူးသီးတောင်၊ မောင်တောတွင် အသက်မွေးဝမ်းကျောင်းသင်တန်းများ ပိုမိုဖွင့်လှစ်သင်ကြားပေးမည်

**မောင်တော ဒီဇင်ဘာ ၂၇**

ဘူးသီးတောင်၊ မောင်တောဒေသသည် နယ်စပ်ဒေသဖြစ်သည့်အလျောက် ဒေသခံလူငယ်လူရွယ်များအတွက် အလုပ်အကိုင်ဖန်တီးပေးနိုင်ရန် အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ ပိုမိုဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း မောင်တောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းလှိုင်က ပြောသည်။

မောင်တောမြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း၌ ပြုလုပ်သည့် မောင်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အသက်မွေးဝမ်းကျောင်းအထောက်အကူပြု(ဇာထိုး၊ ပန်းထိုး၊ အိတ်ထိုး၊ ဖိနပ်ထိုး) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ခရိုင်ဦးစီးမှူး ဦးထွန်းလှိုင်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

“စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်မှာရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ဘူးသီးတောင်၊ မောင်တောဒေသမှာ အသက်မွေးဝမ်းကျောင်းသင်တန်းတွေ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်၊ ဘူးသီးတောင်မြို့မှာဆိုရင် ပြီးခဲ့တဲ့မေလက ဆိုင်ကယ်စက်ပြင်သင်တန်းဖွင့်လှစ်သင်ကြားပေးခဲ့ပါတယ်၊ နိုဝင်ဘာနဲ့ ဒီဇင်ဘာလတွေမှာဆိုရင် အပ်ချုပ်သင်တန်းတွေကိုလည်း ဖွင့်လှစ်ပေးခဲ့ပါတယ်၊ ဘူးသီးတောင်၊ မောင်တောဒေသမှာ ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ပြီး အသက်မွေးဝမ်းကျောင်းသင်တန်းတွေ ဆက်လက်ဖွင့်လှစ်ပေးသွားမှာဖြစ်ပါတယ်”ဟု ဦးထွန်းလှိုင်က ဆိုသည်။

အဆိုပါသင်တန်းသို့ မောင်တောမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဖြူလှ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဦးရွှေမောင်၊ ကျေးလက်ဦးစီးဌာနမှ အရာရှိနှင့်ဝန်ထမ်းများ၊ သင်တန်းသူများ တက်ရောက်ကြသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို ၂၀၁၃ ခုနှစ်ကစတင်ဖွဲ့စည်းပြီး ကျေးလက်ဒေသဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ် (၈) ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်မီးလင်းရေး၊ ကျေးလက်ရေရရှိရေး၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းများ၊ လူထုဗဟိုပြုစီမံကိန်းများ၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများကိုလည်း နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုသင်တန်းသို့ သင်တန်းသူ ၂၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက် ၂၀ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း - မြင့်မောင်(ဇေယျာ)၊ ဓာတ်ပုံ - နေဝင်းထွန်း**

# နောင်ချိုမြို့နယ်၌ ညအချိန် ပြောက်ကျားဝတ် ခြောက်ဦးက လက်လုပ်ပုံးဖြင့် ပစ်ပေါက်ခဲ့ရာ လေးဦး ဒဏ်ရာရ

**နောင်ချို ဒီဇင်ဘာ ၂၇**

နောင်ချိုမြို့နယ် ဆမ္မဆယ်အုပ်စု အုမ္မသီးကျေးရွာ၌ ဒီဇင်ဘာ ၂၆ ရက် ည ၁၁ နာရီက ပြောက်ကျားဝတ်ဆင်ထားသူခြောက်ဦးက လက်လုပ်ပုံးဖြင့် ပစ်ပေါက်သဖြင့် ခေါက်ဆွဲဆိုင်မှ ထွက်လာသူလေးဦး ဒဏ်ရာပြင်းထန်စွာ ရရှိသဖြင့် ပြင်ဦးလွင်ဆေးရုံ၌ ဆေးကုသလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ အုမ္မသီးကျေးရွာတွင် နေထိုင်သူများဖြစ်သည့် အောင်မိုင်၊ ဂမ်အောင်၊ ရိမ်အောင်ရွှန်း၊ တီဇောင်းလွန်း၊ တီခွန်တောင်၊ နော်ဆိုင်တို့ခြောက်ဦးသည် ခေါက်ဆွဲဆိုင်တွင် ခေါက်ဆွဲစားပြီး ဘုရားကျောင်းသို့ ပြန်လာစဉ် ဆိုင်ရှေ့မှ လူတစ်ဦးက ဓားဖြင့်လိုက်ခုတ်သဖြင့် မြင်သာစိုက်ပျိုးရေးခြံအတွင်းသို့ ဝင်ရောက်ထွက်ပြေးခဲ့သည်။ အောင်မိုင်တို့အဖွဲ့က တစ်ရပ်ကွက်တည်းနေ သူငယ်ချင်းများဖြစ်သော ဇယ်တောင်၊ ခေါင်ခူး၊ လွမ်းဂျူး၊ ဆန်းဒေး၊ ခေါင်လွမ်းတို့ကို သွားရောက်ခေါ်ဆောင်ခဲ့ပြီး ၎င်းတို့အား ရိုက်ခဲ့သော လူများအား ရှာဖွေစဉ် မြင်သာစိုက်ပျိုးရေးခြံအတွင်း လမ်းပေါ်၌ ပြောက်ကျားဝတ် လူခြောက်ဦးက လက်လုပ်လက်ပစ်ဗုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့ရာ တီခွန်တောင်နှင့် ဂမ်အောင်တို့ (စိုးရိမ်ရ)၊ ရိမ်အောင်ရွှန်းနှင့် တီဇောင်းလွန်း(မစိုးရိမ်ရ) ဒဏ်ရာများ ရရှိခဲ့သည်။

လက်လုပ်ဗုံးပစ်ပေါက်သူများအား နောင်ချို မြို့မ ရဲစခန်းက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**စိုးဝင်း**




# လှိုင်သာယာမြို့နယ်၌ တရားမဝင် စက်သုံးဆီအရောင်းဆိုင် မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ဒိုင်စုကျေးရွာတွင် တရားမဝင် လုပ်ကိုင်နေသည့် စက်သုံးဆီအရောင်းဆိုင် တစ်ဆိုင်၌ ယနေ့ မွန်းလွဲပိုင်းက ဆေးလိပ်မီးညှိရာမှ မီးလောင်မှုဖြစ်ပွားသည်။

ယနေ့ မွန်းလွဲ ၁ နာရီ ၅ မိနစ်က ဒိုင်စုကျေးရွာ ဦးထွန်းညိုလမ်းနှင့် နယ်မြေခံတပ်ရင်း ကွင်းဘေးကြား၌ တရားမဝင် စက်သုံးဆီအရောင်းဆိုင်တွင် ဆီပီပါမှ ဆီများလှယ်နေစဉ် အနီးရှိ ဆိုင်ရှင်ဖြစ်သူက ဆေးလိပ်မီးညှိရာမှ မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း လှိုင်သာယာမြို့နယ် မီးသတ်ဦးစီးမှူး (ဒုတိယမီးသတ်ဦးစီးမှူး) ဦးရန်နိုင်ဖြိုးထံမှ သိရသည်။



"အခု မီးလောင်တဲ့ဆိုင်က လူနေအိမ်တွေနဲ့ဝေးလို့ တော်သေးတယ်၊ ဆီပီပါတွေ မီးလောင်ပေါက်ကွဲပြီး လေထဲမှာ မြောက်တက်သွားတာ တော်တော်များတယ်၊ မီးသတ်တပ်ဖွဲ့ဝင်တွေလည်း တော်တော်လေး ကြိုးစားပြီး ငြိမ်းသတ်လိုက်ရတာကို တွေ့ရတယ်၊ ဘေးပတ်ဝန်းကျင်နေအိမ်တွေကိုတော့ ထိခိုက်သွားတာမျိုး မရှိပါဘူး"ဟု အဆိုပါ မီးလောင်မှုအနီးရှိ ဒေသခံ ဦးဝင်းနိုင်က ပြောသည်။

မီးလောင်ရာသို့ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ သန္တေမီးသတ်တပ်ဖွဲ့ဝင် ၁၂၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ် ၄၉ စီး၊ အုပ်ချုပ်မှုယာဉ် ရှစ်စီး၊ အထောက်အကူပြုယာဉ် ၁၀ စီး တို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဝင်းက "အခု မီးလောင်မှုကိုတော့ Level-3 အဆင့်အထိ မီးသတ်ယာဉ်တွေ စေလွှတ်ပြီး မီးငြိမ်းသတ်ခဲ့ရပါတယ်၊ ဆီပီပါတွေ မီးလောင်တာဖြစ်တဲ့အတွက်ကြောင့် ဆီမီးကိုငြိမ်းသတ်တဲ့ Foam အမြှုပ်ဆေးရည်တွေနဲ့ အဓိကထားပြီး ငြိမ်းသတ်ခဲ့ရတာပါ၊ ထိခိုက်ဒဏ်ရာရရှိမှု ကြီးကြီးမားမားတော့ မရှိပါဘူး" ဟု ပြောသည်။

မီးလောင်မှုကြောင့် ဒီဇယ်ဆီ ပီပါ ၂၀၊ ဓာတ်ဆီ ပီပါ ၃၀ တို့နှင့် အဆောက်အအုံတဲ တစ်လုံး မီးလောင်ခဲ့သဖြင့် ငွေကျပ် ၈၈ သိန်းခန့် ဆုံးရှုံးခဲ့ပြီး ဆီဆိုင်အလုပ်သမားနှစ်ဦး မီးဟပ်ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့သဖြင့် လှိုင်သာယာဆေးရုံသို့ ပို့ဆောင်ခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဆီဆိုင်ပိုင်ရှင် ဦးမျိုးဇော်အောင်အား သက်ဆိုင်ရာက ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**

# ကချင်ပြည်နယ်ရှိ ဘိန်းခင်း ဧက ၁၀၀ ကျော်ကို ဖျက်ဆီး

**မြစ်ကြီးနား ဒီဇင်ဘာ၂၇**

ကချင်ပြည်နယ် အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ဝိုင်းမော်မြို့နယ်၊ ကန်ပိုင်တည်မြို့နယ်၊ ချီဖွေမြို့နယ်အတွင်းရှိ ဘိန်းခင်း ဧကပေါင်း ၁၀၀ ကျော်ကို ဖျက်ဆီးခဲ့ကြောင်း ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ချီဖွေမြို့နယ်အတွင်းရှိ လန်းဂျောရွာ၊ ဝူးကွေ့ရွာနှင့် ဝိုင်းမော်မြို့နယ်အတွင်းရှိ ဝေမိုးကျေးရွာ၊ လငန်ကျေးရွာ၊ ရှငေါ်ကျေးရွာ၊ ရှမကျေးရွာ၊ စင်ကြိုင်ကျေးရွာ၊ ချောင်းမော်ကျေးရွာ၊ ရှမ်းကြူရွာသစ်၊ ချောင်းမော-လုံရှာအနီး၊ အထက်ဘာတွန်၊ အောက်ဘာတွန် ယင်းရွာပတ်ဝန်းကျင်အနီးရှိ ဘိန်းခင်းများကို ဖျက်ဆီးခဲ့ကြောင်း သိရသည်။

အဆိုပါခရီးစဉ်တွင် နယ်မြေခံတပ်၊ ရဲတပ်ဖွဲ့၊ မူးယစ်တပ်ဖွဲ့စု(၂)၊ ပြည်သူ့စစ်၊ နယ်ခြားစောင့်တပ်၊ ရပ်ကွက်အတွင်း ဖွဲ့စည်းထားသည့် မူး/စိတ်တားအဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးနှင့် စိုက်ပျိုးရေး၊ မြေစာရင်း၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ စုစုပေါင်း အင်အား ၁၀၀ ခန့်ပါဝင်၍ ဒီဇင်ဘာ ၁၄ ရက်မှ ၂၄ ရက်အထိ ဘိန်းခင်းဧကပေါင်း ၁၅၇ ဒသမ ၆၂ ဧကကို ဖျက်ဆီးခဲ့ကြကြောင်း သိရသည်။

"ဒီနှစ် ဘိန်းခင်းသွားဖျက်တဲ့အခါ ဧက ၁၀၀ ကျော်ကို ဖျက်ဆီးခဲ့တယ်၊ ဘိန်းစိုက်ပျိုးတဲ့သူတွေကို ပညာပေးဆွေးနွေးတဲ့အခါ ဘိန်းအစားထိုးသီးနှံချပေးဖို့၊ အဲဒီသီးနှံတွေကို ဝယ်လက်ရှာပေးဖို့နဲ့၊ လာဝယ်တဲ့သူတွေ အဆင်ပြေစေဖို့ လမ်းတံတားတွေ ဖောက်လုပ်ပေးပါလို့ ဘိန်းစိုက်တောင်သူ ဒေသခံတွေက သက်ဆိုင်ရာ တာဝန်ရှိသူတွေကို ကျွန်တော်တို့ကနေတစ်ဆင့် ပြန်ပြောခိုင်းပါတယ်" ဟု မြစ်ကြီးနားခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ခရိုင်ရဲမှူး သိန်းနိုင်က ပြောသည်။

ယခင်နှစ်များကလည်း ဘိန်းခင်းများကို သွားရောက်ဖျက်ဆီးမှုများ ဆောင်ရွက်ခဲ့ကြပြီး ၂၀၁၆ ခုနှစ်တွင် ဘိန်းစိုက် ဧက ၂၈၉ ဒသမ ၁၀ ဧကကို ဖျက်ဆီးခဲ့ကြောင်း မြစ်ကြီးနားခရိုင် ရဲတပ်ဖွဲ့မှူးရုံး၏ မှတ်တမ်းအရ သိရသည်။

**မင်းမင်းဦး**

# ပဲခူးမြို့နယ်တွင် တရားမဝင်သစ်များ သယ်ဆောင်လာသော ယာဉ်အား သိမ်းဆည်းရမိ

**ပဲခူး ဒီဇင်ဘာ ၂၇**

ပဲခူးမြို့နယ် ဘုရားကြီးမြို့အရှေ့ဘက်ရှိ ရွှေသံလွင်တိုးဂိတ်အနီး၌ ဒီဇင်ဘာ ၂၆ ရက် နံနက် ၁ နာရီခန့်တွင် တရားမဝင်သစ်များ သယ်ဆောင်မောင်းနှင်လာကြောင်း သတင်းရရှိသဖြင့် ပဲခူးခရိုင် ဒုစရိုက်မှုခင်းနှိမ်နင်းရေးအဖွဲ့မှ ရဲအုပ်ကျော်သူ ဦးဆောင်သည့် မှုခင်းနှိမ်နင်းရေး တပ်ဖွဲ့ဝင်များ၊ ဘုရားကြီးမြို့နယ်မြေခံရဲစခန်းမှ ဒုရဲအုပ် အေးမင်းထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ ဘုရားကြီးမြို့ သစ်တောဘိနယ် တာဝန်ခံတောအုပ် ဦးဖေဇော်လင်းနှင့်အဖွဲ့တို့ ပါဝင်သောပူးပေါင်းအဖွဲ့သည် ကျောက်ကြီးမြို့မှ ဝေါမြို့သို့ မောင်းနှင်လာသည့် ၁၂ ဘီးယာဉ် (လိုင်စင်စိစစ်ဆဲ)အား ရပ်တန့်ရှာဖွေရာ ပဲခူးမြို့နယ် ဘုရားကြီးမြို့ ပဒေသာရပ်ကွက် သမန်းကုန်းလမ်းနေ ယာဉ်မောင်း ဇော်ထက်အောင်(ခ) အရှည်ကြီး (၃၅)နှစ်က တရားမဝင် ပိတောက်သစ် စကွဲယား ဆိုဒ်စုံ ၅၅ တုံး(၈ ဒသမ ၈၁၁၆ တန်)အား တင်ဆောင်လာကြောင်း သိရှိရ၍ ဘုရားကြီး နယ်မြေရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**ကိုလွင်(ဆွာ)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၁၁၈၀၊ သွင်းကုန် ၁၀၄၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၃ စီး၊ သွင်းကုန် ၁၅၉ စီး ကုန်စည်များ ဒီဇင်ဘာ ၂၆ ရက်က သယ်ယူပို့ဆောင်လျက်ရှိသည်။

ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် အဆိုပါတင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၆ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၄ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၄ မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄ ဒသမ ၇၉၇ သန်းခန့်) စုစုပေါင်း တားဆီးမှု ၁၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈ ဒသမ ၇၉၇ သန်းခန့်) ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဒီဇင်ဘာ ၂၆ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၏ ရှောင်ကွင်းလမ်းဖြစ်သော မုပ္ပလင်လမ်းဆုံ၊ သစ်ဆိမ့်ပင်-မုပ္ပလင်လမ်း၊ စွပ္ပန္နး-မုပ္ပလင်သုသာန်လမ်းတို့တွင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင်သွားရောက်စစ်ဆေးခဲ့ရာ Box Truck ယာဉ်တစ်စီး၊ Mitsubishi Delica ယာဉ်တစ်စီး၊ Toyota Light Truck ယာဉ်တစ်စီး တို့အား တွေ့ရှိ၍ စစ်ဆေးခဲ့ရာ တရားမဝင် ကန့်သတ်ကုန်ပစ္စည်းဖြစ်သည့် Cheer Beer (330 ml) (690) Pkgs, Chang Beer (500ml) (350)Pkgs နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် သုံးစီး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃ ဒသမ ၆ သန်းခန့်)အား စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပေါင်သန်း ၃၀၀ သုံးခဲ့တာဟာ လုံလောက်မှုမရှိဘူးဆိုတဲ့ မော်ရင်ဟို

ငွေကြယ် - ရေးသားသည်

မန်ယူအသင်းနည်းပြ မော်ရင်ဟိုဟာ ဘန်လေအသင်းနှင့် တစ်ဖက်နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့ပြီးတဲ့နောက်ပိုင်းမှာ အသင်းအတွက် သုံးစွဲခဲ့တဲ့ ပေါင်သန်း ၃၀၀ ဟာ လုံလောက်မှုမရှိဘူးလို့ ဆိုလာပါတယ်။

မန်ယူအသင်းဟာ ဘန်လေအသင်းနဲ့ ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ် ၂၀ မှာ ဘန်လေအသင်းရဲ့ နှစ်ဂိုးပြတ်နဲ့ ဦးဆောင်ကစားခြင်းကိုခံခဲ့ရပြီး လင်ဂတ်၏ သွင်းဂိုးနှစ်ဂိုးရရှိခဲ့ခြင်းကြောင့်သာ သရေတစ်မှတ်ရရှိခဲ့တာ ဖြစ်ပါတယ်။ လက်ရှိမှာလည်း မန်ယူအသင်းဟာ အမှတ်ပေးဇယားထိပ်က မန်စီးတီးအသင်း ပွဲစဉ်(၂၀)မကစားရသေးခင်အထိ ဒုတိယနေရာကနေ ၁၂ မှတ်အကွာအနေအထားမှာ ရောက်ရှိနေခဲ့ပါတယ်။

အဲဒါကြောင့် မော်ရင်ဟိုက မန်ယူအသင်းကို ဒုတိယရာသီ တာဝန်ယူကိုင်တွယ်နေချိန်မှာ အသင်းကို တည်ဆောက်နေရဆဲဖြစ်တဲ့အပြင် မန်ယူအသင်းဟာ ကမ္ဘာ့အကောင်းဆုံးအသင်းတွေထဲမှာ တစ်သင်းအပါအဝင်မဖြစ်သေးဘူးလို့လည်း ဆိုခဲ့ပါတယ်။

နည်းပြ မော်ရင်ဟိုကို မန်ယူအသင်းနည်းပြအဖြစ် ၂၀၁၆ ခုနှစ် မေလမှာ စတင်ခန့်အပ်ခဲ့တာဖြစ်ပြီး မန်ယူအသင်းကို ရောက်ရှိလာစဉ်မှာပဲ ကွင်းလယ်ကစားသမား ပေါ့ဘာကို ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးပေါင် ၈၉ သန်းနဲ့ ခေါ်ယူခဲ့သလို နောက်တန်းကစားသမား အဲရစ်ဘိုင်လီကို ပြောင်းရွှေ့ကြေးပေါင် သန်း ၃၀၊ ကွင်းလယ်ကစားသမား မစ်ခီတာယန်ကို ပြောင်းရွှေ့ကြေးပေါင် ၂၆ ဒသမ ၃ သန်းနဲ့ ခေါ်ယူခဲ့တာဖြစ်ပါတယ်။

ဒုတိယရာသီမှာတော့ တိုက်စစ်မှူး လူကာကူကို ပြောင်းရွှေ့ကြေးပေါင် ၇၅ သန်း၊ နောက်တန်းကစားသမား လင်ဒီလော့ဖ်ကို ပြောင်းရွှေ့ကြေးပေါင် ၃၁ သန်းနဲ့ ကွင်းလယ်ကစားသမား မာတစ်ကို ပြောင်းရွှေ့ကြေးပေါင် သန်း ၄၀ နဲ့ ခေါ်ယူခဲ့တာဖြစ်ပါတယ်။

မော်ရင်ဟို ရောက်ရှိလာခဲ့ချိန်မှာ မန်ယူအသင်းအတွက် ကစားသမားခေါ်ယူမှုမှာ သုံးစွဲခဲ့တာဟာ ပေါင်သန်း ၃၀၀ ဖြစ်ပြီး အဲဒီပေါင်သန်း ၃၀၀ ဟာလည်း လုံလောက်မှုမရှိသေးဘူးလို့ မော်ရင်ဟိုက ပြောခဲ့ပါတယ်။ အသင်းကြီးတွေအတွက်ကတော့ အခု သူသုံးစွဲခဲ့တဲ့ ပေါင်သန်း ၃၀၀ ဟာ အခြားကလပ်အသင်းတွေနဲ့ နှိုင်းစာရင် ခြားနားနေဆဲဖြစ်တယ်လို့ မော်ရင်ဟိုက ပြောခဲ့ပါတယ်။

အဲဒီလိုပြောခဲ့တာဟာ ပရီမီယာလိဂ်မှာ ထိပ်ဆုံးမှာရပ်တည်နေတဲ့ မန်စီးတီးအသင်းရဲ့ နည်းပြ ဂွါဒီယိုလာရဲ့သုံးစွဲမှုကို နှိုင်းယှဉ်ပြောခဲ့တာဖြစ်ပြီး ဂွါဒီယိုလာဟာ နီလီတိုး၊ ဂျီးဆပ်၊ ဂျွန်စတုန်း၊ ကီလီဝေါ်ကာ၊ ဆာနေး စတဲ့ကစားသမားတွေအပါအဝင် ကစားသမား ၁၇ ဦးကို ပြောင်းရွှေ့ကြေးပေါင် ၄၀၃ ဒသမ ၈ သန်း သုံးစွဲခဲ့မှုနဲ့ နမူနာထား ပြောကြားခဲ့တာဖြစ်ပါတယ်။




# လီဗာပူးအသင်း ပရီမီယာလိဂ် အဆင့်(၄)တက်လှမ်း

လီဗာပူးအသင်းသည် ပရီမီယာလိဂ်ပွဲစဉ်(၂၀)အဖြစ် ဆွမ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဆွမ်ဆီးအသင်းကို ငါးဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ပရီမီယာလိဂ်အမှတ်ပေးဇယား၏ အဆင့်(၄)နေရာသို့ တက်လှမ်းသွားခဲ့ပြီဖြစ်သည်။

နည်းပြလက်မဲ့ဖြစ်နေပြီး တန်းဆင်းဇုန်တွင်းကျရောက်နေသည့် ဆွမ်ဆီးအသင်းကို လီဗာပူးအသင်းက အကောင်းဆုံးထိန်းချုပ်ကစားနိုင်ခဲ့ပြီး ပထမပိုင်းပွဲကစားချိန် ခြောက်မိနစ်မှာပင် ကော်တင်ဟို၏ သွင်းဂိုးဖြင့် ဦးဆောင်ဂိုးစတင်ရရှိခဲ့သည်။

လီဗာပူးအသင်းနှင့် ဆွမ်ဆီးအသင်းတို့၏ ပွဲစဉ်တွင် လီဗာပူးအသင်းအတွက် သွင်းဂိုးငါးဂိုးကို ကော်တင်ဟိုက တစ်ဂိုး၊ ဖာမီနိုက နှစ်ဂိုး၊ အာနိုးက တစ်ဂိုးနှင့် ချန်ဘာလိန်က တစ်ဂိုးအသီးသီးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် ပွဲစဉ်(၂၀)အပြီးတွင် ပရီမီယာလိဂ်အမှတ်ပေးဇယား၌ ရမှတ် ၃၈ မှတ်ရရှိထားကာ အဆင့်(၅)နေရာမှ စပါးအသင်းကို တစ်မှတ်ဖြတ်ထားနိုင်ခဲ့သည်။

လီဗာပူးအသင်းသည် ဆာလက်၊ ကော်တင်ဟို၊ ဖာမီနို စသည့်ကစားသမားများကို တိုက်စစ်ပိုင်းတွင် အသုံးပြုကာ ဧည့်သည် ဆွမ်ဆီးအသင်းကို ဖိအားပေးကစားနိုင်ခဲ့သည်။

ဆာလက်သည် ၎င်း၏ ပြီးခဲ့သည့် ပရီမီယာလိဂ် ၁၅ ပွဲတွင် သွင်းဂိုး ၁၅ ဂိုးအထိ သွင်းယူနိုင်ခဲ့သော်လည်း ယခု ဆွမ်ဆီးအသင်းနှင့် ပွဲစဉ်တွင်မူ ဂိုးရရှိနိုင်မည့် အခွင့်အရေးကောင်းများကို ဖြုန်းတီးပစ်ခဲ့မှု များပြားခဲ့သည်။ ထို့ကြောင့် စပါးတိုက်စစ်မှူး ဟယ်ရီကိန်း၏ သွင်းဂိုး ၁၈ ဂိုးဖြင့် ဂိုးသွင်းအများဆုံးစံချိန်ကို လိုက်မီရန် ခက်ခဲသွားခဲ့သည်။ သို့ရာတွင် ဆာလက်သည် ပရီမီယာလိဂ်ပွဲ ၂၀ တွင် သွင်းဂိုး ၁၅ ဂိုးနှင့် ဂိုးဖန်တီးပေးနိုင်မှု ငါးကြိမ်အထိ ရှိခဲ့သည်။

# ဆောက်သမ်တန်ကို မန်ယူဂိုးပြတ် အနိုင်ရယူနိုင်မှာလား

ရှိုင်းမင်းမင်း

### ၂၀၁၇-၁၈ ပရီမီယာလိဂ်ရင်ခုန်သံ-၂၁

လာမယ့် ဒီဇင်ဘာ ၃၀၊ ၃၁ ရက်နဲ့ ဇန်နဝါရီ ၅ ရက်တွေမှာ ပရီမီယာလိဂ်ပွဲစဉ် ၂၁ ကို ကျင်းပသွားမှာဖြစ်ပြီး အဆိုပါပွဲစဉ်မှာတော့ မန်ယူနဲ့ ဆောက်သမ်တန်တို့ ဆုံတွေ့တဲ့ ပွဲဝင်နေတာကြောင့် အကြိတ်အနယ်ရှိနိုင်ပြီး ပွဲဆက်တွေများနေတာကြောင့်လည်း အသင်းတွေအနေနဲ့ ပွဲပန်းမှုတွေရှိလာနိုင်တာကို သတိပြုရမယ်။

### ဘုန်းမောက် - အဲဗာတန် ည ၉း၃၀ (၃၀-၁၂-၁၇)

ဘုန်းမောက်တို့ အိမ်ကွင်းဖြစ်နေတာကြောင့် အားစိုက်ကစားလာမှာ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း ဘုန်းမောက်အနေနဲ့ လက်ရှိအချိန်မှာ တိုက်စစ်ပိုင်းက ဂိုးသွင်းအား ကျဆင်းနေတာကိုတွေ့ရပါတယ်။ အဲဗာတန်ကတော့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကောင်းမွန်နေသလို တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေ တည်ငြိမ်နေပါတယ်။ ဘုန်းမောက်တို့ အိမ်ကွင်းဖြစ်ပေမယ့်လည်း အမြင့်ဆုံးသရေလောက်ပဲရမယ်။

### ချယ်လ်ဆီး - စတုတ် ည ၉း၃၀ (၃၀-၁၂-၁၇)

ချယ်လ်ဆီးတို့ အိမ်ကွင်းမှာနိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ လက်ရှိအချိန်မှာလည်း ချယ်လ်ဆီးရဲ့ တိုက်စစ်ပိုင်းက ဂိုးသွင်းခြေ မတည်ငြိမ်ပေမယ့် အသင်းလိုက်ခြေစွမ်းပိုင်းက ကောင်းမွန်နေသလို စတုတ်ကလည်း ခြေစွမ်းပိုင်းအားနည်းမှုတွေ များနေပါတယ်။ အိမ်ကွင်းမှာ ချယ်လ်ဆီးတို့ အားစိုက်ကစားလာမှာဖြစ်သလို နိုင်ပွဲလည်း သေချာနေပါတယ်။

### ဟတ်ဒါဖီးလ် - ဘန်လေ ည ၉း၃၀ (၃၀-၁၂-၁၇)

ဘန်လေတို့ မန်ယူနဲ့ကစားခဲ့ရလို့ ပွဲပန်းမှုတွေရှိနေနိုင်ပေမယ့်လည်း အဝေးကွင်းခံကစားပုံကောင်းမွန်တတ်တာကိုတော့ သတိပြုရမှာဖြစ်ပါတယ်။ ဒါပေမယ့်လည်း ဟတ်ဒါဖီးလ်က အိမ်ကွင်းပွဲတွေမှာ အသင်းလိုက် ခြေစွမ်းကကောင်းမွန်တတ်ကာ တိုက်စစ်ကစားပုံလည်း ကောင်းမွန်တတ် ပါတယ်။ ဒါကြောင့်လည်း ဘန်လေတို့ ဒီပွဲမှာ ဟတ်ဒါဖီးလ်ကို ထိန်းချုပ်နိုင်ဖို့ ခက်ပြီး ဟတ်ဒါဖီးလ် နိုင်ပွဲကပ်ရမယ်။

### လီဗာပူး - လက်စတာ ည ၉း၃၀ (၃၀-၁၂-၁၇)

လီဗာပူး ခြေစွမ်းပိုင်းကောင်းမွန်မှုရှိနေသလို အိမ်ကွင်းလည်းဖြစ်နေတာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့်လည်း လက်စတာကလည်း ခြေစွမ်းအရ ကောင်းမွန်မှုရှိတယ်လို့ ဆိုနိုင်သလို ဒီပွဲမှာလည်း အမှတ်ခွဲယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာ သေချာနေတယ်။ ဒါကြောင့်လည်း လီဗာပူးတို့ အခက်တွေ့နိုင်ကာ အနိုင်ရခဲ့ရင်တောင်မှ ဂိုးပြတ်ဖို့ ခက်ပါတယ်။

### ကာဆယ် - ဘရိုက်တန် ည ၉း၃၀ (၃၀-၁၂-၁၇)

မန်စီးတီးနဲ့ကစားခဲ့ရတာကြောင့် ကာဆယ်တို့ ပွဲပိုပန်းလာနိုင်ပါတယ်။ ဒါပေမယ့် ကာဆယ်အနေနဲ့ အိမ်ကွင်းဖြစ်သလို အမှတ်ဆုံးရှုံးမှုတွေများခဲ့တာကြောင့် နိုင်ပွဲရယူနိုင်ဖို့တော့ အားစိုက်ကစားလာမှာသေချာနေပါတယ်။ အထူးသဖြင့် ဘရိုက်တန်က အဝေးကွင်းပွဲတွေမှာ အသင်းလိုက်ခြေစွမ်းပိုင်းကအစ အားနည်းတတ်ပြီး ခံစစ်ပိုင်းကလည်း ကျစ်လျစ်မှုမရှိတတ်ပါဘူး။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ကာဆယ်တို့ အိမ်ကွင်းနိုင်ပွဲရယူသွားနိုင်မှာပါ။

### ဝက်ဖို့ဒ် - ဆွမ်ဆီး ည ၉း၃၀ (၃၀-၁၂-၁၇)

ဆွမ်ဆီးခြေက အတော်လေးအားနည်းနေပါတယ်။ လီဗာပူးနဲ့ ကစားခဲ့ရတာကြောင့်လည်း ပွဲပန်းမှုတွေပိုလာနိုင်ပါတယ်။ အထူးသဖြင့် ဆွမ်ဆီးခံစစ်ပိုင်းက အားနည်းမှုတွေ များနေတာကြောင့် အိမ်ကွင်းမှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမယ့် ဝက်ဖို့ဒ်တိုက်စစ်ကို ပွဲချိန်ပြည့် ထိန်းချုပ်နိုင်ဖို့ခက်ပါတယ်။ ဝတ်ဖို့ဒ်က ခြေစွမ်းပိုင်းကျဆင်းနေတယ်ဆိုပေမယ့် အိမ်ကွင်းပွဲတွေမှာ အများအားဖြင့် ကစားပုံကောင်းတတ်သလို ဒီပွဲမှာလည်း နိုင်ပွဲရသွားနိုင်ပါတယ်။

### မန်ယူ - ဆောက်သမ်တန် နံနက် ၀၀း၀၀ (၃၁-၁၂-၁၇)

စပါးနဲ့ရင်ဆိုင်ခဲ့ရတဲ့ ဆောက်သမ်တန်အနေနဲ့ ပွဲပန်းမှုကို ပိုမိုခံရနိုင်သလို အဝေးကွင်း နှစ်ပွဲဆက်အသင်းကြီးတွေနဲ့သာ ရင်ဆိုင်ရမှာလည်းဖြစ်ပါတယ်။ မန်ယူကတော့ အိမ်ကွင်းပွဲတွေမှာ ကစားပုံပိုမိုကောင်းမွန်တတ်သလို နိုင်ပွဲရယူနိုင်ဖို့အတွက်လည်း အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဆောက်သမ်တန်ရဲ့တုံ့ပြန်ကစားအားကြောင့် ဂိုးမပြတ်နိုင်ပေမယ့်လည်း မန်ယူတို့ နိုင်ပွဲတော့ ရသွားနိုင်ပါတယ်။

### ပဲလေ့စ် - မန်စီးတီး ည ၆း၃၀ (၃၁-၁၂-၁၇)

အာဆင်နယ်နဲ့ ကစားခဲ့ရလို့ ပဲလေ့စ်တို့ ပွဲပန်းမှုပိုရှိနိုင်သလို အာဆင်နယ်နဲ့ ပွဲကလည်း ဒီပွဲနဲ့ ရက်နီးကပ်နေပါတယ်။ ဒါကြောင့်လည်း ပဲလေ့စ်အနေနဲ့ အိမ်ကွင်းပွဲတွေမှာ တုံ့ပြန်ကစားပုံပိုမိုကောင်းမွန်တတ်သလို အမှတ်လိုအပ်နေတာကြောင့်လည်း အားစိုက်ကစားလာမှာဖြစ်ပေမယ့် ဒီပွဲမှာတော့ မန်စီးတီးကို ထိန်းချုပ်နိုင်ဖို့ ခက်ခဲမှုတွေရှိလာနိုင်ပါတယ်။ မန်စီးတီးခြေကလည်း ကောင်းမွန်မှုရှိနေပါတယ်။ အဝေးကွင်းနှစ်ပွဲဆက်ကစားရမှာဖြစ်ပေမယ့် မန်စီးတီးသာ နိုင်ပွဲရသွားမယ်။

### ဝက်စ်ဘရွန်း - အာဆင်နယ် ည ၁၁း၀၀ (၃၁-၁၂-၁၇)

အမှတ်ဆုံးရှုံးမှုတွေများခဲ့တဲ့ ဝက်စ်ဘရွန်းအနေနဲ့ အိမ်ကွင်းဖြစ်လို့ အားစိုက်ကစားလာမှာဖြစ်သလို ခံစစ်ပိုင်းကို ပိုမိုအားပြုကစားလာနိုင်တာကြောင့် ဒီပွဲဟာ အာဆင်နယ်အတွက် မထင်မှတ်ဘဲ အခက်တွေ့နိုင်တဲ့ပွဲဖြစ်လာနိုင်တယ်။ အာဆင်နယ်ခြေစွမ်းပိုင်း ကောင်းမွန်မှုရှိတယ်ဆိုပေမယ့်လည်း ဒီပွဲမှာ ဝက်စ်ဘရွန်းအိမ်ကွင်းအားကို ခက်ခက်ခဲခဲရင်ဆိုင်ရနိုင်ကာ ဂိုးပြတ်နိုင်ဖို့ခက်မယ်။

### စပါး - ဝက်စ်ဟမ်း နံနက် ၂း၃၀ (၅-၁-၁၈)

နှစ်ပွဲဆက် အိမ်ကွင်းမှာ ကစားရမှာဖြစ်ပေမယ့် နှစ်ပွဲစလုံးက စပါးအတွက် ခက်ခဲနေပါတယ်။ ပွဲစဉ် ၂၀ မှာရင်ဆိုင်ခဲ့ရမယ့် ဆောက်သမ်တန်ကလည်း အသင်းကောင်းတစ်သင်းဖြစ်သလို လက်ရှိရင်ဆိုင်ရမယ့် ဝက်စ်ဟမ်းကလည်း အခုအချိန်မှာ ခြေစွမ်းပိုင်းတိုးတက်မှုတွေရှိနေပြီး လန်ဒန်ဒါဘီဖြစ်တာကြောင့် အားစိုက်ကစားလာဖို့ရှိနေပါတယ်။ ဒါကြောင့်လည်း စပါးတို့ အခက်အခဲနဲ့ ရင်ဆိုင်ရနိုင်ကာ အနိုင်ရခဲ့ရင်တောင်မှ ဂိုးမပြတ်နိုင်ဘူး။

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

**ဒါရိုက်တာများ၊ အရာရှိများနှင့်အခြားဆက်နွှယ်သည့်ပုဂ္ဂိုလ်များ၏ အကျိုးခံစားခွင့်များနှင့် ၎င်းတို့နှင့် ဆက်သွယ်ဆောင်ရွက်မှုများဆိုင်ရာ ပြဋ္ဌာန်းချက်**

**အငြိမ်းစားယူခြင်းအတွက် အကျိုးခံစားခွင့်များ ထောက်ပံ့ခြင်း**

၁၈၄။(က) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီတစ်ခုသည် အကျိုးခံစားခွင့်ပေးရန်အတွက် ပုဒ်မ ၁၈၆ အရ ကုမ္ပဏီတွင်ပါဝင်သူများ၏ အတည်ပြုချက်မရရှိဘဲ ကုမ္ပဏီ သို့မဟုတ် ဆက်စပ်သည့်အဖွဲ့အစည်းတစ်ခု၏ အရာရှိတစ်ဦးအဖြစ်မှ ပုဂ္ဂိုလ်တစ်ဦးဦးက အငြိမ်းစားယူခြင်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်တစ်ရပ်ရပ်ကို ထိုပုဂ္ဂိုလ်အား ပေးအပ်ခြင်း မပြုရ။

(ခ) ပုဒ်မခွဲ (က)ပါ ပြဋ္ဌာန်းချက်သည် အရာရှိ၏ အလုပ်ခန့်ထားခြင်းဆိုင်ရာ ပဋိညာဉ်စာချုပ် သို့မဟုတ် ကုမ္ပဏီနှင့်အလားတူ စီစဉ်ဆောင်ရွက်ထားမှုအရ သို့မဟုတ် ယင်းတို့နှင့်စပ်လျဉ်း၍ ဥပဒေအရသော်လည်းကောင်း၊ သဘောရိုးဖြင့်သော်လည်းကောင်း ပေးချေရန် လိုအပ်သည့် အကျိုးခံစားခွင့်တစ်ရပ်ရပ်ကို ပေးချေခြင်းအား ကန့်သတ်ထားခြင်း မရှိစေရ။

**တာဝန်ယူဆောင်ရွက်မှု သို့မဟုတ် ပစ္စည်းကိုလွှဲပြောင်းခြင်းနှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့်များ ပေးအပ်ခြင်း**

၁၈၅။ကုမ္ပဏီတစ်ခုသည် ယင်း၏ သို့မဟုတ် ဆက်စပ်သည့်အဖွဲ့အစည်းတစ်ခုခု၏ အရာရှိ သို့မဟုတ် ယခင်က တာဝန်ထမ်းဆောင်ခဲ့သောအရာရှိတစ်ဦးကိုဖြစ်စေ၊ ယင်းတို့၏ ဇနီးမယား၊ ဆွေမျိုး သို့မဟုတ် တွဲဖက်လုပ်ကိုင်သူတစ်ဦးဦးကိုဖြစ်စေ ပုဒ်မ ၁၈၆ အရ ကုမ္ပဏီတွင် ပါဝင်သူများ၏ အတည်ပြုချက် မရရှိဘဲ ယင်းကုမ္ပဏီ၏ သို့မဟုတ် ဆက်စပ်သည့်အဖွဲ့အစည်းတစ်ခု၏ တာဝန်ယူဆောင်ရွက်မှု သို့မဟုတ် ပစ္စည်းအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ လွှဲပြောင်းပေးခြင်းနှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အား ပေးအပ်ခြင်း မပြုရ။

**အကျိုးခံစားခွင့်ဆိုင်ရာများကို ကုမ္ပဏီတွင်ပါဝင်သူများက အတည်ပြုခြင်း**

၁၈၆။(က) ပုဒ်မ ၁၈၄ သို့မဟုတ် ၁၈၅ တို့တွင် ဖော်ပြထားသော အကျိုးခံစားခွင့်တစ်မျိုးမျိုးကို ကုမ္ပဏီတစ်ခု၊ အဆိုပါ ကုမ္ပဏီ၏ မူရင်းအစုများပိုင်ဆိုင်သည့် ကုမ္ပဏီရှိခဲ့ပါက ၎င်းကုမ္ပဏီနှင့် အခြားဆက်စပ်သည့် အဖွဲ့အစည်းများမှ ထိုကုမ္ပဏီများတွင် ပါဝင်သူများ၏ အထွေထွေအစည်းအဝေး၌ အတည်ပြုခဲ့လျှင် ပေးအပ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ကျင်းပသော အစည်းအဝေးတစ်ရပ်ရပ်အတွက် အကြောင်းကြားစာတွင် အကျိုးခံစားခွင့်နှင့်သက်ဆိုင်သည့် အသေးစိတ်ဖော်ပြချက်များနှင့် ယင်းအတွက် မည်သို့ မဲပေးဆောင်ရွက်မည်ဟူသည့် ဆုံးဖြတ်ချက်နှင့် စပ်လျဉ်းသည့် အရေးကြီးသော အချက်အလက်များကို ဖော်ပြပါရှိရမည်။

(ဂ) ပုဒ်မ ၁၈၄ သို့မဟုတ် ၁၈၅ တွင် ဖော်ပြထားသောအရာရှိ သို့မဟုတ် ယခင်က တာဝန်ထမ်းဆောင်ခဲ့သောအရာရှိ သို့မဟုတ် အကျိုးခံစားခွင့်ကို ရရှိနိုင်သော အခြားသူတစ်ဦးဦးသည် အခြားပုဂ္ဂိုလ်တစ်ဦးထံမှ ကိုယ်စားလှယ်အဖြစ် မည်သို့ မဲပေးရမည်ကို ညွှန်ကြားထားလျှင်မှတစ်ပါး အဆိုပါအကျိုးခံစားခွင့်နှင့်စပ်လျဉ်းသော ဆုံးဖြတ်ချက်တစ်ရပ်ရပ်အတွက် မဲပေးခြင်း မပြုရ။

**ဒါရိုက်တာများ၏ အခကြေးငွေနှင့် ဒါရိုက်တာများနှင့်ဆက်နွှယ်သည့် ပုဂ္ဂိုလ်များသို့ ပေးအပ်သည့် အခြားအကျိုးခံစားခွင့်များ**

၁၈၇။(က) ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ပါရှိသော ကန့်သတ်ချက်များ၊ ဤဥပဒေတွင်လည်းကောင်း၊ အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်တွင်လည်းကောင်း ပါရှိသော သက်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ အောက်ပါကိစ္စရပ်များကို ခွင့်ပြုနိုင်သည် -

(၁) ဒါရိုက်တာအဖြစ်ဆောင်ရွက်ခြင်း သို့မဟုတ် အခြားရာထူးနေရာတွင် ဆောင်ရွက်ခြင်းအတွက် ကုမ္ပဏီက ဒါရိုက်တာတစ်ဦးဦး သို့မဟုတ် ၎င်းနှင့်ဆက်နွှယ်သည့် ပုဂ္ဂိုလ်တစ်ဦးဦးသို့ ပေးရမည့် အခကြေးငွေ သို့မဟုတ် အခြားအကျိုးခံစားခွင့်များကို ပေးချေခြင်း၊

(၂) လုပ်ငန်းလက်လွှတ်ဆုံးရှုံးမှုအတွက် လျော်ကြေးငွေကို ကုမ္ပဏီက ဒါရိုက်တာ သို့မဟုတ် ယခင်က တာဝန်ထမ်းဆောင်ခဲ့သော ဒါရိုက်တာတစ်ဦးဦးသို့ ပေးချေခြင်း၊

(၃) ကုမ္ပဏီက ဒါရိုက်တာတစ်ဦးဦး သို့မဟုတ် ဆက်နွှယ်သည့် ပုဂ္ဂိုလ်တစ်ဦးဦးသို့ ချေးငွေထုတ်ပေးခြင်း၊

(၄) ဒါရိုက်တာ သို့မဟုတ် ဆက်နွှယ်သည့် ပုဂ္ဂိုလ်တစ်ဦးဦးက ပေးချေရမည့် ကြွေးမြီများအတွက် ကုမ္ပဏီက အာမခံချက်များ ပြုလုပ်ပေးခြင်း၊

(၅) ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် ဖော်ပြပါရှိသည့် ကိစ္စရပ်များအနက်မှ တစ်ရပ်ရပ်ကို ပြုလုပ်ပေးရန် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ် သို့မဟုတ် ဤဥပဒေအရ အခြားနည်းအားဖြင့် သတ်မှတ်ပြဋ္ဌာန်းခြင်းမရှိသည့် ဒါရိုက်တာ သို့မဟုတ် ဆက်နွှယ်သည့် ပုဂ္ဂိုလ်အတွက် အခြားသောငွေကြေးဆိုင်ရာ အကျိုးခံစားခွင့် တစ်ရပ်ရပ် ပြုလုပ်ပေးခြင်းနှင့်

(၆) ဘုတ်အဖွဲ့သည် အောက်ပါကိစ္စရပ်များကို ကျေနပ်လက်ခံလျှင် -

(ကက) ထိုသို့ ဆောင်ရွက်ခြင်းသည် ကုမ္ပဏီ၏ အကောင်းဆုံး အကျိုးစီးပွားအတွက်ဖြစ်ခြင်း၊

(ခခ) ထိုသို့ဆောင်ရွက်ခြင်းသည် ဆောင်ရွက်နေသော အခြေအနေများနှင့် ကျိုးကြောင်းညီညွတ်မှုရှိခြင်းနှင့်

(ဂဂ) ထိုသို့ငွေပေးချေခြင်း သို့မဟုတ် အကျိုးခံစားခွင့် သို့မဟုတ် ချေးငွေ သို့မဟုတ် အာမခံချက် သို့မဟုတ် ပဋိညာဉ်သည် ကုမ္ပဏီ၏ရှုထောင့်မှ ကြည့်ပါက နှစ်ဦးနှစ်ဖက် လွတ်လပ်စွာဖြင့် ဘက်လိုက်မှုမရှိသည့် စည်းကမ်းချက်များထက် မလျော့နည်းသည့် စည်းကမ်းချက်များဖြင့် သတ်မှတ်၍ ဆောင်ရွက်ခြင်း။

(ခ) ဒါရိုက်တာအဖွဲ့သည် ငွေပေးချေမှုပြုလုပ်ခြင်း၊ အကျိုးခံစားခွင့်များပေးခြင်း၊ ချေးငွေ ထုတ်ပေးခြင်း၊ အာမခံချက်များပေးခြင်း သို့မဟုတ် ပဋိညာဉ်စာချုပ် ချုပ်ဆိုခြင်းများ ပြုလုပ်ရန် ခွင့်ပြုပြီးနောက်တွင် ငွေပေးချေမှု၊ အကျိုးခံစားခွင့်၊ ချေးငွေ၊ အာမခံချက် သို့မဟုတ် ပဋိညာဉ်နှင့်စပ်လျဉ်းသည့် အချက်အလက်များကိုပုဒ်မ ၁၈၉ အရ ကုမ္ပဏီက ထိန်းသိမ်းထားရှိသည့် အကျိုးခံစားခွင့်ဆိုင်ရာ မှတ်ပုံတင်စာရင်းတွင် ရေးသွင်းဖော်ပြရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ခွင့်ပြုထားသော ပဋိညာဉ်တစ်ရပ်ရပ်အရ ဒါရိုက်တာတစ်ဦး သို့မဟုတ် ဆက်နွှယ်သည့်ပုဂ္ဂိုလ်တစ်ဦးဦးထံသို့ အခကြေးငွေများ ပေးချေခြင်း သို့မဟုတ် အခြားအကျိုးခံစားခွင့်များ ပေးအပ်ခြင်းတို့ကို အဆိုပါပုဒ်မခွဲအရ ထပ်မံခွင့်ပြုပေးရန်မလို။

(ဃ) ပုဒ်မခွဲ (က) အရ ငွေပေးချေမှု၊ အကျိုးခံစားခွင့်၊ ချေးငွေ၊ အာမခံချက် သို့မဟုတ် ပဋိညာဉ်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ခွင့်ပြုရန်အတွက် ဆန္ဒမဲပေးသော ဒါရိုက်တာများသည် ၎င်းတို့၏ ထင်မြင်ချက်အရ ငွေပေးချေမှုပြုလုပ်ခြင်း၊ အကျိုးခံစားခွင့်များပေးခြင်း၊ ချေးငွေထုတ်ပေးခြင်း၊ အာမခံချက်များပေးခြင်း သို့မဟုတ် ပဋိညာဉ်စာချုပ် ချုပ်ဆိုခြင်းများသည် ကုမ္ပဏီ၏ အကျိုးစီးပွားအတွက် အကောင်းဆုံးဖြစ်ကြောင်း၊ ကုမ္ပဏီ၏ ရှုထောင့်မှ ကြည့်ပါက နှစ်ဦးနှစ်ဖက် လွတ်လပ်စွာဖြင့် ဘက်လိုက်မှုမရှိသည့် စည်းကမ်းချက်များထက် မလျော့နည်းသည့် စည်းကမ်းချက်များဖြင့် ပြုလုပ်ကြောင်း၊ ဆောင်ရွက်နေသော အခြေအနေများနှင့်ကျိုးကြောင်း ညီညွတ်မှုရှိကြောင်း၊ အဆိုပါထင်မြင်ယူဆချက်များအတွက် အခြေခံအထောက်အထားများအား ဖော်ပြထားသည့် မှတ်တမ်းတွင် လက်မှတ်ရေးထိုးကြရမည်။

(င) ငွေပေးချေမှု ပြုလုပ်ခြင်း၊ အကျိုးခံစားခွင့်များပေးခြင်း သို့မဟုတ် အာမခံချက်များ ပေးခြင်းများကို ပုဒ်မခွဲ (က) နှင့်အညီ ဆောင်ရွက်ပြီး အောက်ပါကိစ္စရပ်တစ်ခုခုဖြစ်ပေါ်ခဲ့သည့်အခါတွင် -

(၁) ပုဒ်မခွဲ (က)နှင့် (ဃ)တို့ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ထားခြင်း မရှိလျှင် သို့မဟုတ်

(၂) ပုဒ်မခွဲ (ဃ) အရ ထုတ်ပေးသည့် အထောက်အထားလက်မှတ်တွင် ဖော်ပြပါရှိသည့် ထင်မြင်ချက်များအတွက် သင့်လျော်သော အခြေခံအထောက်အထားများ မရှိခဲ့လျှင် ငွေပေးချေမှုကို လက်ခံခဲ့သည့် သို့မဟုတ် အကျိုးခံစားခွင့် ပေးခြင်းကို ရရှိခဲ့သည့် သို့မဟုတ် အာမခံချက်ပေးခြင်းနှင့် သက်ဆိုင်ခဲ့သည့် ဒါရိုက်တာ သို့မဟုတ် ယခင်က တာဝန်ထမ်းဆောင်ခဲ့သော ဒါရိုက်တာ သို့မဟုတ် ဆက်နွှယ်သည့် ပုဂ္ဂိုလ်တစ်ဦးသည် ငွေပေးချေခြင်း၊ အကျိုးခံစားခွင့်ပေးခြင်း၊ အာမခံချက်ပေးခြင်းများကို ပြုလုပ်သည့်အချိန်က ယင်းသို့ဆောင်ရွက်မှုများသည် ကုမ္ပဏီအပေါ် မျှတမှုရှိခဲ့ကြောင်း သက်သေထင်ရှားပြနိုင်သည့် ကိစ္စရပ်မှအပ ပေးချေထားသည့် ငွေပမာဏ၊ အကျိုးခံစားခွင့်အတွက် တန်ဖိုးငွေပမာဏ သို့မဟုတ် အာမခံချက်အရ ကုမ္ပဏီက ပေးချေခဲ့သည့် ငွေပမာဏများအတွက် ကုမ္ပဏီသို့ တစ်ဦးချင်းအလိုက် မိမိတို့ကိုယ်တိုင် တာဝန်ရှိစေရမည်။

(စ) ချေးငွေထုတ်ပေးခြင်းကို ပုဒ်မခွဲ (က)နှင့်အညီ ဆောင်ရွက်ပြီး အောက်ပါကိစ္စရပ်တစ်ခုခု ဖြစ်ပေါ်ခဲ့သည့်အခါတွင် -

(၁) ပုဒ်မခွဲ (က)နှင့် (ဃ)တို့ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ထားခြင်းမရှိလျှင် သို့မဟုတ်

(၂) ပုဒ်မခွဲ (ဃ) အရ ထုတ်ပေးသည့် တရားဝင်အထောက်အထားလက်မှတ်တွင် ဖော်ပြပါရှိသည့် ထင်မြင်ချက်များအတွက် သင့်လျော်သော အခြေခံအထောက်အထားများ မရှိခဲ့လျှင် ချေးငွေထုတ်ပေးသည့်အချိန်က အဆိုပါချေးငွေကို ပြုလုပ်ခြင်းသည် ကုမ္ပဏီအပေါ် မျှတမှုရှိကြောင်း သက်သေထင်ရှားပြနိုင်သည့် ကိစ္စရပ်မှအပ ချေးငွေနှင့်စပ်လျဉ်း၍ ပြုလုပ်ထားသည့် စည်းကမ်းချက်များ၊ သဘောတူညီချက်များ ရှိစေကာမူ ဒါရိုက်တာ သို့မဟုတ် ဆက်နွှယ်သည့် ပုဂ္ဂိုလ်တစ်ဦးသည် ထုတ်ပေးထားသည့်ချေးငွေကို ကုမ္ပဏီသို့ ချက်ချင်း ပြန်လည်ပေးဆပ်ရမည်။

(ဆ) ဒါရိုက်တာများသည် ငွေပေးချေမှု၊ အကျိုးခံစားခွင့်၊ ချေးငွေ၊ အာမခံချက် သို့မဟုတ် ပဋိညာဉ်တစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် အချက်အလက်များကို ကုမ္ပဏီ၏ နောက်တစ်ကြိမ်ကျင်းပသော နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီတွင်ပါဝင်သူများထံသို့ သေချာစွာထုတ်ဖော်တင်ပြရမည်။

**ဒါရိုက်တာများ၏ အခကြေးငွေနှင့် ဒါရိုက်တာများ၊ ဆက်နွှယ်သည့်ပုဂ္ဂိုလ်များသို့ ပေးအပ်သည့် အကျိုးခံစားခွင့်များအား ကုမ္ပဏီတွင်ပါဝင်သူများက အတည်ပြုခြင်း**

၁၈၈။(က) ကုမ္ပဏီ၏ဒါရိုက်တာအဖွဲ့သည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ ကုမ္ပဏီတွင် ပါဝင်သူများက အတည်ပြုခဲ့လျှင် ကုမ္ပဏီ၏ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းတွင်ပါရှိသော ကန့်သတ်ချက်များ၊ ဤဥပဒေနှင့် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်တွင် ပါရှိသော သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဒါရိုက်တာတစ်ဦး သို့မဟုတ် အခြားဆက်နွှယ်သည့် ပုဂ္ဂိုလ်တစ်ဦးသို့ ပုဒ်မ ၁၈၇၊ ပုဒ်မခွဲ(က) တွင် ဖော်ပြပါရှိသော ငွေပေးချေမှု၊ အကျိုးခံစားခွင့်၊ ချေးငွေ၊ အာမခံချက် သို့မဟုတ် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ခွင့်ပြုနိုင်သည်။

(ခ) သက်ဆိုင်ရာအစည်းအဝေးကျင်းပရန်အတွက် အကြောင်းကြားစာအား မှတ်ပုံတင်အရာရှိသို့ ပေးပို့ခြင်းမပြုမီ ကုမ္ပဏီသည် အောက်ပါတို့ကို ပေးပို့တင်ပြရမည်-

(၁) အဆိုပြုမည့် ဆုံးဖြတ်ချက်စာသားများအား ရေးသားဖော်ပြပါရှိသည့် အဆိုပြု အစည်းအဝေး အကြောင်းကြားစာ၊

(၂) ငွေပေးချေမှု၊ အကျိုးခံစားခွင့်၊ ချေးငွေ၊ အာမခံချက် သို့မဟုတ် ပဋိညာဉ်စာချုပ် တစ်ရပ်ရပ်အား လက်ခံရရှိသော ဒါရိုက်တာ သို့မဟုတ် ဆက်နွှယ်သည့် ပုဂ္ဂိုလ်များ၏ အသေးစိတ်အချက်အလက်များ၊ အဆိုပါငွေပေးချေမှု၊ အကျိုးခံစားခွင့်၊ ချေးငွေ၊ အာမခံချက် သို့မဟုတ် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် အသေးစိတ် အချက်အလက်များအပါအဝင် ဆုံးဖြတ်ချက်ကို မည်သို့မဲပေးဆုံးဖြတ်မည်ဟူသည့်ကိစ္စရပ်အတွက် အရေးပါသော အချက်အလက်များဖြစ်သော ကုမ္ပဏီက သိရှိထားသည့် အချက်အလက်များအားလုံးကို ဖော်ပြထားသည့် အဆိုပြုထားသော ရှင်းလင်းဖော်ပြချက် တစ်စောင်နှင့်

(၃) အစည်းအဝေးကျင်းပမည့် အကြောင်းကြားစာနှင့်အတူ ပူးတွဲတင်ပြမည့် အခြားစာရွက်စာတမ်းများနှင့် အဆိုပြုထားသော ဆုံးဖြတ်ချက်နှင့် သက်ဆိုင်သော အခြားစာရွက်စာတမ်းများ။

(ဂ) မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီမှ ကုမ္ပဏီတွင်ပါဝင်သူများထံသို့ အစည်းအဝေး အကြောင်းကြားစာ ပေးပို့ဆောင်ရွက်နိုင်ခြင်း ရှိ၊ မရှိ ကို ၂၈ ရက်အတွင်း ဆုံးဖြတ်ရမည်။ မှတ်ပုံတင်အရာရှိက အကြောင်းကြားစာပေးပို့ရန် အတည်ပြုခဲ့လျှင် သို့မဟုတ် ယင်းကာလအတွင်း အတည်ပြုချက်ကို မထုတ်ပြန်လျှင် ကုမ္ပဏီသည် အစည်းအဝေးအကြောင်းကြားစာကို ကုမ္ပဏီတွင် ပါဝင်သူများအား ပေးပို့ဆောင်ရွက်နိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ အတည်ပြုချက်တစ်ရပ်ရပ်အား ချမှတ်ခဲ့လျှင် မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီတွင် ပါဝင်သူများအား အကာအကွယ်ပေးရန်အတွက် လိုအပ်သည်ဟု ယူဆသည့်အခါတွင် ပုဒ်မခွဲ (ခ) အရ တင်ပြသော စာရွက်စာတမ်းတစ်ရပ်ရပ်ကို ရှင်းလင်းစွာ ဖော်ပြရန် သို့မဟုတ် ပြောင်းလဲပြင်ဆင်ရန်အတွက် ကုမ္ပဏီအား ညွှန်ကြားနိုင်သည်။

(င) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၂) တွင် ပါရှိသည့် သတ်မှတ်ချက်များကို လိုက်နာထားခြင်းမရှိကြောင်း သို့မဟုတ် အလားတူ အရေးကြီးသော အကြောင်းများ ရှိခဲ့ကြောင်းနှင့် စပ်လျဉ်း၍ သင့်လျော်သည့် အကြောင်းအရာများကို တွေ့ရှိရလျှင် အစည်းအဝေး အကြောင်းကြားစာ ထုတ်ဝေပေးပို့ခြင်း ငြင်းပယ်နိုင်သည်။

(စ) ဒါရိုက်တာ သို့မဟုတ် သက်ဆိုင်ရာ ဆက်နွှယ်သည့်ပုဂ္ဂိုလ်သည် အထွေထွေအစည်းအဝေး၌ အခြားပုဂ္ဂိုလ်တစ်ဦးထံမှ ကိုယ်စားလှယ်အဖြစ် မည်သို့မဲပေးရမည်ကို ညွှန်ကြားထားလျှင်မှတစ်ပါး ဆုံးဖြတ်ချက်တစ်ရပ်ရပ် ချမှတ်ရန်အတွက် မဲပေးခြင်း မပြုရ။

(ဆ) ကုမ္ပဏီသည် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ချမှတ်ပြီးနောက် ၁၄ ရက်အတွင်း ပုဒ်မခွဲ (က) အရ ယင်းဆုံးဖြတ်ချက်၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်အရာရှိထံ ပေးပို့တင်ပြရမည်။

**ဒါရိုက်တာများ၏ အချက်အလက်များနှင့်အခြားအကြောင်းအရာများ ဒါရိုက်တာများ၊ အတွင်းရေးမှူးများနှင့် သက်ဆိုင်သည့် မှတ်တမ်းများ**

၁၈၉။(က) ကုမ္ပဏီအားလုံးသည် ယင်းတို့၏ မှတ်ပုံတင်ထားသောရုံးခန်း သို့မဟုတ် ယင်းတို့၏ မှတ်ပုံတင် စာရင်းများထားရှိရာ အခြားနေရာ၌ အောက်ပါအချက်အလက်များ ပါဝင်သော ဒါရိုက်တာများ၊ အလှည့်ကျဒါရိုက်တာများ၊ အတွင်းရေးမှူးများနှင့် သက်ဆိုင်သည့် မှတ်ပုံတင်စာရင်းတစ်ရပ်ကို ထိန်းသိမ်းထားရှိရမည်-

(၁) ဒါရိုက်တာ၊ အလှည့်ကျဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူး၏ လက်ရှိအမည် အပြည့်အစုံ၊ ယခင်အသုံးပြုခဲ့သည့်အမည် အပြည့်အစုံ၊ မွေးနေ့၊ အမြဲတမ်းနေရပ်လိပ်စာ၊ နိုင်ငံ၊ နိုင်ငံသားနှင့်အခြားနိုင်ငံသားအဖြစ် ထပ်မံခံယူထားလျှင် ယင်းနိုင်ငံသား၊ စီးပွားရေး အလုပ်အကိုင်ရှိခဲ့လျှင် ယင်းအလုပ်အကိုင်၊ အခြားဒါရိုက်တာနေရာ သို့မဟုတ် ဒါရိုက်တာနေရာများကို ရယူထားခြင်းရှိခဲ့လျှင် အဆိုပါနေရာများ၏ အကြောင်းအရာများ၊

**ဆက်လက်ဖော်ပြပါမည်။**

## ကျေးလက် သောက်သုံးရေသန့်ရရှိရေး လက်တူးရေတွင်းတူးဖော်မှု ၇၀ ရာခိုင်နှုန်းပြီးစီး

**ဝိုင်းမော် ဒီဇင်ဘာ ၂၇**
ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ဖုန်တန်ကောင်ကျေးရွာအုပ်စု ဂျတ်မိုင်-ကုန်းရပ်ကွက်နေ ပြည်သူများ သောက်သုံးရေသန့်ရရှိရေး ဝိုင်းမော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူကာ လက်တူးရေတွင်း တူးဖော်ပေးလျက်ရှိရာ ဒီဇင်ဘာ၂၇ ရက်အထိ လုပ်ငန်းအားလုံး၏ ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း ဝိုင်းမော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးအောင်ထံမှ သိရသည်။

"အရင်က အဲဒီရွာဟာ အောက်ဘက်မှာရှိတာပါ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် နမ်းမလိချောင်းရေစီးကြောင့် ကမ်းပြိုခဲ့ကာ ကျေးရွာကို ရေလွတ်ရာသို့ ရွှေ့ပြောင်းပေးပြီး သောက်သုံးရေသန့်ရရှိရေးအတွက် အခုလို လက်တူးရေတွင်း တူးဖော်ပေးတာပဲဖြစ်ပါတယ်၊ ကျေးရွာမှာ အိမ်ထောင်စု ၅၈ စုနဲ့ လူဦးရေ ၂၇၀ နေထိုင်တာကြောင့် နိုင်ငံတော်အစိုးရရဲ့ လမ်းညွှန်မှုနဲ့ လက်တူးတွင်းနှစ်တွင်းတူးဖော်ပေးသွားမှာပါ"ဟု ဦးစီးအရာရှိ ဦးမျိုးအောင်က ရှင်းလင်းပြောကြားသည်။

အဆိုပါ ကျေးလက်သောက်သုံးရေသန့်ရရှိရေး လက်တူးရေတွင်းတူးဖော်ပေးမှုနှင့်စပ်လျဉ်း၍ ကျေးရွာနေပြည်သူတစ်ဦးက "နိုင်ငံတော်အစိုးရကိုလည်း ကျေးဇူးတင်ပါတယ်၊ ကျေးလက် လက်တူးရေတွင်း တူးဖော်ပေးနေတဲ့ ကျေးလက်ဦးစီးဌာနကိုလည်း ကျေးဇူးတင်ပါတယ်၊ ဒီမှာက ရေအခက်အခဲဖြစ်နေတာကို ခုလိုဆောင်ရွက်ပေးလို့ ကျေးရွာမှာ အခက်အခဲဖြစ်နေတဲ့ သောက်ရေရရှိမှာဖြစ်တဲ့အတွက် ဝမ်းသာရပါတယ်" ဟု ပြောသည်။

ကျေးလက် လက်တူးရေတွင်း နှစ်တွင်းတူးဖော်နိုင်ရေး နိုင်ငံတော်အစိုးရမှ ငွေကျပ်ကိုးသန်းသုံးစွဲခွင့်ပြုကြောင်း သိရသည်။

**ဦးလေးကြီး**

## မကွေးတိုင်းဒေသကြီး ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဌာနလေးခုသို့ မော်တော်ယာဉ်များပံ့ပိုး

**မကွေး ဒီဇင်ဘာ ၂၇**
မကွေးတိုင်းဒေသကြီးအတွင်း ဌာနလုပ်ငန်းများ ဆောင်ရွက်ရာတွင် သွားလာရေး အဆင်ပြေလွယ်ကူစေရန် ဌာနလေးခုအတွက် မော်တော်ယာဉ်လေးစီးကို ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မော်တော်ယာဉ်ပေးအပ်ပွဲ အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုက "တိုင်းဒေသကြီးအတွင်း လှည့်လည်သွားလာနေရတဲ့ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ ဦးစီးမှူးတွေကို ဦးစားပေးစနစ်နဲ့ ချထားပေးလိုက်တာဖြစ်ပါတယ်၊ ခုချထားပေးတဲ့ ဌာနတွေအပြင် လိုအပ်ချက်ရှိနေတဲ့ ဌာနတွေကိုလည်း ဆက်လက်ချထားပေးဖို့ အစီအစဉ်ရှိပါတယ်"ဟုပြောသည်။

တိုင်းဒေသကြီးအတွင်း လုပ်ငန်းလိုအပ်ချက်အရ ဖြည့်ဆည်းပေးရန် လိုအပ်သည့် အစိုးရဌာနလေးခုဖြစ်သည့် ပညာရေး၊ သစ်တော၊ စိုက်ပျိုးရေးနှင့် ကြေးတိုင်နှင့် မြေစာရင်းဌာနတို့အား မော်တော်ယာဉ် ပံ့ပိုးပေးခြင်းဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ဇဖဲ)**

## တိုင်းဒေသကြီးနှင့် ပြည်နယ် တင်းနစ်ပြိုင်ပွဲ စတင်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၇**
၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် ညနေ ၃ နာရီက ဝဏ္ဏသိဒ္ဓိ တင်းနစ်အားကစားကွင်း၌ ကျင်းပသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်ဦးမျိုးလှိုင်၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကြပြီး အမျိုးသားအသင်းလိုက်ပြိုင်ပွဲ ပွဲစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ချင်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်နေမှုများအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်မောင်မောင်သန်းနှင့် တာဝန်ရှိသူများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင်အသင်း၊ အုပ်ချုပ်သူနည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အဆိုပါ ၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် တင်းနစ်ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အမျိုးသား ၁၂ သင်း၊ အမျိုးသမီး လေးသင်းမှ စုစုပေါင်း ၉၄ ဦးဖြင့် ဒီဇင်ဘာ ၂၆ ရက်မှ ၂၉ ရက်အထိ ဝဏ္ဏသိဒ္ဓိ တင်းနစ်အားကစားကွင်း၌ နေ့စဉ် နံနက် ၈ နာရီတွင် စတင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုနိုင်ကြောင်း သိရသည်။

**မောင်မောင်ဇော်**





## နေပြည်တော် ရေပူစမ်း အပန်းဖြေစခန်းသို့ လာရောက်သူများပြား

**တပ်ကုန်း ဒီဇင်ဘာ ၂၇**
နေပြည်တော် ရေပူစမ်းအပန်းဖြေစခန်းသည် ဆောင်းရာသီအချိန် အများပြည်သူရုံးပိတ်ရက်နှင့် ကျောင်းပိတ်ရက်များတွင် အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

နေပြည်တော်ရေပူစမ်း အပန်းဖြေစခန်းတွင် သဘာဝအလျောက် ရေပူထွက်ရှိသည့် နေရာသုံးနေရာမှ ထွက်ရှိသောရေများကို ရေပူစီးကြောင်း၊ ရေအေးစီးကြောင့်ဖြင့် သွယ်ယူပြီး ရေစိမ်ကန် လေးကန်၊ သီးသန့် (ကျား-မ) ရေစိမ်ခန်း လေးခန်း၊ လုံးချင်းရေစိမ်ခန်းသုံးခန်းနှင့် ခြောက်ခန်းတွဲ ရေစိမ်ခန်းများအား ရေပူ၊ ရေအေးရောစပ်၍ ပြည်သူများအသုံးပြု အပန်းဖြေနိုင်ရန် စီစဉ်ထားသည့်အပြင် သီးသန့်ဘန်ဂလိုသုံးလုံး၊ အထူးဘန်ဂလိုတစ်လုံး၊ ကျား-မ သီးသန့်အဝတ်လဲခန်းများနှင့် သန့်စင်ခန်းများ တည်ဆောက်ထားသည်။

အဆိုပါ ရေပူစမ်းအပန်းဖြေစခန်းသည် ပင်လောင်းမြို့နယ် တောင်ကျကျေးရွာအနီးတွင် တည်ရှိ၍ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ရန်ကုန်-မန္တလေး ကားလမ်း၊ ကင်းသာ-ပင်လောင်း ကားလမ်း မိုင်တိုင် (၂၄/၄) လမ်းခွဲဆုံမှ အတွင်း တစ်မိုင်ခြောက်ဖာလုံခွာဝေးကာ ပင်လယ်ရေမျက်နှာပြင် အထက် ပေ ၁၅၀၀ ခန့်တွင် တည်ရှိသည်။ အပူချိန် ၉၀ ဒီဂရီဖြင့် ရေပူများတစ်နှစ်ပတ်လုံး ထွက်ရှိကြောင်း သိရသည်။ လာရောက်လည်ပတ်သူများအနေဖြင့် အမှတ်တရ လက်ဆောင်ပစ္စည်းများ ဝယ်ယူနိုင်ပြီး တောတောင်သဘာဝရှုခင်းများကိုလည်း ကြည့်ရှုခံစားနိုင်မည် ဖြစ်သည်။

ထိုအပန်းဖြေစခန်းတွင် တစ်ဦးလျှင် ဝင်ကြေး ကျပ် ၅၀၀၊ ဆိုင်ကယ်တစ်စီးလျှင် ဝင်ကြေး ကျပ် ၅၀၀၊ ကားတစ်စီးဝင်ကြေး ကျပ် ၂၀၀၀၊ သီးသန့်ရေစိမ်ခန်း တစ်နာရီလျှင် ကျပ် ၁၀၀၀၊ ဘန်ဂလိုရေစိမ်ခန်း တစ်ရက်လျှင် ကျပ် ၂၀၀၀၀ နှင့် (အခမဲ့) ရေစိမ်ကန်များကို အခြားနေ့များထက် ဒီဇင်ဘာ ၂၃၊ ၂၄၊ ၂၅ရက်များတွင် လာရောက် အပန်းဖြေသူ ပိုမိုများပြားကြောင်း သိရသည်။

**တင်စိုးလွင်**

# သောက်သုံးရေအတွက် စိမ့်စမ်းရေ သွယ်ခြင်းလုပ်ငန်းများဆောင်ရွက်

**ထန်ပါခွေ ဒီဇင်ဘာ ၂၇**
စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ထန်ပါခွေမြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့ပေါ်ရပ်ကွက်နေပြည်သူများ သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းများ လုပ်ဆောင်ပေးခဲ့ကြောင်း သိရသည်။

မြို့စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ပြည်သူများ သောက်သုံးရေလုံလောက်စွာရရှိစေရန်၊ နွေရာသီတွင် ရေပြတ်လပ်မှုမရှိစေရန်အတွက် စိမ့်စမ်းရေထွက်မှ စနစ်တကျရေသွယ်တန်းထားခြင်းဖြင့် ရေစုကန်များတွင် ရေစုထားရှိရန်နှင့် ထန်ပါခွေမြို့တွင်း နွေရာသီ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ရေစုကန်နှင့် ရေလှောင်ကန်များတွင် ရေများဖြည့်တင်းထားရှိရေးအတွက် လုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

"ရေကတော့ မြို့တွင်းမှာ လုံလုံလောက်မရှိဘူး၊ အခုရေသွယ်တဲ့နေရာက မြို့နဲ့ သုံးမိုင်လောက်ဝေးတယ်၊ အရင်လွှတ်တော်ဘတ်ဂျက်နဲ့ နှစ်မိုင်လောက်ရှိတဲ့ ရေသွယ်တန်းမှုလုပ်ထားခဲ့တာ၊ အဲဒီရေသွယ်တန်းထားတဲ့ ပိုက်လိုင်းကို ပြန်ပြုပြင်ပြီးတော့ မြို့တွင်းမှာတည်ဆောက်ထားတဲ့ ရေစုကန်နှစ်ကန်ကို ရောက်တဲ့အထိ ရေပြန်သွယ်တန်းတာပါ၊ မြို့တွင်းက ရေပိုက်လိုင်းတွေကလည်းအသုံးပြုတာကြာတာရယ်၊ တိရစ္ဆာန်တွေဖျက်ဆီးလို့ ပျက်စီးကုန်တာတွေရှိတယ်၊ လက်ရှိလူဦးရေအရလည်း မလုံလောက်တော့တဲ့အတွက် ပြန်ပြုပြင်လို့ရတာတွေပြုပြင်တယ်၊ လိုအပ်တဲ့နေရာတွေကို အသစ်သွယ်တန်းတာတွေလုပ်ပြီးတော့ ရေစုကန်ကနေတစ်ဆင့် မြို့တွင်းကိုရေပြန်လွှတ်ပေးတဲ့ လုပ်ငန်းကိုလုပ်တာပါ၊ သဘာဝစိမ့်စမ်းရေကို သွယ်တန်းပြီးတော့ ဖြန့်ဝေပေးတာပါ" ဟု ထန်ပါခွေမြို့စည်ပင်သာယာရေးအဖွဲ့တာဝန်ခံဦးကြိုင်းဆက်က ပြောသည်။

ထန်ပါခွေမြို့နေပြည်သူများ အသုံးပြုရန်အတွက် ရေပေးဝေရေးလုပ်ငန်းဖြစ်သော စိမ့်စမ်းရေ သွယ်တန်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁၄ ရက်မှ စတင်လုပ်ဆောင်ခဲ့ရာ ဒီဇင်ဘာ ၂၄ ရက်တွင် လုပ်ငန်းများပြီးစီးပြီဖြစ်သဖြင့် မြို့ပေါ်ရပ်ကွက်ရှိ အိမ်ထောင်စု ၁၀၀ ကို သောက်သုံးရေများ စတင်ဖြန့်ဝေပေးလျက်ရှိကြောင်း ထန်ပါခွေမြို့စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

## နွေရာသီ စိုက်ပျိုးရေပေးဝေနိုင်ရေး ရေပေးမြောင်း၊ ရေပေး အဆောက်အအုံများပြင်ဆင်

**ကန့်ဘလူ ဒီဇင်ဘာ ၂၇**
ကန့်ဘလူမြို့နယ်အတွင်းရှိ ကင်းတပ်လက်ဝဲတူးမြောင်းရေပေးဝေမှုအား မိုးစပါးရေပေးဝေရာသီ ပြီးဆုံးချိန် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ပထမပတ်မှ နွေစပါးရေပေးရာသီစတင်မည့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ပထမပတ်ထိ ရေဖြတ်ကာလသတ်မှတ်ကာ ယင်းကာလအတွင်း ရေပေးမြောင်းများ၊ ရေပေးအဆောက်အအုံများ ပြင်ဆင်မွမ်းမံခြင်း၊ မြောင်းစစ်လမ်းများ၊ မြောင်းပေါင်များပြုပြင်ခြင်း၊ နွေစပါးရေပေးဝေနိုင်မည့်ဧက စိစစ်အတည်ပြုခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။



"ကျွန်တော်တို့ဌာနက နွေ၊ မိုးရာသီ စိုက်ပျိုးရေဖူလုံစွာရရှိရေးအတွက် နည်းလမ်းခြောက်ခုဖြင့် ဆောင်ရွက်ပေးနေပါတယ်၊ ဒီနည်းလမ်းတွေက ဆည်မြောင်းတာတမံများ အသစ်တည်ဆောက်ခြင်း၊ ရေဝေရေလဲဧရိယာမှ စီးဆင်းသည့် ရေများအား အပြည့်အဝ သိုလှောင်အသုံးချရေး စီမံဆောင်ရွက်ခြင်း၊ တည်ဆောက်ပြီး ဆည်မြောင်းတာတမံများမှ ဆည်ရေကို ထိရောက်စွာပေးဝေနိုင်ရန်နှင့် ရေပိုမိုသိုလှောင်နိုင်ရန်ပြုပြင်ခြင်း၊ မြစ်ချောင်းများရေလျှံချိန်တွင် အင်းအိုင်ချိုင့်ဝှမ်းများအတွင်းသို့ ရေသွင်းသိုလှောင်ထားရှိခြင်း၊ မြစ်ချောင်းမှရေစုပ်စက်ဖြင့် စုပ်တင်ခြင်း၊ မြေအောက်ရေကို ထုတ်ယူသုံးစွဲခြင်း နည်းလမ်းများဖြင့် လယ်ယာလုပ်ငန်းခွင်ဝင်တောင်သူလယ်သမားများ အကျိုးရှိစွာ အသုံးချနိုင်ရေး ကြိုးကြပ်ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု မြို့နယ်ဦးစီးအရာရှိ ဦးမြတ်သူလွင်က ပြောသည်။

အလားတူ ကန့်ဘလူခရိုင်အတွင်းရှိ လင်ပန်းဆည်၊ ပေကြီးဆည်၊ ကျေးပင်အက်ဆည်တို့တွင်လည်း ရေလုံလောက်စွာ ပေးဝေနိုင်ရေးအတွက် ရေပေးမြောင်း ရေပေး အဆောက်အအုံ ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ကင်းတပ်လက်ဝဲတူးမြောင်းမှ ၂၀၁၇-၂၀၁၈ ခုနှစ် နွေစပါးစိုက်ပျိုးရာသီအတွက် ဧက ၂၃၅၀၀၊ ကျေးပင်အက်ရေလှောင်တမံမှ ဧက ၁၀၀၀ နှင့် လင်ပန်းရေလှောင်တမံမှ ဧက ၃၀၀ စိုက်ပျိုးရေပေးဝေသွားမည်ဖြစ်ကြောင်း သိသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ကို ကြိုဆိုသောအားဖြင့် စစ်တွေအကျဉ်းထောင်အတွင်း အားကစားပြိုင်ပွဲများ ကျင်းပ

**စစ်တွေ ဒီဇင်ဘာ ၂၇**
နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်တွေအကျဉ်းထောင်အတွင်း အားကစားပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းမှစ၍ ကျင်းပလျက်ရှိသည်။

စစ်တွေ အကျဉ်းထောင် တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းလွင်ဦးစီး၍ ၂၀၁၈ခုနှစ် ဇန်နဝါရီ ၄ ရက်တွင်ကျရောက်မည့် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့်လည်းကောင်း၊ အကျဉ်းထောင်အတွင်း ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသားများနှင့်အကျဉ်းသူများ စိတ်ပိုင်းဆိုင်ရာ မွန်းကျပ်မှုများပြေပျောက်ပြီး စိတ်ပျော်ရွှင်မှုများရရှိစေရန်နှင့် ကျန်းမာကြံ့ခိုင်မှုရှိစေရန် ရည်ရွယ်၍ အမျိုးသားများအတွက် ဂိုးကျဉ်းဘောလုံးပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်း၊ အမျိုးသမီးများအတွက် အပ်နဖားထိုး၊ ဆန်ကောရွက်၊ အာလူးကောက်၊ မျက်နှာအလှခြယ်၊ မုန့်စားပြိုင်ပွဲတို့အား ကျင်းပပေးခြင်းဖြစ်ကြောင်း သိရသည်။ **မြတ်သူရိန်**

## တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်း ဆန်းစစ်ဆွေးနွေး

**ထားဝယ် ဒီဇင်ဘာ ၂၇**
မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း ဆောင်ရွက်ခဲ့သည့် ပြည်သူလူထုအခြေပြု တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်း နှစ်ပတ်လည်လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီခွဲက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီးအမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်နီလာအေးနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များက ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း ဆောင်ရွက်ခဲ့သည့် ပြည်သူလူထုအခြေပြု တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများအကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အဖွဲ့ဝင် ဒေါက်တာဝေဝေလွင်က ၎င်းတို့၏ တင်ပြချက်များအပေါ် သုံးသပ်ဆွေးနွေးပြီး တိုင်းဒေသကြီးတီဘီဆရာဝန် ဒေါက်တာထင်ဇော်အောင်က ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အဖွဲ့ဝင် ဒေါက်တာဝေဝေလွင်၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီလာအေး၊ အတွင်းရေးမှူးဒေါ်လှသန်း၊ တိုင်းဒေသကြီးတီဘီဆရာဝန်ဒေါက်တာထင်ဇော်အောင်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်းသိရသည်။ **ထားဝယ်ခရိုင်(ပြန်/ဆက်)**

# ပြည်သူများ ငြိမ်းချမ်းစွာနေထိုင်နိုင်ရေး အလုပ်ရုံဆွေးနွေး

**ပဲခူး ဒီဇင်ဘာ ၂၇**
ပဲခူးမြို့ မြို့တော်ခန်းမ၌ ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲ၏ တရားဥပဒေစိုးမိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့ကြောင်း သိရသည်။



ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက တရားဥပဒေစိုးမိုးမှုမရှိပါက မတည်ငြိမ်နိုင်သလို ပြည်သူ့ဘဝများလည်း မလုံခြုံတော့ကြောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိသည့်အတွက် စီးပွားရေးလည်း လုပ်လို့ရမည်မဟုတ်ကြောင်း၊ ပြည်သူများမိမိတို့၏ အိုးအိမ်များတွင် လုံလုံခြုံခြုံချမ်းချမ်းသာသာဖြင့် နေထိုင်နိုင်ရန်အရေးကြီးကြောင်း၊ တရားဥပဒေစိုးမိုးရေးအတွက် ဌာနဆိုင်ရာလုပ်ငန်းများကို ဥပဒေနှင့်အညီ တာဝန်ထမ်းခြင်းသည် တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်နေခြင်းဖြစ်သည်ဟု မှတ်ယူစေချင်ကြောင်း၊ ပြည်သူများ ဥပဒေ အသိပညာတိုးပွားလာအောင် ပညာပေးဟောပြောပွဲများ လုပ်ပေးခြင်းဖြင့် တရားဥပဒေစိုးမိုးရေးအတွက် အထောက်အကူရရှိမှာဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ ဥပဒေချုပ် ဦးအုန်းမြင့်၊ တိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့တာဝန်ခံ ဦးတင်ထွေးနှင့် လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက်ပဲခူးတိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ အဖွဲ့ဝင် တိုင်းဒေသကြီးဥပဒေအရာရှိ ဦးအုန်းသန်းက တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲ၏ လုပ်ငန်းများနှင့်ပတ်သက်၍ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက သိလိုသည့် မေးခွန်းများမေးမြန်းရာ အဖွဲ့ခွဲတာဝန်ခံနှင့် အဖွဲ့ခေါင်းဆောင်တို့က ပြန်လည်ဖြေကြားခဲ့ကြသည်။

ဆက်လက်၍ တက်ရောက်ကြသော ရဲတပ်ဖွဲ့၊ ဥပဒေ၊ တရားရေး၊ အထွေထွေအုပ်ချုပ်ရေးဌာနတို့အား အုပ်စုလေးစုခွဲပြီး မိမိတို့မြို့နယ်အတွင်းရှိ တရားဥပဒေစိုးမိုးရေး အခက်အခဲများ ဖော်ထုတ်ခြင်း၊ မိမိမြို့နယ်အတွက် တရားဥပဒေစိုးမိုးရေး ပိုမိုကောင်းမွန်လာအောင် မည်သို့သောလုပ်ငန်းကဏ္ဍမျိုးလုပ်ဆောင်သင့်သည်နှင့် တိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲအနေဖြင့်ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာ မဟာဗျူဟာ စီမံချက်ရေးဆွဲသည့်အခါ စဉ်းစားသင့်သည့် အကြောင်းအရာများ၊ အကြံပြုချက်များ စသည့် ခေါင်းစဉ်များချမှတ်ကာ ဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲသို့ ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ၊ ဝန်ကြီးများ၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ဥပဒေချုပ်၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့်ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ တာဝန်ခံ၊ အဖွဲ့ဝင်များ၊ တရားသူကြီးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများနှင့် မြို့နယ် ဥပဒေအရာရှိများ တက်ရောက်ကြကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**



## လှိုင်းဘွဲ့မြို့နယ်တွင် မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**လှိုင်းဘွဲ့ ဒီဇင်ဘာ ၂၇**
ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်သည့်အတွက် ရပ်ကွက်အတွင်းနှင့် ဌာနဆိုင်ရာရုံးများ၊ ကျောင်းများ မီးဘေးအန္တရာယ် ကင်းဝေးစေရေး မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုကို မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ပူးပေါင်းပြီး ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးရုံး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ရာတွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်နေ ပြည်သူများအား မီးငြိမ်းသတ်ယာဉ်တစ်စီးဖြင့် ရေထိုးပက်ခြင်း၊ တစ်ပိုက်တစ်တန်းရေထိုးပက်ခြင်း၊ ဂက်(စ်)အိုး၊ မီးဖိုမှ မီးလောင်ကျွမ်းမှုအား ငြိမ်းသတ်နည်း၊ မီးလောင်ကျွမ်းနေစဉ် ရေစိုနေသည့် စောင်ပိုင်းဖြင့် ဖုံးအုပ်ငြိမ်းသတ်နည်းတို့ကိုဆောင်ရွက်ခဲ့ပြီး မီးလောင်ရသည့်အကြောင်းအရင်းနှင့် မီးလောင်လျှင် မီးငြိမ်းသတ်ရမည့်နည်းလမ်းများ၊ မီးသတ်ဆေးဘူးအသုံးပြုပုံတို့ကို ရှင်းလင်းပြောကြားခဲ့ပြီး နေအိမ်မီးဖိုချောင်တွင် ဆီမှ မီးလောင်ကျွမ်းမှုအား မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်နည်းကို သရုပ်ပြသခဲ့ကြကြောင်း သိရသည်။

ထို့အပြင် လှိုင်းဘွဲ့မြို့နယ်မီးသတ်ဦးစီးမှူး၊ မြို့နယ်ကျေးလက်ဦးစီးမှူးတို့က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောခြင်းနှင့် မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးထားရှိမှုအခြေအနေ၊ ရုံးရေလှောင်ကန်များ ရေဖြည့်တင်းထားရှိမှုအခြေအနေ၊ ရုံးတွင်းလျှပ်စစ်ပစ္စည်းများအား *Save Guard* များ သုံးစွဲထားရှိမှုနှင့် မလိုအပ်သောမီးခလုတ်များအား အမြဲပိတ်ထားရေးအတွက် ရပ်ကွက်နေအိမ်များ၊ ရုံးများတွင် စစ်ဆေးခဲ့ကြကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**

## တောင်သူများ နွေစပါးစိုက်ပျိုးနိုင်ရေး တောင်ငူမြို့နယ် ပသိဆည်မှ ရေများ စတင်ပေးဝေ

**တောင်ငူ ဒီဇင်ဘာ ၂၇**
ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် စစ်တောင်းမြစ် အရှေ့ဘက်ကမ်းဒေသရှိ တောင်သူများ နွေစပါးစိုက်ပျိုးနိုင်ရေး ဒီဇင်ဘာ ၂၅ ရက်မှစတင်၍ ပသိဆည်မှ ရေများ ပေးဝေလျက်ရှိကြောင်း မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသောင်းတင်က ပြောသည်။

ပသိဆည်ရေသောက် ဧရိယာ ၁၅၁၁ ဧကရှိသည့်အပြင် ကရင်ချောင်း ရေလွှဲဆည်ရေသောက်ဧရိယာ ဧက ၄၄၀၊ ကမ်းနီရေလွှဲဆည် ဧရိယာ ဧက ၁၂၁၀ ဖြင့် နွေစပါးများ စိုက်ပျိုးနိုင်ကြပြီဖြစ်သည်။

"စပါးဈေးကောင်းတော့ တောင်သူတိုင်းလိုလို နွေစပါးစိုက်ချင်ကြတယ်၊ နွေစပါးက မိုးစပါးနဲ့မတူဘူးလေ အထွက်နှုန်းကောင်းတော့ အကျိုးအမြတ်ပိုရတယ်" ဟု ရွှေလေးအင်းကျေးရွာနေ တောင်သူတစ်ဦးက ပြောသည်။

ထို့အပြင် နွေစပါးစိုက်တောင်သူများ စိုက်ပျိုးကေတိုးချဲ့နိုင်ရန် စက်ယန္တရားများဖြင့် မြောင်းများအဆင့်မြှင့်တင်ခြင်းနှင့် ရေပေးမြောင်းများ ပြုပြင်ခြင်းတို့ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း တစ်နှစ်ထက်တစ်နှစ် စိုက်ကေပိုမိုများပြားလျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**



ဖြူးမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဒေါ်သိမ့်သိမ့်မိုးနှင့်အဖွဲ့သည် ဒီဇင်ဘာ နောက်ဆုံးပတ်က ဖြူးမြို့နယ် ဦးရုံးစုကျေးရွာ၌ အားကစားဆိုင်ရာများ ဟောပြောခဲ့ကြောင်း သိရသည်။ **သက်မှူး**

## သောက်သုံးရေဖူလုံရေး စိမ့်စမ်းရေသွယ်ခြင်း လုပ်ငန်းဆောင်ရွက်

**ကြံခင်း ဒီဇင်ဘာ ၂၇**
ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကြံခင်းမြို့နယ် ပိန္နဲကွင်းကျေးရွာအုပ်စု စခန်းကြီးကျေးရွာတွင် ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေး မြို့နယ်ကျေးလက်ဦးစီးမှူး ဦးဆောင်သောအဖွဲ့က ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် တိုင်းတာဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သူရအောင်(ပြည်)**

# တန်ဖိုးရှိသော အရင်းအမြစ်များကို မဆုံးရှုံးစေချင်ပါ

သန်းဖြိုးနိုင် (ကညင်ကျိုး)

ယနေ့လက်ရှိအချိန်အခါသည် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးဖော်ဆောင်နေပြီး ဖက်ဒရယ်ပြည်ထောင်စု ဖြစ်စေရေးသို့ လျှောက်လှမ်းဖော်ဆောင်နေချိန်ဖြစ်သည်။ ထိုစနစ်ကြီး ရေရှည်တည်တံ့နေစေရေးနှင့် အောင်မြင်ရေးတို့အတွက်ဆိုလျှင် နိုင်ငံ့ဝန်ထမ်းများမှာ အရေးကြီးသော အခန်းကဏ္ဍမှပါဝင်လျက်ရှိနေသည်ဆိုသည်မှာ ငြင်းမရနိုင်ပေ။ နိုင်ငံ့ဝန်ထမ်းများဆိုသည်မှာ ဌာနများအလိုက် မိမိတို့ကိုယ်စီတာဝန်ယူရသော လုပ်ငန်းဆောင်တာများကို တာဝန်ခံမှုရှိကာ အဂတိတရားကင်းရှင်းသော၊ ပြည်သူဗဟိုပြုဝန်ဆောင်မှုပေးသည့် ဖွဲ့စည်းမှုများနှင့် လုပ်ထုံးလုပ်နည်းများနှင့်အတူ အစိုးရက ပြည်သူများ၏ မျှော်လင့်ချက်များကို ဖြည့်ဆည်းပေးနိုင်အောင် ကူညီခြင်းပြုကြရသူများဖြစ်သည်။ ထို့အပြင် ပြည်သူ့ဝန်ဆောင်မှုအဖွဲ့အစည်းများအတွင်း ပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်ရာတွင်လည်းအဓိကတွန်းအားပေး မောင်းနှင်သူများလည်း ဖြစ်ကြလေသည်။

### နိုင်ငံ့ဝန်ထမ်း

နိုင်ငံ့ဝန်ထမ်းဆိုသည်ကို လေ့လာကြည့်ပါက ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥပဒေအခန်း(၁)၊ ပုဒ်မ ၂ ပုဒ်မခွဲ(စ)တွင် 'ဝန်ထမ်းဆိုသည်မှာ ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ရပ်၏ ဖွဲ့စည်းပုံပါရာထူးတွင် ခန့်အပ်ခြင်းခံရသူ နိုင်ငံ့ဝန်ထမ်းကို ဆိုသည်' ဟု ပြဋ္ဌာန်းထားရှိပြီး ဝန်ထမ်းတစ်ဦးအား ဖွဲ့စည်းပုံပါရာထူးတစ်ခုတွင် အတည်ပြုခန့်အပ်မည်ဆိုပါက ခန့်အပ်မည့်ရာထူးသည် အမြဲတမ်းလစ်လပ်သည့် ရာထူးဖြစ်ရမည်ဟူ၍လည်းကောင်း၊ တစ်ချိန်တည်းမှာပင် ဝန်ထမ်းတစ်ဦးထက်ပို၍ ခန့်ထားခြင်း မပြုရဟူ၍လည်းကောင်း၊ ဝန်ထမ်းတစ်ဦး၏ ရာထူးအနွယ် ပိုင်ဆိုင်ခွင့်ရှိထားသည့် ရာထူး၌ အခြားဝန်ထမ်းတစ်ဦးကို အတည်ပြုခန့်ထားခြင်းမပြုရဟူ၍လည်းကောင်း၊ ဝန်ထမ်းတစ်ဦးသည် အသက် ၁၈ နှစ် ပြည့်ပြီးသူဖြစ်ရမည်ဟူ၍လည်းကောင်း၊ ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက ကျန်းမာကြောင်း ဆေးလက်မှတ်တင်ပြနိုင်ရမည်ဟူ၍လည်းကောင်း သတ်မှတ်ချက်များထားရှိသည်ကို လေ့လာတွေ့ရှိကြရမည်ဖြစ်သည်။

ထို့အပြင် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးတွင် ပြန်တမ်းဝင် အရာရှိအဆင့် ရာထူးခန့်အပ်ခြင်းနှင့် စပ်လျဉ်း၍လည်း ပြည်ထောင်စုရာထူးဝန်အဖွဲ့က စတင်ရွေးချယ်ပေးရမည့် အဆင့်ရာထူးအဖြစ် သတ်မှတ်ပြီး ရွေးချယ်ပေးရမည်ဟုလည်းကောင်း၊ ရာထူး လစ်လပ်မှုရှိသဖြင့် ပြင်ပပုဂ္ဂိုလ်ကိုရွေးချယ်ရန် လိုအပ်ပါကလည်း သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းသည် ရာထူးဝန်အဖွဲ့သို့ အဆိုပြုညှိနှိုင်း၍ သဘောတူညီချက် ရယူရမည်ဟုလည်းကောင်း၊ ဝန်ထမ်းအဖွဲ့အစည်းများသည် မိမိတို့အဖွဲ့အစည်းအတွင်းရှိ ဝန်ထမ်းများကို ပြန်တမ်းဝင် အရာရှိအဆင့် ရာထူးသို့ တိုးမြှင့်ခန့်အပ်လိုပါက ရာထူးဝန်အဖွဲ့သို့ အဆိုပြုညှိနှိုင်း၍ သဘောတူညီချက်ရယူရမည်ဟုလည်းကောင်း နိုင်ငံ့ဝန်ထမ်းနည်းဥပဒေတွင် ပြဋ္ဌာန်းထားရှိသည်ကို တွေ့ရမည်ဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းများခေါ်ယူခန့်ထားရေးနှင့်စပ်လျဉ်းပြီး လေ့လာကြည့်ရာတွင် အမှုထမ်းများအတွက် အချို့ဌာနများအနေဖြင့် မိမိတို့ဌာနအစီအစဉ်ဖြင့်သာ ခေါ်ယူခန့်အပ်ခြင်း၊ အချို့ဌာနများမှာ နိုင်ငံပိုင်သတင်းစာများတွင် ပွင့်လင်းမြင်သာစွာကြော်ငြာထည့်သွင်းခေါ်ယူခြင်းများတွေ့ရှိရသည်။ အရာထမ်းအဆင့်များအတွက်မူ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှတစ်ဆင့် ခေါ်ယူခြင်း၊ အရည်အချင်းစစ်စာမေးပွဲများ၊ လူတွေ့စစ်ဆေးခြင်းများပြုလုပ်၍ ခေါ်ယူခန့်ထားပေးခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်းများပြုလုပ်နေသည်ကို တွေ့ကြရမည်ဖြစ်သည်။

### အစိုးရယန္တရား

အစိုးရယန္တရားအတွင်းအမှုထမ်း၊အရာထမ်းများ၏ အရေအတွက်ဦးရေကို လေ့လာကြည့်သည့်အခါ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၁၀၀၈၃၁၁ ဦး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၁၀၃၁၇၁၇ ဦးရှိခဲ့သည်။ ၂၀၁၇ ခုနှစ်ဩဂုတ်လအထိ နောက်ဆုံးစာရင်းများအရ နိုင်ငံ့ဝန်ထမ်းဦးရေ စုစုပေါင်းအင်အားမှာ ၁၀၇၆၃၀၀ ဦး ရှိကြောင်း အကြမ်းဖျင်းသိရသည်။ ထိုအထဲမှ ၂၀၁၅ ခုနှစ်မှ ယနေ့ထိ နိုင်ငံ့ဝန်ထမ်းများ အကြောင်းအမျိုးမျိုးကြောင့် ပြုန်းတီးလေလွင့်မှုများ ဖြစ်ပေါ်ခဲ့သည့်စာရင်းကို လေ့လာဆန်းစစ်ကြည့်ပါက ၂၀၁၅ ခုနှစ်မှ ယနေ့ထိ တစ်သိန်းကျော်ရှိကြောင်း သိရသည်။

ပြုန်းတီးသွားသည့် ဝန်ထမ်းများမှာအကြောင်းအမျိုးမျိုးကြောင့် ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း၊ ရာထူးမှထုတ်ပယ်ခြင်း၊ မိမိသဘောဆန္ဒအလျောက်နုတ်ထွက်ခြင်း၊ သက်ပြည့်ပင်စင်ခံစားခြင်းနှင့် နာမကျန်းပင်စင်ခံစားခြင်းများပါဝင်ပါသည်။ ထိုပြုန်းတီးသွားသည့် အင်အားများအပေါ် အကြောင်းရင်းများ၊ သဘောသဘာဝများကွဲလွဲမှုရှိသော်လည်း တစ်နှစ်ထက်တစ်နှစ် ပြုန်းတီးအင်အား ပိုမိုများပြားလာခြင်းကိုမူ ရှုထောင့်တစ်ခုအနေဖြင့် ချဉ်းကပ်ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အထူးဂရုပြုလေ့လာဆန်းစစ်သုံးသပ်ရမည့်အချိန်လည်းဖြစ်လာနေပါသည်။

သို့မဟုတ်ပါက နိုင်ငံတော်အတွက် အလွန်လိုအပ်လျက်ရှိသည့် လူ့စွမ်းအားအရင်းအမြစ်များ အကြောင်းအမျိုးမျိုးကြောင့် ဆုံးရှုံးသွားတတ်သည်ကို သတိချပ်ကြရမည်သာဖြစ်သည်။ သို့အတွက် တန်ဖိုးရှိလှသည့် ထိုလူ့စွမ်းအားအရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်ပြီး တန်ဖိုးထားကာ လူမှန်နေရာမှန် အသုံးချတတ်ရေးသည် ယနေ့အချိန်တွင် အလွန်အရေးကြီးလာနေပါသည်။

နိုင်ငံ့ဝန်ထမ်းများသည် အစိုးရကို ကိုယ်စားပြုပြီး ပြည်သူ့ရေးရာဝန်ဆောင်မှုများကို ထိရောက်စွာပံ့ပိုးဆောင်ရွက်ပေးရန်တာဝန်ရှိသကဲ့သို့ ဒီမိုကရေစီစနစ် ရေရှည်တည်တံ့စေရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ရှေ့ဆက်တိုးတက်ဆောင်ရွက်နိုင်ရန် ပံ့ပိုးပေးရန် အဓိကကျသည်။ ထို့ကြောင့်ပင် ထိုနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းကြီးသည်လည်း ခိုင်မာအားကောင်းနေရန်၊ စည်းလုံးညီညွတ်နေရန်၊ အဂတိတရားကင်းပြီး နိုင်ငံချစ်စိတ်မျိုးချစ်စိတ်များ ပြည့်ဝနေစေရန် အထူးအရေးကြီးလာလေသည်။ ထိုသို့ဖြစ်လာစေရန်လည်း အစိုးရက ပံ့ပိုးဖြည့်ဆည်းပေးကြရမည်ဖြစ်သည်။ ထိုနိုင်ငံ့ဝန်ထမ်းယန္တရား၏ အခြေခံအုတ်မြစ်သည်အထက်နှင့်အောက် အပြန်ပြန်အလှန်လှန်ထားရှိသော တရားမျှတမှု၊ ဘက်လိုက်မှုကင်းမှုနဲ့ ယုံကြည်မှုပင်ဖြစ်သည်။ အခြေခံအုတ်မြစ်ဖြစ်သော ထိုယုံကြည်မှုတရားနည်းပါးလာပါက တက်တက်ကြွကြွနှင့် ပါဝင်ဆောင်ရွက်ပံ့ပိုးပေးနိုင်ရန် အခက်အခဲ ဖြစ်ပေါ်လာနိုင်သည်။

### နိုင်ငံတော်က အားထား

ဤသို့ဖြင့် နိုင်ငံတော်ကအားထားရသည့် နိုင်ငံ့ဝန်ထမ်းကောင်းတစ်ဦးဖြစ်လာစေရန် ခက်ခဲလာမည်ဖြစ်သည့်အပြင် ထိုအဖွဲ့အစည်းအတွင်းမှ ထွက်ခွာရန်နည်းလမ်းများလည်း ရှာကြံလာမည်ဖြစ်သည်။ ယုံကြည်မှုနည်းပါးသည့် ပတ်ဝန်းကျင်အတွင်းတွင် အကူအညီမဲ့မှု၊ လူမှန်နေရာမှန်မရှိမှု၊ စီမံခန့်ခွဲမှု အလွဲများကြောင့် စိတ်မပါမှုနှင့် သူ့ထက်ငါ ကိုယ်ကျိုးရှာမှုများဖြင့်သာ ကြုံတွေ့ကြရနိုင်သည်။ ထိုဖြစ်ပေါ်လာမှု၏ နောက်ဆက်တွဲအကျိုးဆက်သည် နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားတစ်ခုလုံးအတွက် လွန်စွာအန္တရာယ်ကြီးလာနိုင်တတ်လေ့ရှိသည်။ သို့အတွက် ဌာနဆိုင်ရာများကိုယ်စီ မိမိတို့ဌာနအတွင်းမှ နိုင်ငံ့ဝန်ထမ်းများကိုယ်စီ၏ အားနည်းချက်၊ အားသာချက်များကို လေ့လာဆန်းစစ်ဝေဖန်သုံးသပ်ပြီး အချိန်မီ ပြုပြင်ထိန်းကျောင်း၊ လေ့ကျင့်မှုများဖြင့် ပြုပြင်ပြောင်းလဲသွားရန် လိုအပ်လာလေသည်။

### တန်ဖိုးရှိသည့် လူ့စွမ်းအား အရင်းအမြစ်များ

နှစ်စဉ်နှင့်အမျှ တိုးတက်များပြားလာနေသည့် နိုင်ငံ့ဝန်ထမ်းအင်အားများကို တန်ဖိုးရှိသည့် လူ့စွမ်းအားအရင်းအမြစ်များအနေဖြင့် ထိန်းသိမ်းခြင်း၊ အရည်အချင်းနှင့် စွမ်းဆောင်မှု၊ တတ်ကျွမ်းမှု အပေါ် မူတည်ပြီး အဆင့်ရာထူးများတိုးပေးခြင်း၊ ၎င်းတို့ခံစားခွင့်၊ ခံစားထိုက်သည့် အခြေခံလုပ်ခလစာများကို ခေတ်စနစ်နှင့်ညီအောင် တိုးမြှင့်ပေးခြင်းများကို အထူးအလေးထားဆောင်ရွက်ကြရမည်သာ ဖြစ်သည်။

သို့အတွက် နိဂုံးချုပ်အနေဖြင့် တင်ပြရပါက နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရား တည်တည်ငြိမ်ငြိမ် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်ဆိုလျှင် နိုင်ငံ့ဝန်ထမ်းများမှာ အဓိကအကျဆုံး ထမ်းဆောင်နေကြရသူများဖြစ်ရာ ထိုတန်ဖိုးရှိသည့် အရင်းအမြစ်များ မဆုံးရှုံးစေရေး ဝန်ထမ်းများကိုသင့်လျော်မျှတသည့် လုပ်ခလစာရရှိရေး၊ ကောင်းမွန်သည့် အထွေထွေ ခံစားခွင့်များ ရရှိခံစားနိုင်ရေးတို့ကို အစိုးရကကြိုးပမ်းဆောင်ရွက်ပေးရမည်ဖြစ်သည်။ သို့မှသာ လုပ်ငန်းခွင်ပျော်ရွှင်ပြီး အစိုးရယန္တရားကြီးလည်း အဆင်ပြေစွာလည်ပတ်လာနိုင်မည်ဖြစ်ပါကြောင်း စိတ်ကောင်းစေတနာဖြင့် ရေးသား တင်ပြလိုက်ရပါသည်။ ။

> "အုပ်ချုပ်ရေးယန္တရား တည်တည်ငြိမ်ငြိမ် ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက်ဆိုလျှင် နိုင်ငံ့ဝန်ထမ်းများမှာ အဓိကအကျဆုံး ထမ်းဆောင်နေကြရသူများ ဖြစ်ရာ . . ."

## လူငယ်များ မြန်မာ့မှု မြန်မာ့ဟန်ဖြင့် အမျိုးဂုဏ် ဇာတိဂုဏ်ထိန်းသိမ်းရေး မြန်မာ့ရိုးရာ အခြေခံအကသင်တန်းဖွင့်



**ကျိုက်ထို ဒီဇင်ဘာ ၂၇**

မွန်ပြည်နယ်အစိုးရအဖွဲ့၏ ကူညီပံ့ပိုးမှုဖြင့် ကျိုက်ထိုမြို့နယ် ဗမာတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ကကြီးမှူး၍ မန္တလေး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ သင်ကြားပို့ချသော မြန်မာ့ရိုးရာအခြေခံအကသင်တန်းကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီခွဲတွင် ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြားခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့မိမြို့ဖ ဦးစံမြက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ဗမာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်း (ပန်းချီပညာရှင်)က ယခုလိုမြန်မာ့ရိုးရာအက သင်တန်းကိုဖွင့်လှစ်ရခြင်းမှာ လူငယ်ထုအတွင်း အနောက်တိုင်းယဉ်ကျေးမှုလွှမ်းမိုးလာသည့်အတွက် လူငယ်အများစုမှာ မြန်မာဆိုသည့်ဂုဏ်ကို မထိန်းသိမ်းဘဲ ခေတ်ရေစီးကြောင်းကို အကြောင်းပြကာ မိမိတို့ ရိုးရာယဉ်ကျေးမှုအမွေကို မေ့လျော့နေသည့်အတွက် အကသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ အကသင်တန်းဖွင့်လှစ်ရသည့်အတွက် အနာဂတ်လူငယ်အများစုမှာ မြန်မာ့မှု မြန်မာ့ဟန်ဖြင့် အမျိုးဂုဏ် ဇာတိဂုဏ်ကိုထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ တွဲဖက်ပါမောက္ခ ဒေါ်ချောစုစုကြည်က အေဒီ ၁၁ ရာစု ပုဂံခေတ်နံရံဆေးရေးပန်းချီရုပ်ပုံများ၏ ကကွက်ဟန်အမူအရာများသည် မြန်မာ့မှု မြန်မာ့ဟန်များဖြစ်၍ရှေးမူမပျက် ပြန်လည်အသက်သွင်းပြီး ပညာရှင်များကဆန်းသစ်တီထွင်ထားသော ကကွက်ဆန်းများကို ကမ္ဘာက အသိအမှတ်ပြုထားကြောင်း၊ အနောက်တိုင်းမှ လာရောက်လည်ပတ်သည့် ဧည့်သည်အများစုမှာ မြန်မာ့ရိုးရာအကကို သဘောကျနှစ်သက်ကြကြောင်း၊ မြန်မာ့ရိုးရာအကသည် စိတ်ဓာတ်ကိုကြံ့ခိုင်စေပြီး ယဉ်ကျေးသိမ်မွေ့မှုရှိကြောင်း၊ သနားကြင်နာတတ်၍ ရိုင်းပင်းကူညီလိုစိတ်ရှိကြောင်း၊ လူကြီးကိုရိုသေ၍လူငယ်ကိုလေးစားမှုရှိကြောင်း၊ ခေတ်အဆက်ဆက်မရိုးနိုင်သည့် မြန်မာ့ရိုးရာအကမှာ မြန်မာ့ဂုဏ်ကို ဖော်ဆောင်လျက်ရှိသည့်အတွက် နိုင်ငံတော်မှ အနုပညာတက္ကသိုလ်များဖွင့်လှစ်၍ အနာဂတ်လူငယ်များအား အစွမ်းကုန်မြှင့်တင်ပေးလျက်ရှိကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ယဉ်ကျေးမှုတက္ကသိုလ်မှ နည်းပြများက မြန်မာ့ရိုးရာကကွက်များဖြင့် ကပြသီဆိုဖျော်ဖြေခဲ့ကြသည်။

အဆိုပါသင်တန်းကိုဒီဇင်ဘာ ၂၆ ရက်မှ ဇန်နဝါရီ ၄ ရက်ထိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ တွဲဖက်ပါမောက္ခဒေါ်စုစုကြည်ကြီးကြပ်၍ နည်းပြဒေါ်မြင့်မြင့်အေး၊ ဒေါ်အေးမွန်ဝင်းတို့က သင်တန်းသူ ၃၀ ကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။**ဝင်းမောင်(ကျိုက်ထို)**

# အဖွဲ့ ပျက်သိမ်းကြောင်း ကြေညာခဲ့တဲ့ MissA



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ MissA ဟာ ခုနစ်နှစ်ခန့် အနုပညာလှုပ်ရှားမှုတွေ လုပ်ဆောင်ပြီးတဲ့နောက် လတ်တလောမှာတော့ အဖွဲ့ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျေဝိုင်ပီအန်တာတိန်းမန့်ရဲ့ လက်အောက်မှာ အနုပညာလှုပ်ရှားမှုတွေကို စတင်လုပ်ဆောင်လာခဲ့တဲ့ MissA ဟာ ဂီတသက်တမ်း ခုနစ်နှစ်အကြာမှာတော့ အဖွဲ့ကို ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း ပြီးခဲ့တဲ့ ဒီဇင်ဘာ ၂၇ ရက်မှာ အေဂျင်စီက တရားဝင်ထုတ်ဖော်ပြောကြားလာတာဖြစ်ပါတယ်။ အဖွဲ့ဝင်လေးဦးနဲ့ ပါဝင်ဖွဲ့စည်းထားတဲ့ MissA အဖွဲ့ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်းကို အေဂျင်စီက "ကျွန်တော်တို့ရဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ MissA ဟာ အဖွဲ့ဖျက်သိမ်းလိုက်ပြီဖြစ်ပါတယ်"လို့ ရိုးရှင်းတိုတောင်းစွာ ထုတ်ပြန်ပြောကြားခဲ့တာလည်း ဖြစ်ပါတယ်။

ဒီလိုဖျက်သိမ်းလိုက်တာဟာ တောင်ကိုရီးယားပရိသတ်တွေအတွက်တော့ ထူးခြားခဲ့ဟန်မတူပါဘူး။ အကြောင်းကတော့ အဖွဲ့ဝင်လေးဦးအနက် နှစ်ဦးဖြစ်တဲ့ ဂျီအာနဲ့ မင်တို့ဟာ ဂျေဝိုင်ပီအန်တာတိန်းမန့်နဲ့ လမ်းခွဲခဲ့ပြီးဖြစ်တာကြောင့် အဖွဲ့ဝင်နှစ်ဦးသာ ကျန်ရှိပြီး တစ်ဦးချင်းစီကလည်း သီးခြားအနုပညာလှုပ်ရှားမှုတွေနဲ့ နယ်ပယ်သစ်တွေမှာ အောင်မြင်မှုရလာတာကြောင့် MissA ကတော့ ဆက်လက်ရှင်သန်နိုင်ခြင်းမရှိတော့ပါဘူး။ ပရိသတ်တွေကတော့ အဖွဲ့ဖျက်သိမ်းလိုက်တဲ့အတွက် ဝမ်းနည်းမိကြောင်း လူမှုကွန်ရက်မီဒီယာတွေပေါ်ကနေ တစ်ဆင့် ရေးသားဖော်ပြမှုတွေလည်း ရှိနေပါတယ်။

ကျန်ရှိနေခဲ့တဲ့အဖွဲ့ဝင်နှစ်ဦးဖြစ်တဲ့ ဆူဇီနဲ့ ဖိုင်တို့ကတော့ ဂျေဝိုင်ပီအန်တာတိန်းမန့်နဲ့ စာချုပ်သစ်တွေ ထပ်မံချုပ်ဆိုခဲ့ပါတယ်။ ဖိုင်ကတော့ ပြီးခဲ့တဲ့ မေလအတွင်း စာချုပ်သစ်ချုပ်ဆိုခဲ့တာဖြစ်ပြီး လက်ရှိမှာ သရုပ်ဆောင်တစ်ဦးအဖြစ် အောင်မြင်နေတဲ့ ဆူဇီကတော့ ပြီးခဲ့တဲ့ ဩဂုတ်လတွင်း စာချုပ်သစ်ချုပ်ခဲ့တာ ဖြစ်ပါတယ်။

MissA ဟာ ပြီးခဲ့တဲ့ ၂၀၁၁ ခုနှစ်အတွင်း တေးဂီတလှုပ်ရှားမှုတွေကို စတင်ခဲ့တာဖြစ်ပါတယ်။ ပထမဆုံးသော တေးသီချင်းကတော့ "Bad Girls Good Girls"ဖြစ်ပြီး အဖွဲ့ရဲ့အေဂျင်စီဟာ တောင်ကိုရီးယားရဲ့ အကြီးမားဆုံးသောအေဂျင်စီကြီးသုံးခုအနက် တစ်ခုဖြစ်တာကြောင့် အဖွဲ့ရဲ့ကျော်ကြားမှုဟာလည်း အချိန်တိုအတွင်း မြင့်တက်လာခဲ့ပါတယ်။ ဒီလိုအောင်မြင်လာတာကြောင့် MissA ဟာ တောင်ကိုရီးယားတေးဂီတသမိုင်းတစ်လျှောက် အချိန်အတိုဆုံးနဲ့ တေးဂီတဖျော်ဖြေပွဲဇယားတွေမှာ ထိပ်ဆုံးကနေရပ်တည်နိုင်ခဲ့တဲ့ တေးဂီတအဖွဲ့အဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။ MissA ရဲ့ အကျော်ကြားဆုံးသောတေးသီချင်းတွေကတော့ "Good Bye Baby"၊ "Touch" နဲ့ "Hush"တို့ပဲ ဖြစ်ကြပါတယ်။

အဖွဲ့ကို ပထမဆုံး ကျောခိုင်းသွားခဲ့သူကတော့ ဂျီအာဖြစ်ပြီး သူဟာ တရုတ်လူမျိုးဖြစ်ပါတယ်။ အေဂျင်စီနဲ့ စာချုပ်သစ်ထပ်မံချုပ်ဆိုခြင်းမရှိတော့တာကြောင့် MissA မှ ဂျီအာ နုတ်ထွက်သွားပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ချိန်က အဖွဲ့ဖျက်သိမ်းတော့မှာ ဖြစ်ကြောင်း သတင်းတွေပေါ်ထွက်ခဲ့ပါတယ်။ ဒါပေမယ့် ချက်ချင်းဆိုသလို ကောလာဟလတွေဟာ မမှန်ကန်ကြောင်း အေဂျင်စီက ထုတ်ဖော်ပြောကြားခဲ့ပြီး အဖွဲ့ဖျက်သိမ်းမှာ မဟုတ် ကြောင်းနဲ့ အဖွဲ့ဝင်တွေဟာ သီးခြားအနုပညာလှုပ်ရှားမှုတွေနဲ့ အနုပညာခရီးဆက်ကြမှာ ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ နောက်နှစ်မှာတော့ အခြားသောအဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ မင်ကလည်း ဂျေဝိုင်ပီနဲ့ စာချုပ် ထပ်မံချုပ်ဆိုတော့ခြင်းမရှိတော့ဘဲ အဖွဲ့ကနေ နုတ်ထွက်ခဲ့တာ ဖြစ်ပါတယ်။


# ကိုယ်ပိုင်အေဂျင်စီ တည်ထောင်မယ်လို့ သတင်းတွေထွက်နေတဲ့ Psy

တောင်ကိုရီးယားရဲ့ ကမ္ဘာကျော်တေးသံရှင်တစ်ဦးဖြစ်တဲ့ Psy ဟာ ဝိုင်ဂျီအန်တာတိန်းမန့်နဲ့ လမ်းခွဲကာ ကိုယ်ပိုင်အေဂျင်စီထောင်သွားမှာဖြစ်ကြောင်း ပြီးခဲ့တဲ့ ဒီဇင်ဘာ ၂၆ ရက်မှာ သတင်းတွေ စတင်ပေါ်ထွက်လာခဲ့ပါတယ်။ ဒီသတင်းကို ဒေသတွင်းမီဒီယာအချို့က ရေးသားဖော်ပြခဲ့ပြီးတဲ့နောက် အေဂျင်စီဖြစ်တဲ့ ဝိုင်ဂျီအန်တာတိန်းမန့်က ကောလာဟလ သက်သက်သာဖြစ်ကြောင်း ပြန်လည်ရှင်းချက်ထုတ်ခဲ့တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

Psy ဟာ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ဆက်သွယ်ကာ ရင်းနှီးမြှုပ်နှံဖို့အတွက် ဆွေးနွေးခဲ့ရာကနေ ကိုယ်ပိုင်အေဂျင်စီထောင်တော့မှာဖြစ်ကြောင်း သတင်းတွေ စတင်ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။ ဝိုင်ဂျီကတော့ Psy ဟာ စီးပွားရေးလုပ်ငန်းတွေကို နယ်ပယ်အသီးသီးမှာ ချဲ့ထွင်လုပ်ကိုင်လိုတာကြောင့် ယခုလို စီးပွားရေးသမားတွေနဲ့ တွေ့ဆုံခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။

Psy ဟာ တောင်ကိုရီးယားရဲ့ အအောင်မြင်ဆုံးသော ဖျော်ဖြေရေးအေဂျင်စီတစ်ခုဖြစ်တဲ့ ဝိုင်ဂျီအန်တာတိန်းမန့်နဲ့ ပြီးခဲ့တဲ့ ၂၀၁၀ ပြည့်နှစ်အတွင်း စတင်လက်တွဲခဲ့တာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်မှာ စာချုပ်သစ် ထပ်မံချုပ်ဆိုခဲ့တာဖြစ်ပြီး သုံးနှစ်သက်တမ်းရှိတဲ့ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

# ကလေးဆေးရုံကို သွားရောက် လည်ပတ်ခဲ့တဲ့ ဂျနီဖာလောရန့်စ်



ဟောလိဝုဒ်ရဲ့ကျော်ကြားတဲ့ ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ အော်စကာဆုရှင်မင်းသမီး ဂျနီဖာလောရန့်စ်ဟာ သူ့ရဲ့အားလပ်ရက်တွေကိုတော့ ပြည့်စုံကောင်းမွန်စေခဲ့ပြီဖြစ်ပါတယ်။ သူဟာ ယခုနှစ်ရဲ့ အားလပ်ရက်အတွင်းမှာ ကလေးဆေးရုံတစ်ရုံကို သွားရောက်လည်ပတ်ခဲ့ကာ ဆေးရုံမှာရှိတဲ့ ကလေးတွေနဲ့ မိသားစုဝင်တွေကို ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့တာဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဂျနီဖာလောရန့်စ်ဟာ ယခင်ကလည်း အားလပ်ရက်အတွင်းမှာ သူ့ရဲ့ဇာတိမှာရှိတဲ့ ကလေးဆေးရုံကို သွားရောက်လည်ပတ်ခဲ့ဖူးပြီး နှစ်စဉ်နှစ်တိုင်း သွားရောက်ခဲ့တာ ယခုနှစ်ပါဆိုရင် ငါးနှစ်ဆက်တိုက်ရှိပြီဖြစ်တယ်လို့လည်း သိရပါတယ်။ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့ ခရစ္စမတ်မတိုင်မီညမှာ ဂျနီဖာလောရန့်စ်က နောတန်ကလေးဆေးရုံကို သွားရောက်လည်ပတ်ခဲ့တာဖြစ်ပါတယ်။ ဂျနီဖာလောရန့်စ် လာရောက်လည်ပတ်ခဲ့ကြောင်းနဲ့ ဆေးရုံမှာ ကလေးတွေနဲ့ တွေ့ဆုံခဲ့တဲ့ ဂျနီဖာလောရန့်စ်ရဲ့ ဓာတ်ပုံနဲ့အတူ ဆေးရုံဝန်ထမ်းတွေနဲ့ အတူရိုက်ကူးထားတဲ့ ဓာတ်ပုံတွေကိုတော့ ဆေးရုံက သူ့ရဲ့တရားဝင်လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့တာဖြစ်ပါတယ်။ ယင်းနောက် ဒီလိုလည်ပတ်မှုဟာ ခရစ္စမတ်ရာသီမှာ ဂျနီဖာလောရန့်စ် အမြဲလုပ်ဆောင်နေကျအရာဖြစ်ပြီး ဒီလို လာရောက်တွေ့ဆုံလည်ပတ်မှုအတွက် ဂျနီဖာကို ကျေးဇူးအထူးတင်ကြောင်းလည်း တွဲဖက်ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်ကတည်းကစတင်ပြီး ဂျနီဖာလောရန့်စ်ဟာ နော်တန်ကလေးဆေးရုံကို ခရစ္စမတ်ရာသီမှာ အမြဲလာရောက်လည်ပတ်လေ့ရှိတာလည်း ဖြစ်ပါတယ်။

# အကြီးအကျယ်လွဲမှားခဲ့တဲ့ A Korean Odyssey

လက်ရှိမှာ စတင်ထုတ်လွှင့်တာမကြာသေးတဲ့ တောင်ကိုရီးယားဇာတ်လမ်းတွဲ "A Korean Odyssey" (ယခင်အမည် "Hwayugri") ဟာ ဇာတ်လမ်းတွဲရဲ့ ဒုတိယမြောက်အပိုင်းကို ထုတ်လွှင့်ခဲ့ချိန်မှာတော့ ထုတ်လုပ်ရေးပိုင်းမှာ ကြီးမားတဲ့လွဲချော်မှုနဲ့ ရင်ဆိုင်ခဲ့ရတာဖြစ်ပါတယ်။ ဒီလိုလွဲချော်ခဲ့ရတာဟာ ယခုနှစ်အတွက် အဆိုးရွားဆုံးအလွဲတစ်ခုဖြစ်ခဲ့ပြီး ကိုရီးယားရုပ်ရှင်သမိုင်းတစ်လျှောက်မှာလည်း ကြီးမားတဲ့လွဲချော်မှုတစ်ခု ဖြစ်ခဲ့ပါတယ်။

"A Korean Odyssey"ရဲ့ ဒုတိယပိုင်းကို ပြီးခဲ့တဲ့ ဒီဇင်ဘာ ၂၄ ရက်မှာ ထုတ်လွှင့်ခဲ့တာဖြစ်ပြီး ထုတ်လွှင့်ပြသခဲ့ရာမှာတော့ တည်းဖြတ်ထားခြင်းမရှိတဲ့ ရုပ်ရှင်အပိုင်းတွေကို ထုတ်လွှင့်ခဲ့မိတာဖြစ်ပါတယ်။ တိုက်ခိုက်ရေးအခန်းတွေကို ပြသခဲ့ရာမှာတော့ စတန့်ပြကွက်တွေမှာ သုံးထားတဲ့ ဝါယာကြိုးတွေဟာလည်း စတန့်သရုပ်ဆောင်တွေနဲ့ တွဲလျက်သားအထင်းကြီးတွေ့မြင်နေရတာ ဖြစ်ပါတယ်။ ဒီလိုဖြစ်ခဲ့ပြီးနောက် အခြားသောအပိုင်းသစ်တွေကို ၁၀ မိနစ်ခန့် စမ်းသပ်ထုတ်လွှင့်ပြသပေးခဲ့ပါတယ်။

စမ်းသပ်ထုတ်လွှင့်မှုတွေအပြီးမှာတော့ ရုပ်ရှင်ကို ၁၅ မိနစ်ကြာ ထုတ်လွှင့်ပေးခဲ့ပြီးနောက် နောက်တစ်ကြိမ်အစမ်းရုပ်ရှင်တွေကို ပြန်လည်ပြသခဲ့ပါတယ်။ အဲဒီနောက် ရုပ်ရှင်ကို ပြန်လည်ပြသခဲ့ချိန်မှာလည်း ယခင်ကလိုပဲ တည်းဖြတ်ထားခြင်းမရှိတာကို တွေ့မြင်ခဲ့ရပြန်ပါတယ်။

ဒီအဖြစ်အပျက်အတွက် tvN ရုပ်သံလိုင်းက ပရိသတ်တွေကို တောင်းပန်ကြောင်း ရေးသားဖော်ပြခဲ့ပြီး နောက်ထုတ်လွှင့်မယ့်အပိုင်းတွေမှာတော့ ယခုအဖြစ်အပျက်ကို အတွေ့အကြုံယူကာ ပိုမိုကောင်းမွန်အောင် ပြင်ဆင်ထုတ်လွှင့်သွားမှာဖြစ်ကြောင်းလည်း ပြောကြားခဲ့ပါတယ်။

"A Korean Odyssey"ဟာ မင်းသား လီဆန်းဂီ၊ ချာဆန်းဝန်၊ တေးဂီတအဖွဲ့ "F. T. Island"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဟွန်းကီ၊ မင်းသမီး အိုယွန်ဆိုးနဲ့ ဂျန်ကွမ်တို့ ခေါင်းဆောင်ပါဝင်ထားတာ ဖြစ်ပါတယ်။ ယင်းရုပ်ရှင်ဟာ တရုတ်ဂန္ထဝင်ဝတ္ထုရှည်ကြီးတစ်ခုဖြစ်တဲ့ "Journey to the West"ကို အခြေခံရိုက်ကူးထားတာဖြစ်ပါတယ်။ tvN ရုပ်သံလိုင်းက တာဝန်ယူရိုက်ကူးထုတ်လွှင့်တဲ့ ရုပ်သံဇာတ်လမ်းတွဲဖြစ်ကာ ပြီးခဲ့တဲ့ ဒီဇင်ဘာ ၂၃ ရက်ကစတင်ပြီး အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တွေမှာ ထုတ်လွှင့်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

အေးပြည့်-စုစည်းသည်




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာ ဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ကျောက်ဂူတောရဆရာတော် ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်ကြီး ၁၁ သုတ်နှင့် မေတ္တာပို့အမျှဝေ



အောင်နိုင်သူ စီစဉ်ပူဇော်သည့် ကျောက်ဂူတောရဆရာတော် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကန္တာစရိယရွတ်ပွားချီးမြှင့်တော်မူသော ဓမ္မစကြာပါဠိတော်၊ အနတ္တလက္ခဏသုတ်၊ ပဋ္ဌာန်း(၂၄)ပစ္စည်းပဋ္ဌာန်းပစ္စယနိဒ္ဒေသ၊ ပရိတ်ကြီး (၁၁)သုတ်၊ ဝိပဿနာ ရှုနည်းနှင့် မေတ္တာပို့ အမျှဝေ စာအုပ်ထွက်ရှိလာသည်။

မင်္ဂလာပြုလုပ်သည့်အခါ၊ အိမ်တက်မင်္ဂလာစသည့် မင်္ဂလာအပေါင်းကို ပြုလုပ်သည့်အခါတွင် မင်္ဂလသုတ်၊ ကပ်ဆိုးများဆိုက်ရောက်သောအခါ ရတနသုတ်၊ မြို့သူမြို့သားများအချင်းချင်း မညီညွတ်သောအခါ၊ နတ်များ ခြောက်လှန့်သည့်အခါနှင့် ရန်သူအငြိုးထားသည့်အခါတွင် မေတ္တသုတ်၊ မြွေ၊ ကင်းစသည် အဆိပ်ရှိသောသတ္တဝါများဘေးအန္တရာယ်ကင်းလွတ်စေရန်ခန္ဓသုတ်၊ အနှောင်အဖွဲ့ခံရပြီး မလွတ်ကင်းသည့်အခါ မောရသုတ်၊ စစ်ဖြစ်သည့်အခါ ကြောက်လန့်ဖွယ်ရာအန္တရာယ်တွေ့ကြုံရသည့်အခါ ဓဇဂ္ဂသုတ်ကိုရွတ်ဖတ်လျှင် အန္တရာယ်ကင်းစေသောကြောင့် ဗုဒ္ဓဘာသာဝင်များ လေ့လာလိုက်စားသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို မဇ္ဈိမစာပေ၊အမှတ် – ၂၃၇၊ ပထမထပ်(ဝဲ)၊ ၃၉ – လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း – ၀၉ – ၇၇၃၇၇၄၇၃၃နှင့် ၀၉ – ၂၆၃၈၀၆၆၀၀တို့မှ တန်ဖိုးငွေကျပ် ၁၂၀၀ဖြင့် ဖြန့်ချိသည်။**

..........................................

## အဘဝိဇ္ဇာချုပ်အောင်မင်းခေါင်၏သင်ကြားပို့ချချက်များ





ဝိဇ္ဇာဓရဂမ္ဘီရပညာကို လေ့လာလိုက်စားလိုသူများ၊ လောကီပညာကိုလေ့လာလိုက်စားလိုသူများ တစ်စုံတစ်ရာအကျိုးပြုနိုင်ရန် စကြာကောင်းစံ စီစဉ်သော အဘဝိဇ္ဇာချုပ်အောင်မင်းခေါင်၏ သင်ကြားပို့ချချက်များ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် လူ့ဘဝတွင်ကြုံတွေ့ရသော အခက်အခဲ အတားအဆီးများကို ကာကွယ်နိုင်စေရန် အရှုံး၊ သိုက်နှောင်၍ခံနေရသူများ၊ ခန္ဓာပျက်မည့်သူများအတွက် လူနာ၏အဝတ်တစ်စုံ(အပေါ်/အောက်)ကို အိတ်နှင့်ထုပ်၍ စာတန်းကပ်ပါ။ စာရေးရန်မှာ(မည်သူမဆိုယူနိုင်သည်၊ ဒါနပြုပါ၏)ဟုရေးပြီး နံနက် ၅နာရီတွင် လမ်းလေးခွဆုံ၌သွားထားခဲ့ပါ။ သင်တန်း၊ ရာထူးတိုး၊ လုပ်ငန်းခွင်ဝင် စားမေးပွဲဖြေဆိုမည့်သူများသည် ဖွင့်သောထီးဖြူတစ်လက်၏ အကန့်လေးတွေ၌ (၁) နာမည်၊ (၂) စာမေးပွဲ၊ (၃) ဖြောင့်ဖြူးစွာအောင်မြင်ပါစေဟု စာရေးပါ၊ ပြီးလျှင် ထိုထီးကိုဖွင့်၍မိမိနာမ်ဘုရားတွင် လှူဒါန်းခြင်းဖြင့် မိမိအကြံအစည်များ အောင်မြင်နိုင်ကြောင်း ရေးသားထားသည်။

**စာအုပ်ကို မဇ္ဈိမစာပေ၊အမှတ် – ၂၃၇၊ ပထမထပ်(ဝဲ)၊ ၃၉ – လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း – ၀၉ – ၇၇၃၇၇၄၇၃၃နှင့် ၀၉ – ၂၆၃၈၀၆၆၀၀တို့မှ တန်ဖိုးငွေကျပ် ၁၀၀၀ ဖြင့် ဖြန့်ချိသည်။**

..........................................

## ဣတ္ထိယနှင့် ဆေးပညာ





လူ့လောကတွင် လူဟူ၍ဖြစ်လာလျှင် ယောကျ်ားနှင့် မိန်းမတစ်မျိုးမျိုးသာရှိကြသည်ဖြစ်ပြီး မိမိ၏ စွမ်းဆောင်နိုင်မှု၊ မစွမ်းဆောင်နိုင်မှုနှင့် မိမိတွင် ဖြစ်ပေါ်နေသော ရောဂါဝေဒနာများကို သိဖို့လိုကြောင်း ဒေါက်တာနန်းဥမ္မာစီစဉ်သော ဣတ္ထိယနှင့် ဆေးပညာစာအုပ်ထွက်ရှိလာသည်။

လူ၏မျိုးဆက်ပြန့်ပွားရေးတွင် ယောကျ်ားနှင့် မိန်းမနှစ်ဦးစလုံးတွင် မူတည်နေသော်လည်း မိန်းများသည် ကျန်းမာသန်စွမ်းမှသာ၊ မိခင်လောင်းများ ပျော်ရွှင်ချမ်းမြေ့မှသာ သားစဉ်မြေးဆက်တို့လည်း သန်မာထွားကြိုင်းကြ၊ ကျန်းမာပျော်ရွှင်ကြမည်ဖြစ်သည်။ မိန်းမများအကြောင်းကို မိန်းမများသာမက ယောကျ်ားများလည်း သိသင့်ပေသည်။ ဤသို့သိမှသာလျှင် တစ်ဦးနှင့်တစ်ဦး အဆင့်ဆင့်ပညာပေးနိုင်၊ တိုင်ပင်နှီးနှောနိုင်မည်ဖြစ်သည်။ မိန်းမများအကြောင်းသိသင့်သော မိန်းမများသာမက ငယ်ရွယ်သော မိန်းကလေးတို့ကို အုပ်ထိန်းသော မိဘ၊ ဆရာဆရာမ၊ ဆွေမျိုးမိတ်သင်္ဂဟများလည်း ဖတ်သင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို ဂုဏ်ထူးစာပေ၊ အမှတ် – ၁၉၂၊ ၃၃ – လမ်း(အထက်လမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း – ၃၈၆၅၉၀နှင့် ၃၈၆၅၉၅တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။**

## နှုတ်ကောင်းခွန်းမြိုန် သုခမိန်




မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် ဘသန်း(ဓမ္မိက) စီစဉ်ရေးသားသော နှုတ်ကောင်းခွန်းမြိုန် သုခမိန် စာအုပ်ထွက်ပေါ်လာသည်။

အဆိုပါစာအုပ်တွင် ဘာသာစကားပေါင်း ၂၀ကျော်ကိုပြန်ဆိုထားသော ဂန္ထဝင်စကားနုများဖြစ်သည်။ လူသားအားလုံးသည် မွေးဖွားသည့်နေ့မှ သေဆုံးသည်အထိ လူ့အရေးအားလုံးနှင့် စပ်လျဉ်း၍ ကြုံတွေ့ရသော အကြောင်းအရာများကို လှေကြီးဆိုက်ကပ်လာခြင်း၊ မေတ္တာအကြောင်း၊ ထိမ်းမြားခြင်းအကြောင်း၊ သားငယ်သမီးငယ်များအကြောင်း၊ ပေးကမ်းခြင်းအကြောင်း၊ စားသောက်ခြင်းအကြောင်း၊ အလုပ်အကြောင်း၊ ဝမ်းသာခြင်း ဝမ်းနည်းခြင်းအကြောင်း၊ နေအိမ်များအကြောင်း၊ အဝတ်တန်ဆာများအကြောင်း၊ အရောင်းအဝယ်အကြောင်း၊ ပြစ်မှုပြစ်ဒဏ်အကြောင်း၊ ဥပဒေအကြောင်း၊ လွတ်မြောက်ရေးအကြောင်း စသည့် လူ့ဘဝနှင့် ဆက်စပ်ပတ်သက်နေသော အကြောင်းအရာများကို ရေးသားထားသည်။

**စာအုပ်ကို ရှင်မတောင်စာပေ၊ အမှတ် – ၂၉၆၊ ၁/အနော်မာ – ၇ လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။**

..........................................

## ယောနသံ စင်ရော်




မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် ဘသန်း(ဓမ္မိက) စီစဉ်ရေးသားထားသော ယောနသံ စင်ရော် စာအုပ်ထွက်ပေါ်လာသည်။

အဆိုပါစာအုပ်တွင် ငှက်အုပ်လောကကို စွန့်လိုခြင်း-တို့တစ်တွေဟာ ကိုယ့်ကိုယ်ကိုယ်မသိမှု အမှောင်ထဲကဆွဲပင့် မတင်နိုင်သားပဲ၊ တို့တစ်တွေဟာ မွန်မြတ်မှု၊ အသိဉာဏ်ရှိမှု၊ တတ်ကျွမ်းမှုများနဲ့ ပြည့်စုံတဲ့သတ္တဝါတွေဖြစ်လာအောင်တို့ ကိုယ်တိုင်လုပ်ယူနိုင်သားပဲ၊ တို့တစ်တွေဟာ လွတ်လွတ်လပ်လပ်ကြီးကျွတ်တမ်းဝင်နိုင်သားပဲ၊ အကြဉ်ခံရခြင်း-သတ္တဝါဆိုတဲ့ဘဝကို ရလာကြတာဟာ သင်ယူဖို့၊ တွေ့ရှိဖို့၊ လွတ်ဖို့၊ ကျွတ်ဖို့ပဲ၊ကမ်းကုန်အောင်တတ်စွမ်းခြင်း-အတုလွတ် အမြင့်ဆုံးဘုံဆိုတာမရှိဘူး၊ အတုလွတ် အမြင့်ဆုံးဘုံဆိုတာ နေရာဌာနလည်းမဟုတ်ဘူး၊ အချိန်ကာလလည်းမဟုတ်ဘူး၊ အတုလွတ်အမြင့်ဆုံးဘုံဆိုတာ အပြီးတိုင်အောင်တတ်စွမ်းခြင်းအဖြစ်၊ လိုလေသေးမရှိအောင် ပြည့်စုံခြင်းကိုခေါ်တာ စသည်တို့ကို ရေးသားထားသည်။

**စာအုပ်ကိုရှင်မတောင်စာပေ၊ အမှတ် – ၂၉၆၊ ၁/အနော်မာ – ၇ လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့မှတန်ဖိုးငွေကျပ် ၅၀၀၀ဖြင့် ဖြန့်ချိသည်။**

..........................................

## မြန်မာ့ရိုးရာပုံပြင်များ




မိဘများက ဖတ်ရှုပြီး မိမိ၏ရင်သွေးရတနာများကို ငယ်စဉ်ကပင် ပြောပြသင့်သော စာရေးသူဆရာထိန်လင်းစီစဉ်သည့် မြန်မာ့ရိုးရာပုံပြင်များ စာအုပ်ထွက်ရှိလာသည်။

သားသားမီးမီးတို့သည် မည်သည့်အလုပ်ကိုလုပ်စေကာမူ လုံ့လ၊ ဝီရိယအားကို စိုက်ထုတ်ကာကြိုးစားသွားမည်ဆိုလျှင် အပြေးသန်သည့်ယုန်ကို အနိုင်ရရှိသွားသည့် လိပ်ကလေးလို အောင်မြင်မှုတွေကိုရရှိမှာဖြစ်ကြောင်း၊ ယုန်နှင့် လိပ်တို့အပြေးပြိုင်ပွဲ၊ ကလေးငယ်တို့အနေဖြင့် အရွယ်ရောက်လာပြီး နိုင်ငံ့သားကောင်းရတနာများ ဖြစ်လာသည့်အခါ တိုင်းတစ်ပါး၏ ဝတ်စားဆင်ယင်နေထိုင်ပြောဆိုမှုများကို အထင်မကြီးကြဘဲ မိမိနိုင်ငံ၏ ယဉ်ကျေးမှုနှင့် ဘာသာစကားကို ထိန်းသိမ်းနိုင်စေရန် ဒေါင်းယောင်ဆောင်သောကျီး၊ ပညာနည်းသောသူများသည် မိမိအားမြှောက်ပင့်ပြောဆိုလျှင် မြှောက်ပင့်သည်ဟုမထင်ဘဲ မိမိ၏ ပင်ကိုမူလအတိုင်းနေထိုင်တတ်စေရန် ကျီးနှင့် မြေခွေး စသည့် မြန်မာ့ရိုးရာပုံပြင်အပုဒ် ၂၀ကို အမိအဖတိုင်းက သားသမီးများကို ပြန်လည်ပြောဆိုနိုင်စေရန် ဆောင်ထားသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို မဇ္ဈိမစာပေ၊အမှတ် – ၂၃၇၊ ပထမထပ်(ဝဲ)၊ ၃၉ – လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း – ၀၉ – ၇၇၃၇၇၄၇၃၃နှင့် ၀၉ – ၂၆၃၈၀၆၆၀၀တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ဖြင့် ဖြန့်ချိသည်။**

..........................................

## လူငယ်များသို့ ပေးစာများ




မျက်မှောက်ခေတ်လူငယ်များသည် တိုင်းပြည်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြရမည့်သူများဖြစ်ကြောင်း စာရေးဆရာကျော်သက်ခိုင်(ဆေးတက္ကသိုလ်) ရေးသားပြုစုသည့် လူငယ်များသို့ပေးစာများစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် လူငယ်တို့သိရှိနားလည်ကြရမည့်အရပ်ရှည်ချင်ကြသည့် လူငယ်လူရွယ်တွေ၊ အဝလွန်ခြင်းမဖြစ်ကြပါစေနှင့်၊ ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ဘီယာ၊ အရက်သေစာသောက်စားခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းတို့ကို အစမလုပ်ပါနှင့်၊ လူငယ်နှင့် ဓာတ်ပစ္စည်းအန္တရာယ်၊ အမျိုးသမီးများအတွက် သားအိမ်ခေါင်းကင်ဆာကာကွယ်ရေး၊ သွားနှင့် ခံတွင်းသန့်ရှင်းရေး၊ လေထုညစ်ညမ်းမှုနှင့် ကျန်းမာရေးအန္တရာယ်၊ နေပူဒဏ်နှင့် ခရမ်းလွန်ရောင်ခြည်အန္တရာယ်၊ ငလျင်ဘေးဒဏ်နှင့် လူသား၊ စိတ်ကျဝေဒနာ စသည့် ကျန်းမာရေးအသိပညာပေး ရေးသားထားသောကြောင့် ဖတ်ရှုလေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို ကျော်သက်ခိုင်စာပေ၊ အမှတ် – ၂၁၊ ကျီတော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း – ၀၉၅၀၅၆၈၅၃နှင့် ၀၉ ၇၈၁၉၂၈၁၇၂တို့မှ တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိသည်။**

# Congratulations!

**Uncle U Gyi Sein and Aunty Daw Khin Khin Myint**

On your 50 Golden years of marriage.

It's time to look back and cherish the blessed moments of your togetherness.

May this bond of love last till eternity.

Wishing you a

Happy 50th Wedding Anniversary

Kyaw Yan Naing and Khin Thandar Cho Family

小肥羊 火锅餐厅 LITTLE SHEEP HOT POT

BULGOGI BROTHERS Korean Restaurant



Merry Christmas & Happy New Year 2018

AMERICAN VISION
PROFESSIONAL EYE CARE CENTER

နောက်ဆုံးပေါ် ကမ္ဘာကျော် BRANDED အစစ်အမှန်
ပါဝါ၊ နေကာမျက်မှန် ဝယ်ယူသူတိုင်းအတွက်



Sale Up to 50% Off



လက်ဆောင်တွေလည်း ပေးဦးမှာနော်။

only until 10.1.2018
YANGON: (01) 242476, 241897, 241898,
MANDALAY: (02) 35588, 32053, NAYPYITAW: (067) 432393



Happy New Year, Welcome 2018!

မြင့် အင် ဆန်း
အရေပြားနှင့် အလှအပဆေးခန်း



■အရေပြားရောဂါအမျိုးမျိုး၊ အလှအပပြဿနာများ၊ ဝက်ခြံ၊ ဆားဝက်ခြံ၊ အဆီပြန်ခြင်း၊ ဝက်ခြံအမာရွတ်၊
■အညိုအမည်းကျန်ခြင်း၊ အသားအရောင်မှိန်ခြင်း၊ မှဲ့ခြောက်၊ တင်းတိပ်၊ နေလောင်ကွက်၊ အရေးအကြောင်းထခြင်း၊
■အသားဖြူဆေး၊ ဘိုတောက်စ်ထိုးခြင်း၊ ဖြည့်ဆေးထိုးခြင်း၊ လေဆာစက်များဖြင့် ကုသခြင်းတို့အပြင် အခြားသော
■အသားအရေထိန်းသိမ်းခြင်းဆိုင်ရာ ကုသမှုအမျိုးမျိုးကို အရေပြားအထူးကုဆရာဝန်ကြီးများကိုယ်တိုင် ကုသဆောင်ရွက်ပေးပါသည်။

**အရေပြားအထူးကုဆရာဝန်ကြီးများ ကိုယ်တိုင် ကုသပေးပါသည်။**

နေ့စဉ်ဆေးခန်း ဖွင့်ပါသည်။

အမှတ်-၄၄၄၊ပထမထပ်၊ ရွှေဘုံသာလမ်း(အထက်)၊
(အမေရိကန်ဗွီချင်းမျက်မှန်ဆိုင်နှင့် မျက်နှာချင်းဆိုင်)၊ ရန်ကုန်။ ဖုန်း-၃၈၂၂၄၇၊ ၂၅၆၀၄၅။



အသည်းရောဂါအမျိုးမျိုးအတွက် အစွမ်းထက် သဘာဝသမြားနီဥဖြင့် ခေတ်မီနည်းစနစ်တကျ ထုတ်လုပ်ထားတဲ့



ဆရာမြင့်၏
စကြာမင်း
အမှတ်တံဆိပ်

သမြားနီ အသည်းဆေး

သမြားနီတွင် ဓာတ်တိုးဆန့်ကျင် ဂုဏ်သတ္တိ (Anti-oxidant property) ပါရှိခြင်းကြောင့် အသည်း ပျက်စီးမှုကို ကာကွယ်အထောက်အကူပြုနိုင်ပြီး အသည်း၏ လုပ်ငန်းဆောင်တာ စွမ်းဆောင်ရည်များကို ကောင်းမွန်စေပါသည်။

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 013845(1020)

ပင်ရင်း -စကြာမင်း တိုင်းရင်းဆေးဝါးစက်ရုံ - အမှတ် ၂၆၁၊ (၆)လမ်း၊ ရန်ကုန်စက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။ ဖုန်း- ၀၉ ၇၃၀၄၅၁၁၃၉။
စကြာမင်း ဆေးတိုက်နှင့် ဆေးကုဌာန - အမှတ် (စ/ ၆၆၆)၊သုဓမ္မာလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၃၁၃၉၇၅၂၄။



Winner Super Diamond Pile Co., Ltd.
W.S.D Group

GUARDIAN INDEPENDENT CERTIFICATION UKAS QUALITY MANAGEMENT 045
ISO 9001:2015 Cert. No. 734649



W.S.D Pile

YCDC Licence No.PL-12, MCDC Licence No.PI-006

လူကြီးမင်းတို့၏ အဆောက်အဦးများနှင့် စက်ရုံများတွင်
ပိုင်ရိုက်ခြင်း၊Bored Pile,လုပ်ငန်းများ ဆောင်ရွက်လိုပါက
ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။



Add: အမှတ်(၅၆)၊ မြေညီထပ်၊၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
Ph : 01-381964, 09-73131288, 09-73150482, 09-250499988
Off : Ph- 09-250 288811, Email: wsdmyanmar@gmail.com

Add: အမှတ်(ဘီ-၁၀)၊(၃၃)လမ်း၊(၈၁-၈၂)လမ်းကြား၊မန္တလေး။
Ph: 09-265820507
Facebook: Winner Super Diamond Piling Co.,Ltd

သာသနာတော်နှစ် ၂၅၆၀ - ၆၁ ခရစ်နှစ် ၂၀၁၇ မြန်မာသက္ကရာဇ် - ၁၃၇၈/၇၉

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် ၅ ရပ်ကွက်၊ ကျောက်ရေတွင်း တောင်ပိုင်း၊ သုသလမ်းတွင်
အဘွားလေး ဒေါ်ခေမ္မသီ တည်ထားကိုးကွယ်တော်မူသော

# သဗ္ဗညု ပုထိုးတော်ကြီး – ခေမ္မသက စာသင်တိုက်

ဒေါက်တာ ဒေါ်ပညာသိရီ သာသနဓဇ ဓမ္မာစရိယ၊ Ph.D, သဒ္ဓမ္မဇောတိကဓဇ၊ ပြည်တွင်း ပြည်ပ သာသနပြု၏



## သဗ္ဗညုပုထိုးတော်ကြီး အလှူရှင်များအား ဖိတ်ခေါ်ခြင်း

သဗ္ဗညုပုထိုးတော်ကြီးတည်နေစဉ်တွင် အပြင်လုံးတော်ပြည့် အချောသပ် + ဆေးဖြူသက်နံ့ကပ်ခြင်းမှာ တစ်ရစ်သာကျန်ပါတော့သည်၊ ပြီးခါနီးပါပြီ၊ အတွင်းပိုင်းတွင် မပြီးသေးသော လုပ်ငန်းများစွာကျန်ရှိနေပါသေးသည်၊ သဗ္ဗညုပုထိုးတော်ကြီးအတွင်း၌ နိဗ္ဗာန်ကိုရည်မှန်း၍ ဂါဝိဋ္ဌသဲစုမက ပွင့်ထွန်းတော်မူကြသော ရွှေပေါင်းမြတ်စွာဘုရားရှင်များ ငါးသိန်းတစ်သောင်း နှစ်ထောင့် နှစ်ကျိတ်ရှစ်ဆူ (၅၁၂၀၂၈-ဆူ) နိဗ္ဗူဓိနေ သီတင်းသုံးပူဇော်တော်ခံမည်ဖြစ်ပါသည်၊ ဘုရားရှင်နံပါတ်စဉ်အလိုက် ဘုရားရှင် တစ်ဆူလျှင် ကျပ်တစ်သိန်းဖြင့် လှူတိုင်း ဘုရားဒါယကာ ၊ ဒါယိကာမအဖြစ် ခံယူနိုင်ကြပါပြီ၊ ရှေးပုဂံခေတ် မြန်မာကြီးများသည် သာသနာထွန်းကား ပြန့်ပွားခဲ့သည့်အစဉ်အလာ လှူတိုင်းဘုရားတည်နိုင်ခွင့်ရှိခဲ့ပါသည်၊ ယခုခေတ်အခါ လှူတိုင်း ဘုရားတည်ကုသိုလ်ယူနိုင်ကြပါသည်၊

သဗ္ဗညု ပုထိုးတော်ကြီးဘုရားတည် ကုသိုလ်ဝေစု ဘုရားတစ်ဆူလျှင် (၁) သိန်း ကျပ်

ဆက်သွယ်နိုင်သောဖုန်းနံပါတ် – ဒေါက်တာ ဒေါ်ပညာသိရီ – ၀၉ ၇၉၉ ၆၆၈ ၂၂၀ ၊ ၀၉ ၄၅၀၀ ၄၆၂၉၀ မြောက်ဥက္ကလာ ကမ္ဘောဇဘဏ် PINNYASIRI-KBZ Bank (Account No.070-301-07000085501, 070-501-07000085501) ဘဏ်စာရင်းသို့ နီးစပ်ရာဘဏ်၌ ထည့်သွင်းလှူဒါန်းနိုင်ပါသည်။

---

စိတ်သန့်စင်အေးချမ်းသူကို အလေးအနက် ထပ်ခါထပ်ခါ သတိရနေရင်
ခါတ်ကူးစက်မှုနဲ့ စိတ်တိမ်းညွတ်မှုကြောင့် ကိုယ့်စိတ်လည်း
သန့်စင်အေးချမ်းလာနိုင်ပါတယ်။

နှ လုံး သား တောင် ထိပ် က

# အရဟံစေတီ

# အရှင်ဆန္ဒာဓိက

ရွှေပါရမီတော်ရ

ရွှေပါရမီ
စာစဉ် (၄၇)

ထွက်ပြီ

☎ ၀၉ ၄၂၀၃၂၀၅၀၀၊ ၀၉ ၅၁၉၇၆၅၉

---

အင်္ဂလိပ်စာဘာသာရပ်မှာ ..... အမှတ်များလိုသူများ အတွက်

# ဂုဏ်ထူးဦးအောင်ခိုင်

2018 English Question 5 Sets

၂၀၁၈ တက္ကသိုလ်ဝင် အင်္ဂလိပ်စာ မေးခွန်း ၅ စုံ

၂၇၂ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်။ 01 252 919, 09 964 252 919

---

# SHOE GALLERY

## " နဝမအကြိမ်မြောက် နှစ်သစ်ကို အလှူလေးနဲ့ကြို "

SHOE GALLERY ၏ Customer များနှင့် ပူးပေါင်းအလှူအနေဖြင့် ( ၂၄.၁၂.၂၀၁၇) မှ (၁.၁.၂၀၁၈) အထိ SHOE GALLERY ၏ ဆိုင်ခွဲများဖြစ်သော Junction-8 နှင့် ဂမုန်းပွင့်(ကမ္ဘာအေး)တို့တွင် ဖိနပ်များအားလုံးကို ( 10% ) Discount ၊ (5000) Discount ချပေးခြင်း ၊ သတ်မှတ်ထားသော ဖိနပ်များအား တစ်ရံဝယ် – ၄၀၀၀၊ နှစ်ရံဝယ် – ၇၀၀၀၊ သုံးရံဝယ်–၁၀၀၀၀ ဖြင့် ရောင်းချပေးသွားမည် ဖြစ်ပါသည်။ ထို (၄)ရက်အတွင်း ရောင်းရငွေအားလုံးကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်( ပညာရေးကွန်ယက် )နှင့် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး ( နှလုံးဆေးကုသဌာန ) သို့ လှူဒါန်းသွားမည်ဖြစ်ပါသောကြောင့် SHOE GALLERY နှင့်အတူကုသိုလ်ပါဝင်လှူဒါန်းနိုင်ရန် မိတ်ဟောင်းမိတ်သစ်များအားလုံးကို ဖိတ်ခေါ်အကြောင်းကြားအပ်ပါသည်။

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

တပ်ကုန်းမြို့နယ်၊အိုင့်ကျယ်၊အထက(၇)၊ နဝမတန်းမှ မောင်လွမ်းမင်းဦး၏ဖခင် ဦးလွမ်းမင်းအောင်(ခ)ဦးမင်းအောင်[၉/တကန(နိုင်)၁၈၃၃၃၂]မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဦးလွမ်းမင်းအောင်(ခ)ဦးမင်းအောင်

---

THE REAL LIVES REAL STORIES

ordinary people with extraordinary stories

volume - 42

ဒီဇင်ဘာ ၂၈-ထွက်ပြီ

၀၉၉-၇၉-၆၀-၆၀-၁၀
၀၉၉-၇၉-၆၀-၆၀-၂၀

■ ဒေါ်အောင်ဆန်းစုကြည်၏ အကျယ်ချုပ်ကာလများအတွင်း တစ်အိမ်တည်း အတူနေထိုင်ခဲ့သူ ဒေါ်ခင်ခင်ဝင်းနှင့် ဘဝခရီးလမ်းကို ပုံစံအမျိုးမျိုးဖြင့် ဖြတ်သန်းနေကြသူများ

■ မိန်းကလေးနှင့် ခွဲမရအောင်တူသည့် မိန်းမလျာမလေးတစ်ဦး၏ ကိုယ်တွေ့ထောင်တွင်း အတွေ့အကြုံများ ■ ကျန်းမာရေးကောင်းစေသော အင်းကွက်ကို စုတ်ထိုးမိရာမှ HIV ကူးစက်ခြင်းခံခဲ့ရသော ဘုန်းတော်ကြီးတစ်ပါး ■ ဆယ်နှစ်ကျော်ကြာ အားကစားလောကနှင့် ကင်းကွာခဲ့ပြီးမှ အရက်နံ့ထဲမှ ရုန်းထွက်ကာ အာရှချန်ပီယံဖြစ်လာသည့် ကာယဗလ သမား ကိုထွန်းထွန်းအောင် ■ ငယ်စဉ်ကတည်းက အမြင်အာရုံချို့တဲ့ခဲ့သော်လည်း အောင်မြင်သော တေးရေးဆရာမဖြစ်လာသူ စိမ့် ■ နဝတခေတ် အစိုးရအရာရှိတစ်ဦး၏ကားကို ခဲဖြင့်ပေါက်ခဲ့မိသည့် စိတ်ရောဂါဝေဒနာရှင်တစ်ဦး၏ ကြေကွဲဖွယ်ရာဇာတ်သိမ်း ■ မုဒိမ်းဖောက်ခံခဲ့မှုများဖြင့် သေဒဏ်နှစ်ကြိမ်ကျခံခဲ့ရသည့် ဖထီးဇောဝါးလေး၏ ဘဝဇာတ်လမ်း

---

နိုင်ငံ့ဒေသသပ်လှပ ဈေးနှုန်းချိုသာသော...
တန်ဖိုးနည်း လုံးချင်းအိမ်များ၊ ဂိုဒေါင်များ၊ ဆိုင်ခန်းများကို အထူးဈေးနှုန်း ချိုသာစွာဖြင့်အချိန်တိုအတွင်းအမြန်ဆုံး ပြီးစီးအောင် ဆောက်လုပ်ပေးနေပါသည်၊

PTG (Yangon) Co.,Ltd

Ph: 09-260222267, 09-260333367

---

## အမြန်ရောင်းမည်။

လားရှိုး-မူဆယ် လမ်းမ၊ သိန္နီလမ်းမပေါ်ရှိ
အလျား ပေ ၉၀ × အနံ ပေ ၅၀
သုံးထပ်တိုက် အမြန်ရောင်းမည်။
ဖုန်း 09 77 22 33 777

---

# ရွှေကိန္နရီ

(MOVING HOUSING SERVICE)

အိမ်ပြောင်း၊ အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း

ကားကြီး၊ ကားငယ်

ဆိုဒ်စုံများနှင့် အလုပ်သမားများအပါ တပါတည်း ပြောင်းရွှေ့ပေးသည်၊

(မြို့တွင်း / နယ်ဝေး)

09-2532 77776
09-2532 66667
09-2532 66668
09-2532 66669

---

STARFISH Education

KAPLAN Certified Education Provider

World Class Training for IELTS®, TOEFL®, SAT®, GMAT®, GRE®

IELTS®, TOEFL®, SAT® အမှတ်ကောင်းရလိုသူများအတွက် Intake တိုင်းတွင် ထူးချွန်ကျောင်းသား/သူများ မွေးထုတ်ပေးနေသော STARFISH Education ကို ရွေးချယ်လိုက်ပါ။

လစဉ်တန်းခွဲသစ်များရှိသည်

January Intake အတွက် Placement Test များ လာရောက်ဖြေဆိုနိုင်ပါပြီ။

No. (3-B), Power Condo, Insein Road, Hledan, Kamaryut Township, Yangon.

Enroll Now 09 777264230~31




---

စမ်းချောင်းမြို့နယ်၊
ပြည်လမ်းမပေါ်ရှိ
KBZ Tower ၅ လွှာတွင်
ရုံးခန်းရောင်းရန်ရှိသည်။
ဆက်သွယ်ရန်
01 925 3720-2
09 4556 33810

---

Imported from Singapore www.goldenedensleepsolutions.sg



GOLDEN EDEN® SLEEP SOLUTIONS

Bedsheet | Comforter | Pillow | Bolster

Year end sale selected item up to 25% off

While stock last

Authorized Sole Distributor in Myanmar
Kaday Myaing Co., Ltd
Bldg 31, Rm.no 5, Sabai St, Near Yuzana Plaza. Ph: 01 203671, 205756

Place : Junction Square
Date : 28 to 29 December 2017

## International Glass Co.,Ltd

### အထူး ဂုဏ်ယူဝမ်းမြောက်ကျေးဇူးတင်ရှိခြင်း

ကျွန်တော်များ International Glass Co.,Ltd (ကျောက်ဆည်)မှထုတ်လုပ်သောမှန် (Clear Glass, Solar Glass) များအား စတင်ထုတ်လုပ်သည့် အချိန်မှစ၍ ယခုအချိန်ထိ အရောင်းကိုယ်စားလှယ်ကြီးများ (Distributors)အဖြစ် ပူးပေါင်းပါဝင် ဆောင်ရွက်မှုနှင့် International Glass Co.,Ltd မှ ချီးမြှင့်သောအကျိုးတူခံစားခွင့်များ ရရှိခြင်းအတွက် အောက်ပါအရောင်းကိုယ်စားလှယ်ကြီးများအား အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ဂုဏ်ပြုမှတ်တမ်း တင်အပ်ပါသည် -

(1) Shwe Kyae Glass Trading (mdy)

(2) Landmark Enterprise Ltd - Asahi - Land Glass Center (YGN)

(3) Mahar Lin Htet Trading Co.,Ltd (YGN)

(4) Singapore Glass Trading (MDY)

(5) Toe Tet Aung Glass and UPVC Distribution (Soe Moe Khaing - YGN)

ဂုဏ်ပြုညစာစားပွဲသို့တက်ရောက်သော အရောင်းကိုယ်စားလှယ်ကြီးများအား အထူးကျေးဇူး ဥပကာရတင်ရှိပါကြောင်းနှင့် စီးပွားဥစ္စာများစွာ တိုးတက်ပါစေရန် နှစ်သစ်ဆုမွန်ကောင်း တောင်းအပ်ပါသည်။

International Glass Co.,Ltd
(ကျောက်ဆည်မှန်)

## International Glass Co.,Ltd

### အထူး ဂုဏ်ယူဝမ်းမြောက်ကျေးဇူးတင်ရှိခြင်း

ကျွန်တော်များ International Glass Co.,Ltd (ကျောက်ဆည်)မှထုတ်လုပ်သောမှန် (Clear Glass, Solar Glass) များအား စတင်ထုတ်လုပ်သည့် အချိန်မှစ၍ ယခုအချိန်ထိ အရောင်းကိုယ်စားလှယ်ကြီးများ (Distributors)ထံမှ ဝယ်ယူအားပေးပြီး တစ်ဆင့်ပြန်လည် ဖြန့်ဖြူးရောင်းချပေးပါသော ကုန်သည်ကြီးများနှင့် International Glass Co.,Ltd မှ ချီးမြှင့်သောအကျိုးတူခံစားခွင့်များ ရရှိခြင်းအတွက် အောက်ပါကုန်သည်ကြီးများအား အထူး ဂုဏ်ယူဝမ်းမြောက်ကြောင်း ဂုဏ်ပြုမှတ်တမ်း တင်အပ်ပါသည် -

(၁) စွမ်းအားသျှင် မှန်အမျိုးမျိုးဖြန့်ချိရေး

(၂) ချယ်ရီမြင့် မှန် နှင့် အလူမီနီယံတပ်ဆင်ရောင်းဝယ်ရေး (ယခင် စုပေါင်းမှန်ဆိုင်)

(၃) Sky မှန်အမျိုးမျိုးရောင်းဝယ်ရေး

(၄) ပါရမီ မှန်အမျိုးမျိုးရောင်းဝယ်ရေး

(၅) ရောင်နီဦး မှန်အမျိုးမျိုးရောင်းဝယ်ရေး

ဂုဏ်ပြုညစာစားပွဲသို့တက်ရောက်သော ကုန်သည်ကြီးများအားလုံးအား အထူးကျေးဇူး ဥပကာရတင်ရှိပါကြောင်းနှင့် စီးပွားဥစ္စာများစွာ တိုးတက်ပါစေရန် နှစ်သစ်ဆုမွန်ကောင်း တောင်းအပ်ပါသည်။

International Glass Co.,Ltd
(ကျောက်ဆည်မှန်)

ကြေးမုံ



# တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေးနှင့် ကုန်သွယ်မှုပြပွဲ လာရောက်လေ့လာဝယ်ယူသူများဖြင့် အထူးစည်ကား

**ရွှေလီ ဒီဇင်ဘာ ၂၇**

(၁၆)ကြိမ်မြောက် တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေးနှင့် ကုန်သွယ်မှုပြပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ရွှေလီမြို့ ကျင့်ချိန်ကျောက်မျက်ရတနာ ပြတိုက်၌ ဆက်လက်ကျင်းပရာ စီးပွားရေးလုပ်ငန်းရှင်များ၊ ခင်းကျင်းပြသကြသည့် မြန်မာနှင့် တရုတ်နိုင်ငံတို့မှ ကုန်သည်လုပ်ငန်းရှင်များနှင့် လာရောက်လေ့လာကြည့်ရှုဝယ်ယူသူများဖြင့် သက်ဝင်လှုပ်ရှားစည်ကားလျက်ရှိသည်။

တရုတ်-မြန်မာ ကုန်စည်ပြပွဲတွင် တရုတ်နိုင်ငံဘက်မှ စက်မှုလက်မှု ထုတ်ကုန်ပြခန်းများ၊ လူသုံးကုန်ပစ္စည်းပြခန်းများ၊ ပရိဘောဂပစ္စည်းပြခန်းများ၊ စားသောက်ကုန်ပစ္စည်းပြခန်းများ အပါအဝင် ပြခန်းပေါင်း ၁၅၀ ကျော်ကို ခင်းကျင်းပြသထားရာ မြန်မာလုပ်ငန်းရှင်များနှင့် လာရောက်လေ့လာဝယ်ယူသူများက စိတ်ဝင်တစား လေ့လာကြည့်ရှုဝယ်ယူလျက်ရှိကြသည်။

ထို့အတူ မြန်မာနိုင်ငံဘက်မှလည်း ခရီးသွားဝန်ဆောင်မှုလုပ်ငန်းပြခန်း၊ စီမံကိန်းလုပ်ငန်းပြခန်း၊ တိုင်းရင်းဆေးပြခန်း၊ မြန်မာ့ရိုးရာလက်မှုထည်ပြခန်း၊ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းပြခန်း၊ ရေထွက်ကုန်ပစ္စည်းပြခန်း၊ ကျောက်မျက် အချောထည်ပြခန်း၊ သစ်အချောထည်ပစ္စည်းပြခန်း၊ ဘဏ်ဝန်ဆောင်မှုပြခန်း စသည်ဖြင့် ကုမ္ပဏီပေါင်း ၃၉ ခုက ပြခန်းပေါင်း ၅၄ ခန်းကို ခင်းကျင်းပြသထားကြောင်း သိရသည်။

အဆိုပါပြပွဲသို့ တရုတ်စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများ နေ့စဉ် ၂၀၀၀ ကျော် လာရောက်ကြည့်ရှုလေ့လာကြပြီး မြန်မာနိုင်ငံမှ ခင်းကျင်းပြသထားသော ထုတ်ကုန်ပစ္စည်းများအနက် ထုတ်ကုန်ပစ္စည်းသစ်များ ဖြစ်သည့် လျှော်ဖြူနှင့် ငှက်သိုက်ထုတ်ကုန်များကို လာရောက်လေ့လာကြသူများက အထူးစိတ်ဝင်တစား ဝယ်ယူအားပေးကြကြောင်း သိရသည်။

"ဒီပြပွဲမှာ လျှော်ဖြူနဲ့ ငှက်သိုက်ထုတ်ကုန်တွေကို လေ့လာဝယ်ယူကြသူတွေ တော်တော်လေးများကြတာကို **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✪



**ရွှေလီမြို့ ကျင့်ချိန်ကျောက်မျက်ရတနာပြတိုက်၌ ကျင်းပသည့် တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေးနှင့် ကုန်သွယ်မှုပြပွဲတွင် လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။**

# ဦးပိန်တံတားနှင့် တောင်သမန်အင်းအနီး LED မီးအလှဆင်ပြသပွဲ ပြည်တွင်း ပြည်ပမှ နေ့စဉ် လာရောက်ကြည့်ရှုသူ လေးထောင်နီးပါးရှိ

**မန္တလေး ဒီဇင်ဘာ ၂၇**

ပြည်တွင်း ပြည်ပ ခရီးသွားများနှင့် မန္တလေးဒေသခံပြည်သူများ စိတ်အပန်းပြေမှုရရှိစေရန်အတွက် ဦးပိန်တံတားနှင့် တောင်သမန်အင်းအနီးတွင် သုံးပန်လှ အလှတရားများနှင့်ပေါင်းစပ်၍ Myanmar LED Beautiful World အစီအစဉ်ဖြင့် LED မီးလုံး သန်း ၈၀ ကျော် ချိတ်ဆွဲအလှဆင်ပြသမှုကို နေ့စဉ် လာရောက်ကြည့်ရှုခံစားသူ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❒



# မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းများ ရာသီကြိုခြေစမ်းပွဲ ယှဉ်ပြိုင်ကစား

**ရန်ကုန် ဒီဇင်ဘာ ၂၇**

၂၀၁၈ ရာသီအတွက် လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်နေသည့် မြန်မာ နေရှင်နယ်လိဂ်ကလပ်အသင်းများသည် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းက ရာသီကြိုခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့သည်။

ရာသီကြိုခြေစမ်းပွဲများတွင် ဇွဲကပင်၊ မကွေး၊ ဧရာဝတီ၊ Southern နှင့် ရန်ကုန်အသင်းတို့ အနိုင်ရခဲ့ပြီး နာမည်ကြီးအသင်းများဖြစ်သည့် ရှမ်းယူနိုက်တက်နှင့် ရတနာပုံအသင်းတို့ ရှုံးပွဲကြုံတွေ့ခဲ့သည်။ ဇွဲကပင်အသင်းသည် ရတနာပုံအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ကစားခဲ့ပြီး ပထမဆုံးနိုင်ပွဲရယူနိုင်ခဲ့သည်။ ဇွဲကပင်အတွက်ဂိုးများကို ပြုံးချို မောင်မောင်ဝင်းနှင့် ဆောင်တို့က သွင်းယူခဲ့ပြီး ရတနာပုံအတွက် ချေပဂိုးကို ဝင်းနိုင်စိုးက သွင်းယူခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းမှာမူ Southern အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် မထင်မှတ်ဘဲ ရှုံးနိမ့်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ရာသီကြိုခြေစမ်းပွဲ လေးပွဲမြောက်ကစားရာတွင် ဒုတိယမြောက် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ Southern အသင်းအတွက် ဂိုးများကို ဒီမီထရီ၊ ရဲထက်အောင်၊ သက်ပိုင်စိုးနှင့် သန်းဇော်မျိုးတို့က သွင်းယူခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအတွက် ဂိုးများကို နေလင်းထွန်းနှင့် ရွှေကိုတို့က သွင်းယူပေးခဲ့သည်။ ဧရာဝတီအသင်းသည် မြန်မာ ယူ-၁၆ အသင်းနှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားရာ ခေါ်ယူစမ်းသပ်နေသည့် နိုင်ငံခြားသားတိုက်စစ်မှူး မိုက်ကယ်၏ သွင်းဂိုးများဖြင့် နှစ်ဂိုးပြတ်အနိုင်ရခဲ့သည်။ အခြားပွဲတွင် မကွေးအသင်းက ရခိုင်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ညနေပိုင်း၌ ယှဉ်ပြိုင်ကစားသည့်ခြေစမ်းပွဲတွင် ရန်ကုန်အသင်းက GFA အသင်းကို ခုနစ်ဂိုး-တစ်ဂိုး ဖြင့် အနိုင်ရခဲ့သည်။ **ဖိုးသော်ဇင်**

